# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ၂၀၁၉ ခုနှစ်၊ မေ ၂၄ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၂၃၆)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး **Mr. Filippo Grandi** ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် UNHCR မှ ကူညီပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့အကြား ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေး၊ နားလည်မှုစာချွန်လွှာအရ အသိုက်အဝန်းအခြေပြု စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ထိုင်း-မြန်မာနယ်စပ်ရှိ ယာယီစခန်းများတွင် နေထိုင်လျက်ရှိသည့် မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများကိစ္စ၊ မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် UNHCR မှ ကူညီပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

**ဘီနင်၊ ကွန်ဂို၊ တိုဂိုနိုင်ငံ သုံးနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး ထူထောင်ပေးရန် အဆိုပြုချက်ကို လွှတ်တော်က သဘောတူအတည်ပြု**

ပြည်ထောင်စုလွှတ်တော် စာ » ၆

**သီရိလင်္ကာ၌ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်ခဲ့သော်လည်း သတင်းမှားများ ပျံ့နှံ့**

နိုင်ငံတကာသတင်း စာ » ၁၄

**ဧရာဝတီတိုင်းဒေသကြီး၌ စံပြရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ရာဇုန်ကြီးတစ်ခု ပေါ်ထွန်းလာတော့မည်**

ပြည်တွင်းသတင်း စာ » ၁၉


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# မိုးကြို၊ မိုးဦးကာလနှင့် မိုးကြိုးအန္တရာယ်

မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြားတွင် နေ့အပူချိန်များ မြင့်တက်နေခြင်းနှင့်အတူ မိုးကြိုကာလ၏ တစ်နေ့တာ မိုးလေဝသလှုပ်ရှားပြောင်းလဲမှုများကလည်း နေ့စဉ်မပြတ် ဖြစ်ပေါ်နေသည်။ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်ဖြစ်စဉ်များကြောင့် လူနေရပ်ရွာများတွင် အဆောက်အဦပျက်စီးမှုများ၊ သစ်ပင်လဲကျခြင်း၊ ဓာတ်အားလိုင်းတိုင်များနှင့် ဆက်သွယ်ရေးတိုင်များ ထိခိုက်ပျက်စီးခြင်း၊ ကျွဲ နွား တိရစ္ဆာန်နှင့် လူတို့ ထိခိုက်ဒဏ်ရာရသေဆုံးခြင်းတို့မှာ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည်။ ယခုရက်ပိုင်းအတွင်းမှာပင် မိုးကြိုးပစ်မှုကြောင့် အသက်ဆုံးရှုံးမှုများရှိလာပြီဖြစ်ရာ မိုးကြိုးအန္တရာယ်မှ ရှောင်ရှားနိုင်ရေးအတွက် ဂရုပြုကြရန် နှိုးဆော်လိုသည်။ အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူများမှာ လယ်ကွင်း၊ လွင်တီးခေါင်များနှင့် အင်းကဲ့သို့သော ရေပြင်ကျယ်နေရာ ဒေသများမှာ နေထိုင်လုပ်ကိုင်အသက်မွေးကြရသူများဖြစ်သဖြင့် မိုးကြိုး၏ သဘောသဘာဝကို သိထားသင့်ကြသည်။

မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည်တို့မှာ မိုးကြိုကာလ၊ မိုးဦးကာလတို့တွင် အဖြစ်များကြသည်။ ယင်းသို့သောကာလတွင် မိုးတိမ်၏အောက်ခြေတွင် လျှပ်စစ်အမဓာတ်များ ဖြစ်ပေါ်စုဝေးလာကြပြီး တစ်ချိန်တည်းမှာပင် မြေပြင်ပေါ်၌ လျှပ်စစ်အဖိုဓာတ်များဖြစ်ပေါ်စုဝေးလာကြကာ ရင်ဆိုင်မိကြသည်။ မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် မိုးတိမ်များရွေ့လျားကြသည့်အခါ မိုးတိမ်တိုက်၏ အောက်ခြေတွင် စုဝေးနေသော လျှပ်စစ်အမဓာတ်များက မိုးကောင်းကင်မှ ရွေ့လျားကြပြီး မြေပြင်မှ လျှပ်စစ်ဓာတ်ဖိုများကလည်း မြေပြင်မှ လိုက်ပါရွေ့လျားသွားကြသည်။ ယင်းသို့ ရွေ့လျားကြရင်း ဓာတ်ဖိုများသည် မြေပြင်ပေါ်ရှိ မြင့်သောအရာဝတ္ထုများဖြစ်သည့် ဓာတ်တိုင်၊ အလံတိုင်များ၊ သစ်ပင်များ၊ အဆောက်အအုံများ စသည်တို့၏ ထိပ်ဆုံးများပေါ်အထိ တက်ရောက်လာကြပြီး စုဝေးမိသည့်အခါ လျှပ်စစ်ဓာတ် အဖိုနှင့် အမတို့ ခုန်ကူးပေါင်းစပ်ကြသည်။ ဤသို့ဖြစ်သည့် ဖြစ်စဉ်သည်ပင် မိုးကြိုးပစ်ခြင်းဖြစ်သည်။

သို့ဖြစ်သည့်အလျောက် မိုးကြိုကာလ၊ မိုးဦးကျနှင့် ရာသီဥတုဖောက်ပြန်သည့်ကာလများတွင် မိုးကြိုးပစ်သည့်ဖြစ်စဉ်များ အဖြစ်များပြီး မြင့်မားသည့် အဆောက်အအုံများ၊ သစ်ပင်မြင့်ကြီးများ၊ ထိုးထိုးထောင်ထောင်တည်ရှိနေသည့် အရာဝတ္ထုများမှာ မိုးကြိုးပစ်ခံရမည့်အန္တရာယ်နှင့် အလွန်နီးစပ်သည်။ လယ်ကွင်းကျယ်၊ ရေပြင်ကျယ်တို့တွင် တည်ရှိနေသော လယ်တဲ၊ သစ်ပင်၊ ကျွဲ၊ နွား၊ လှေ၊ သင်္ဘော၊ လူ စသည်တို့မှာ လျှပ်စစ်ဓာတ်ဖိုနှင့် ဓာတ်မတို့ ခုန်ကူးသည့် ဗဟိုချက်အဖြစ်နှင့် မိုးကြိုးပစ်ခံရနိုင်သည့် အန္တရာယ်ကြီးမားသည်။ မိုးကြိုးပစ်သည့်အချိန်တွင် လျှပ်စီးအင်အား အမ်ပီယာ သုံးသောင်းခန့်မှ နှစ်သိန်းခန့်အထိ ဖြစ်ပေါ်နိုင်ခြင်းကြောင့် မိုးကြိုးလျှပ်စီး၏ အင်အားမှာ ကြောက်ခမန်းလိလိ ကြီးမားလှသည့်အလျောက် အဆောက်အအုံများကို မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် ကောင်းကင်မြေစိုက်ကြိုးများ၊ မိုးကြိုးလွှဲများကို ပညာရှင်များနှင့် စနစ်တကျ တပ်ဆင်ထားကြရမည်ဖြစ်သည်။

မိမိနေအိမ်ဒေသအနီးတစ်ဝိုက် ထစ်ချုန်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ ဖြစ်ပေါ်နေပြီဆိုလျှင် မိုးကြိုးသည်လည်း နောက်ဆက်တွဲပါလာနိုင်ခြင်းကြောင့် ယင်းအချိန်တွင် ရေသုံးစွဲခြင်း၊ ရေချိုးခြင်း၊ တယ်လီဖုန်းအသုံးပြုခြင်းတို့ကို ရှောင်ရှားရန်၊ သံထည် သတ္တုထည်ပစ္စည်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ အသုံးမပြုရန်၊ မီးခလုတ်၊ မီးပလပ်များ ပိတ်ထား ဖြုတ်ထားရန် ၊ အိမ်အပြင်တွင်ရှိနေသူများ မိုးကြိုးအန္တရာယ်ရှိချိန်တွင် အဆောက်အအုံ/အိမ်အတွင်းဝင်ရန်၊ ကွင်းပြင်၊ သစ်တောတို့ထဲတွင် ရောက်ရှိနေပါက အနိမ့်ပိုင်းနေရာများတွင် အကာအကွယ်ယူရန်၊ လျှပ်စစ်ဆွဲအားကြောင့် ဆံပင်များထောင်လာသည်ဟု ခံစားရပါက ဒူးပေါ်လက်ယှက်တင်၍ ပုဆစ်တုတ်ထိုင်ချရန် စသည့်အချက်အလက်များကို မှတ်သားလေ့လာ လိုက်နာကျင့်သုံးသင့်ကြခြင်းအားဖြင့် မိုးကြိုးအန္တရာယ်မှ ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ၌ ရိုးရာယဉ်ကျေးမှုအကများ တင်ဆက်ကပြမည်

**နေပြည်တော် မေ ၂၃**

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေစေနိုင်ရန်အတွက် မေ ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုယိမ်း အကများ၊ ပဒေသာယိမ်းအကများ၊ အာဆီယံနိုင်ငံများမှ အကများ၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သဖြင့် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။



အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိအချိုးအစားကိုရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ် အဆောက်အအုံများ၊ ရေမြေတောတောင် သဘာဝများ၊ တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများဖြင့် စိတ်ဝင်စားဖွယ်ဖြစ်စေရန် တည်ဆောက် ပြသထားလျက်ရှိသည်။

**သတင်းစဉ်**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၄၁၄၀ ၊ အမျိုးသမီး ၅၀၃၁ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၉၁၇၁ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ခုနှစ် ဧပြီလအတွင်း လက်ခံရရှိမှု ၅၅ မှုတွင် ကျေအေးမှု ခုနစ်မှု၊ လွှဲပြောင်းမှု တစ်မှု၊ ပိတ်သိမ်းမှု ၁၇ မှုနှင့် ငွေကြေး အကျိုးခံစားခွင့်အမှု ၃၀ တို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၇၈ ဦးအား ငွေကျပ် ၃၆၈၁၃၃၇၆ နှင့် အမေရိကန်ဒေါ်လာ ၁၂၀၀ ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၃၀၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၂၃၄ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများကို ပညာပေးဟောပြောပွဲချမှု ၁၈၈ ကြိမ် ဆောင်ရွက်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၈၃၄ ဦးအတွက် ဆေးဖိုး ကုန်ကျငွေကျပ် ၈၉၅ သိန်းကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ် ဧပြီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ (ပြင်ပလူနာ ၇၅၁၄ ဦး၊ အတွင်းလူနာ ၄၇၈ ဦး) ပေါင်း ၇၉၉၂ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီး ဆေးခန်း ၅၆ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းလေးခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်းခြောက်ခန်းတို့မှ ဆေးကုသပေးမှုမှ ၆၅၉၅ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု နှစ်ကြိမ်မှ ၁၃၄၇ ဦးနှင့် လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၇၅ ကြိမ်မှ ၁၉၅၂ ဦးတို့ကို ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*ထင်သာမြင်သာ ပြုပြင်စရာ*

## ဆီဆိုင်မြို့နယ် ကျေးရွာချင်းဆက်ရွှေတဂူသစ်သားတံတား ပျက်စီးနေ၍ အမြန်ပြုပြင်ပေးစေလို

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စုအတွင်းရှိ နောင်စကာကျေးရွာနှင့် ရွှေတဂူဘုရားအကြား ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နမ့်တဘက်ချောင်းမကြီးအား ဖြတ်ကျော်တည်ဆောက်ထားသည့် ရွှေတဂူသစ်သားတံတားကြီးသည် နှစ်ပေါင်း ၅၀ ကျော် သက်တမ်းရှိပြီဖြစ်သည်။ ယခုအခါ တံတားအောက်ခြေတိုင်များ၊ ခင်းကျင်းထားသော သစ်သားများ၊ ဆွေးမြည့်ပျက်စီးနေပြီး တံတားတစ်စင်းလုံးမှာလည်း ခိုင်ခံ့မှုမရှိတော့ဘဲ ပြိုလဲကျသွားမည်ကို ဒေသခံပြည်သူများ စိုးရိမ်ပူပန်လျက်ရှိသည်။

"တံတားက မကောင်းတော့ ကုန်တွေအများကြီးတင်လို့မရတော့ဘူး။ ကားအသေးတောင်မကူးရဲတော့ဘူး။ လူ သုံးယောက် လေးယောက်လောက်ကူးတာတောင် တံတားက ခါရမ်းနေတော့ စိုးရိမ်တယ်။ ဝမ်ပော့သဘာဝရေပူနဲ့ သမိုင်းဝင်ဘုရားဖြစ်တဲ့ ရွှေတဂူဘုရားကို လာရောက် ဖူးမြော်ချင်ကြတဲ့ ခရီးသွားပြည်သူတွေရှိပေမယ့် တံတားက မကောင်းတော့မလာရဲကြဘူး။ တချို့က တံတားကို ဖြတ်မမောင်းရဲလို့ ကားထားခဲ့ပြီး လမ်းလျှောက်သွား ကြတဲ့သူတွေလည်းရှိပါတယ်"ဟု နောင်စကာကျေးရွာမှ ဦးဝင်းလှိုင်က ပြောသည်။

လက်ရှိတံတားသည် အရှည်ပေ ၁၅၀၊ အကျယ် ၁၄ ပေ၊ အမြင့်ပေ ၂၀ ရှိပြီး ကျေးရွာသူ ကျေးရွာသားများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော သစ်သားတံတားအမျိုးအစားဖြစ်သည်။

အဆိုပါတံတားကြီးကို နောင်စကာ၊ ဝမ်ပော့၊ နောင်ပါရင်၊ ဟိုခဲ(ကယန်း)၊ လွယ်စဲ့နှင့် ကောင်ထိုကျေးရွာတို့မှ ဒေသခံပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အဓိကအားထားရသော တံတားတစ်စင်းဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။



ပျက်စီးနေသည့် ရွှေတဂူသစ်သားတံတားကို တွေ့ရစဉ်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာကိစ္စဆွေးနွေး

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mrs. Suphatra Srimaitree-phithak အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာကိစ္စ၊ အလုပ်သမားရေးရာကိစ္စ၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာစေရေးဆောင်ရွက်နေမှုများနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးလျက်ရှိမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး **Mrs. Suphatra Srimaitreephithak** အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# နော်ဝေနိုင်ငံသို့ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂ အထူးကိုယ်စားလှယ်များ၊ Norwegian People’s Aid အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံ

နေပြည်တော် မေ ၂၃

**ပဋိပက္ခများအတွင်း လိင်အကြမ်းဖက်မှုအဆုံးသတ်ရေး နိုင်ငံတကာညီလာခံတက်ရောက်ရန် နော်ဝေနိုင်ငံ အော်စလိုမြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မေ ၂၂ရက် မွန်းလွဲပိုင်းတွင် ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten၊ Norwegian People’s Aid အဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် Ms. Henriette Killi Westhrin၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener တို့နှင့် သီးခြားစီတွေ့ဆုံသည်။**

**ကွန်ရက်များနှင့် ချိတ်ဆက်**

ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten နှင့် အော်စလိုမြို့ Radisson Blu Hotel သီးသန့်ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်တားဆီးရေး ဥပဒေချမှတ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပဋိပက္ခများတွင် အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေသည့်အခြေအနေ၊ အဆိုပါကာကွယ်တားဆီးရေးအတွက် လုပ်ငန်းစီမံချက်ရေးဆွဲနေမှုနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းမှု အခြေအနေ၊ လိင်အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် UNFPA၊ UNWOMEN အဖွဲ့အစည်းတို့အပြင် ပြည်တွင်းရှိ အမျိုးသမီးရေးရာအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေ၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် အစိုးရတို့ပူးပေါင်းဆောင်ရွက်ရေး သဘောတူလက်မှတ်ထိုးထားမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

**ဆွေးနွေး**

Norwegian People’s Aid အဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် Ms. Henriette Killi Westhrin နှင့်အဖွဲ့တို့အား အော်စလိုမြို့ မြန်မာနိုင်ငံဆိုင်ရာ သံရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် Norwegian People’s Aid အဖွဲ့နှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာရေးထိုးရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ အရှိန်မြှင့်တင်ရေး စီစဉ်ဆောင်ရွက်မှု၊ Norwegian People’s Aid အဖွဲ့၏ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် ပူးပေါင်း၍ မိုင်းရှင်းလင်းရေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ကျင်းပမှု အခြေအနေ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်စေလွှတ်မည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဆိုပါအစည်းအဝေးခန်းမတွင် ဆက်လက်တွေ့ဆုံ ဆွေးနွေးသည်။

**အကြမ်းဖက်မှု ကာကွယ်**

ထိုသို့တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သတင်းအချက်အလက်စာလွှာ (Fact sheet) များ စီစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ UNHCR အဖွဲ့နှင့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးမည့် အခြေအနေ၊ ဒုက္ခသည်စခန်းများပိတ်သိမ်းနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်မည့်အခြေအနေ၊ ပြန်လည်လက်ခံရေးလုပ်ငန်းများအပေါ် အာဆီယံအဖွဲ့အစည်း၏ ပူးပေါင်းမှုအခြေအနေ၊ ကလေးသူငယ်အခွင့်အရေးများအတွက် ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပဋိပက္ခများအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၁၆/၂၀၁၉) ကျင်းပ

**နေပြည်တော်  မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး (၁၆/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဒုတိယဥက္കဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**လွိုင်ကော်  မေ ၂၃**

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) ကို ယနေ့နံနက် ၁၀ နာရီခွဲက ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ(ပြည်နယ်ဝန်ကြီးချုပ်)၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ကော်မတီအတွင်းရေးမှူး (ရင်းနှီး၊ ကုမ္ပဏီညွှန်ကြားရေးမှူး) နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အစည်းအဝေး၌ ကော်မတီအတွင်းရေးမှူးက တင်ပြရာတွင် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၏ ဦးဆောင်မှုဖြင့် ကော်မတီအစည်းအဝေးအား တစ်ပတ်တစ်ကြိမ် ဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရန်အတွက် LED ဘုတ်များမှတစ်ဆင့် အသိပေးကြော်ငြာလျက်ရှိကြောင်း၊ ကော်မတီအဖွဲ့ဝင်များ အနေနှင့် ပြည်နယ်အတွင်း မာဘယ်လ်ကျောက်ထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်၍ ရုပ်သံရိုက်ကူးရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ ချမ်းမြေ့ချိုကုမ္ပဏီတည်းခိုရိပ်သာလိုင်စင်မှ ဟိုတယ်လုပ်ငန်းလိုင်စင်သို့ အဆင့်မြှင့် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။



ဆက်လက်၍ လွိုင်ကော်မြို့ စက်မှုဇုန်မြေငှားဂရန်ရရှိရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဘော်လခဲမြို့နယ်တွင် ကန္တား၊ ကယက်အပန်းဖြေစခန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ဒီးမော့ဆိုမြို့နယ်ရှိ လွိုင်နန်းဖတောင်နှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်မည့်ကိစ္စရပ်များကိုလည်းကောင်း၊ နန္ဒဝန်ကုမ္ပဏီမှ လွိုင်ကော်စက်မှုဇုန်ဝင်းတွင် ဘက်ထရီအိုးဟောင်းများမှ ခဲသတ္တုသန့်စင်ပြီး ပြည်ပသို့တင်ပို့ဆောင်ရွက်လိုသည့်ကိစ္စရပ်များကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု ရင်းနှီးလုပ်ကိုင်ရန်အတွက် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Orchestra Co.,Ltd မှ ဟိုတယ်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

## ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၀/၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်**
**(၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်)**

**ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီးဦးတေဇထွန်းလှိုင်ထွေးကို ယင်း၏ သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့် ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားဘဏ်ရွေးချယ်ရေးအတွက် အကြံပေးလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူ

၁။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် ဘဏ်လုပ်ငန်းကဏ္ဍ (Banking Sector) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံခြားဘဏ်များမှ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဆောင်ရွက်ခြင်းကို တတိယအကြိမ်အဖြစ် ခွင့်ပြုပေးသွားရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့က နိုင်ငံခြားဘဏ်များကို စိစစ်ရွေးချယ်ရာ၌ မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသည့် နိုင်ငံတကာအကြံပေးကုမ္ပဏီတစ်ခုအားငှားရမ်း၍ အကြံပေးသည့်ဝန်ဆောင်မှုကိုရယူရန် ဆုံးဖြတ်ခဲ့ပါသည်။ ၁၆-၅-၂၀၁၉ ရက်နေ့တွင် ကျင်းပသော နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄) မှ အဆိုပါကိစ္စနှင့်ပတ်သက်၍ အကြံပေးကုမ္ပဏီများသို့ ပေးပို့မည့် အဆိုပြုချက်တောင်းခံလွှာ (Request for Proposal - RFP) ကို အတည်ပြုခဲ့ပြီး ယင်းအဆိုပြုချက်တောင်းခံလွှာကို မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသည့် အကြံပေးကုမ္ပဏီ (၈)ခုသို့ ပေးပို့ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ အထက်ပါဆုံးဖြတ်ချက်အရ နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့သည် အတည်ပြုထားသည့် အဆိုပြုချက်တောင်းခံလွှာ (Request for Proposal-RFP) ကို အောက်ဖော်ပြပါ အကြံပေးကုမ္ပဏီ (၈) ခုသို့ ၂၃-၅-၂၀၁၉ ရက် (ကြာသပတေးနေ့)တွင် ပေးပို့ခဲ့ပါသည်-

(က) Deloitte Touche Myanmar Vigour Advisory Limited
(ခ) Pricewaterhouse Coopers (PWC) Myanmar Co., Ltd.
(ဂ) EY UTW Advisory Limited
(ဃ) KPMG Advisory (Myanmar) Ltd.
(င) Roland Berger Co., Ltd.
(စ) Allen & Gledhill Co., Ltd.
(ဆ) Rajah & Tann NK Legal Co., Ltd.
(ဇ) Baker & Mckenzie Co., Ltd.

**နိုင်ငံခြားဘဏ်ရွေးချယ်ရေးအဖွဲ့**

# ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော်  မေ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees-UNHCR) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က ယနေ့ရေးထိုးသည့် နားလည်မှုစာချွန်လွှာသည် အဖွဲ့အစည်းနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်တစ်ခုဖြစ်ပြီး အသေးစိတ်လုပ်ငန်းစဉ်များကို ထပ်မံညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ MoU အရ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများရှိပါကလည်း မိမိတို့ဝန်ကြီးဌာနအား ဦးစွာအသိပေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ အခက်အခဲများ ရှိခဲ့လျှင်လည်း ညှိနှိုင်းပူးပေါင်း၍ အဖြေရှာကြရန်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လူသားချင်း စာနာကူညီမှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ရသကဲ့သို့ တစ်ဖက်တွင်လည်း ဘေးသင့်ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့ကိုပါ ဦးစားပေးလုပ်ဆောင်ရပါကြောင်း၊ UNHCR နှင့် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသောရွှေ့ပြောင်းအလုပ်သမားများအား ပြန်လည်လက်ခံခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ထောက်ပံ့ခြင်းနှင့် လူသားချင်းစာနာမှု အကူအညီများ ပံ့ပိုးပေးခြင်းလုပ်ငန်းများတွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UNHCR ၏ မဟာမင်းကြီး Mr. Filippo Grandi က MoU လက်မှတ်ရေးထိုးနိုင်သည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ဒုတိယဝန်ကြီး၏ အဖွင့်အမှာစကားနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံသို့ မိမိလာရောက်စဉ်အချိန်အတွင်း လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ပေးခဲ့သည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် UNHCR ၏ မဟာမင်းကြီး Mr. Filippo Grandi နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်တို့က နားလည်မှုစာချွန်လွှာကို အပြန်အလှန် လက်မှတ်ရေးထိုး **(အပေါ်ပုံ)** လဲလှယ်ခဲ့ကြသည်။




အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ UNHCR ၏ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးတို့အတွက် TBC ၊ RBC နှင့် HLC ကဲ့သို့သော နှစ်နိုင်ငံအဆင့်အလိုက် အစည်းအဝေးများ နှစ်စဉ်ကျင်းပပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများအား ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့် ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။(**အပေါ်ပုံ**)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နယ်စပ်ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ လတ်တလော တိုက်ပွဲရှောင် ပြည်သူများအတွက် စားဝတ်နေရေး ထောက်ပံ့ကူညီပေးရေးကိစ္စ၊ တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စ၊ နိုင်ငံရွှေ့ပြောင်းအလုပ်သမားများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ပေးရန် စီစဉ်ထားရှိမှုများ၊ တောင်ပေါ် IDPs စခန်း (မြေပုံမြို့နယ်) ပိတ်သိမ်းနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်နေမှုနှင့် ကျန် IDPs စခန်းများ ပိတ်သိမ်းရေးအတွက် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။


**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် လမ်း၊ တံတားတည်ဆောက်ရေးဆိုင်ရာများ၊ ဥမင်လိုဏ်ခေါင်းဖောက်လုပ်ရာတွင် အကူအညီပေးရေးကိစ္စရပ်များ၊ ကလေးသူငယ်များအတွက် လုံခြုံစိတ်ချရသော စာသင်ကျောင်း Design များ ဖြစ်ပေါ်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်နေမှုများနှင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး **Mr. Tim Enderlin** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး နေပြည်တော်၌ ကျင်းပ

**နေပြည်တော် မေ ၂၃**

လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ယနေ့ အစည်းအဝေးတွင် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရေး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အခြေခံဈေးနှုန်းအောက်နိမ့်ကျနေမှုနှင့်စပ်လျဉ်း၍ ကာလတို၊ ကာလလတ် အစီအမံများရေးဆွဲထားရှိမှုကို ပြန်လည်တင်ပြရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စပါးတစ်ဧက ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် တစ်တင်းထုတ်လုပ်မှု ကုန်ကျစရိတ်တို့ကို အတည်ပြုနိုင်ရေး ကိစ္စများကို တက်ရောက်လာကြသူများ အနေဖြင့် အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အစည်းအဝေးသို့တင်ပြထားသည့် အမှာစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**



**ဒုတိယဝန်ကြီး ဦးအောင်ထူး လယ်ယာထွက်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

**မိုး/ဇလ**

# ဘီနင်၊ ကွန်ဂို၊ တိုဂိုနိုင်ငံ သုံးနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး ထူထောင်ပေးရန် အဆိုပြုချက်ကို လွှတ်တော်က သဘောတူအတည်ပြု

**နေပြည်တော် မေ ၂၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြေကြားစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေးစဉ်။

**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပါဝင်မှုရာခိုင်နှုန်း အများဆုံးကဏ္ဍများအနေဖြင့် လယ်ယာကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့ဖြစ်

ထို့နောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် အမျိုးသားစီမံကိန်းအပေါ်တွင် ကဏ္ဍအလိုက်စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ဆက်သွယ်ရေးကဏ္ဍမှအပ ကျန်ကဏ္ဍများတွင် ၅၀ ရာခိုင်နှုန်းကျော်နှင့် ၅၀ ရာခိုင်နှုန်းပတ်ဝန်းကျင်တွင် အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ကဏ္ဍအလိုက် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပါဝင်မှုရာခိုင်နှုန်း အများဆုံးကဏ္ဍများအနေဖြင့် လယ်ယာကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့ဖြစ်ပါကြောင်း၊ တိုးတက်မှုနှုန်းမြင့်မားသည့် ကဏ္ဍများအနေဖြင့် စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ၂၀၁၈ - ၂၀၁၉ဘဏ္ဍာနှစ် ပထမ (၆) လပတ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ၅၀ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တိုးတက်မှုနှုန်းအနေဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှအပ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးတက်မှုများ ရှိခဲ့ပါကြောင်း၊ ယခုတင်ပြသည့် အစီရင်ခံစာသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မူဝါဒများ၊ ဦးစားပေးကဏ္ဍများ သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ခြုံငုံသုံးသပ်တင်ပြထားခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍ၊ ဒေသချိတ်ဆက်မှုအားကောင်းစေရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိ အကောင်အထည်ဖော်ဆဲနှင့် ရေးဆွဲဆောင်ရွက်မည့်ကဏ္ဍနှင့် ဦးတည်ချက်များအလိုက် စီမံကိန်းနှင့် မူဝါဒများအပေါ်တွင်အခြေခံ၍ နိုင်ငံတော်၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့် ကမ္ဘာ့ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် ပန်းတိုင်များကို ချိတ်ဆက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက တင်ပြပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန်ရှိကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈- ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ** နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက တင်ပြပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန်ရှိကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံနှင့် ဘီနင် သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံ၊ တိုဂိုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံ၊ တိုဂိုသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ရန်ကိစ္စ** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း**က ယခု သံတမန်အဆက်အသွယ်ပြုလုပ်မည့် အာဖရိက သုံးနိုင်ငံနှင့် သံတမန်အဆက်အသွယ် ထူထောင်ထားခြင်းအားဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ပါကြောင်း၊ ဘီနင်၊ ကွန်ဂိုနှင့် တိုဂိုသုံးနိုင်ငံ၏ အဓိက သွင်းကုန်ထဲတွင် စားသောက်ကုန်ပါသည့်အတွက် မိမိတို့နိုင်ငံ၏ ကောက်ပဲသီးနှံများကို စီးပွားရေးအရ အဓိကပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်သည့် အခွင့်အရေးကောင်းများလည်း ရရှိလာမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်ပြီး မိတ်ဆွေဖွဲ့ခြင်းသည် မိတ်ဖက်များလာခြင်းဖြစ်ပါကြောင်း၊ မိတ်ဖက်နိုင်ငံများလာခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ဘီနင်၊ ကွန်ဂိုနှင့် တိုဂို သမ္မတနိုင်ငံတို့နှင့် သံတမန်အဆက်အသွယ်ထူထောင်ရန်ကိစ္စကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို နှင့် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ယင်းသို့ သံတမန်ဆက်သွယ်ခြင်းအားဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့်အပြင် ဒေသတွင်း နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘီနင်၊ ကွန်ဂို၊ တိုဂိုနိုင်ငံ သုံးနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး ထူထောင်ပေးရန် အဆိုပြုချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်** က မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ဈေးကွက်၊ ဖွင့်လှစ်ပေးထားသော ဝန်ဆောင်မှုကဏ္ဍများအလိုက် အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး ပြည်တွင်းအလုပ်အကိုင်နှင့် ဈေးကွက်အခွင့်အလမ်းများ ပွင့်လင်းလာမည်ဖြစ်သည့်အပြင် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုကုန်သွယ်ရေးပိုင်းတွင် နိုင်ငံခြားငွေရရှိလာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ပါဝင်လက်မှတ်ရေးထိုးရန် ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ)နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရှင်းလင်းဆွေးနွေးစဉ်။



ဒုတိယဝန်ကြီး ဦးအောင်ထူး ရှင်းလင်းဆွေးနွေးစဉ်။

ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ခြင်း၊ ပြည်တွင်း အလုပ်အကိုင်နှင့် ဈေးကွက်အခွင့်အလမ်းများ ပွင့်လင်းလာခြင်း၊ နိုင်ငံခြားဝင်ငွေများ ရရှိမှုတိုးမြင့်လာမည်ဖြစ်သည့်အပြင် ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း အထောက်အကူပြုနိုင်မည့် အကျိုးကျေးဇူးရရှိမည် ဖြစ်သည့်အတွက် အခြားအာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို နာခံမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာများကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းတို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

**ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း** က ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လေ့လာစိစစ်ရာတွင် အခန်း(၁)အမည်နှင့် အကျိုးသက်ရောက်သည့် ကာလကို ပုဒ်မ ၁ တွင် လည်းကောင်း၊ အခန်း(၂)နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်းကို ပုဒ်မ ၂ တွင်လည်းကောင်း၊ ပုဒ်မ ၂ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များသည် ၎င်းတို့အား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်များအား လွှဲအပ်ဆောင်ရွက်စေနိုင်ကြောင်း ပြဋ္ဌာန်းချက်ကို ပုဒ်မ ၃ တွင် လည်းကောင်း၊ အခန်း(၃) ငွေချေးယူခြင်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၁၂ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်းငါးသိန်း တိုးမြှင့်လျာထားကြောင်း ပြဋ္ဌာန်းချက်ကို ပုဒ်မ ၄ တွင် လည်းကောင်း ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

## ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ဖြည့်စွက်ရန်မရှိ

သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ဖြည့်စွက်ရန်မရှိပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုဆောင်ရွက်သင့်သည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ

*စာမျက်နှာ ၇ သို့*

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၃

**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် မြေဧရိယာ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ အဆိုပါ မြေသယံဇာတများကို နိုင်ငံသူနိုင်ငံသားများအနေဖြင့် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးကို ကြီးကြပ်ရန်နှင့် ယင်းတို့အတွက် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ကိုယ်ပိုင်လုပ်ကိုင်ခွင့်များ ရရှိရေးကို ဥပဒေနှင့်အညီခွင့်ပြုပေးရန် လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် အကျိုးရှိထိရောက်စွာ အသုံးမပြုရသေးသော နိုင်ငံ၏ မြေသယံဇာတများစွာရှိနေသေးပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အဓိကသော့ချက်ဖြစ်သော သစ်တောများပြန်လည် ပြုစုပျိုးထောင်ရေး၊ တိုးချဲ့ဆောင်ရွက်မှုများနှင့်အတူ သယံဇာတများကို နိုင်ငံအကျိုးဖြစ်ထွန်းအောင် အသုံးပြုနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်မည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြရာဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးဆုံးဖြတ်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ စည်းကမ်းချက်များနှင့် ကိုက်ညီမှု မရှိသောမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့် မြေ ၁၉၀၅၇ ဧကအား ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း ယနေ့အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်။ သတ်မှတ်ဥပဒေ စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပြန်လည်သိမ်းဆည်းမြေဧရိယာမှာ စုစုပေါင်း ၁၄၆၇၆၉၃ ဧကရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်တိုးချဲ့ရေပေးဝေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၃**

နေပြည်တော် တိုးချဲ့ရေပေးဝေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ (Workshop on Nay Pyi Taw Water Supply Extension Plan (Paung-Laung) ကိုယနေ့နံနက်ပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC II) ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က နေပြည်တော် တိုးချဲ့ရေပေးဝေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) အနေဖြင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များတွင် ရေပေးရေးလုပ်ငန်းမရှိသည့်အတွက် နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်စလုံး သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေးအတွက် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ Nay Pyi Taw Water Supply Extension Plan ရေးဆွဲထားမှု အခြေအနေကို ယနေ့ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်များမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုပြောကြားစေလိုကြောင်း ပြောကြားသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင် နေပြည်တော် တိုးချဲ့ရေပေးဝေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) မှ ဌာနမှူး ဦးလှမိုးထွန်းက နေပြည်တော်တွင် လက်ရှိရေပေးဝေနေသည့် ဧရိယာနှင့် ရေပမာဏ၊ ဆက်လက်တိုးချဲ့ဖြန့်ဖြူးလိုသည့် ဧရိယာနှင့် ရေပမာဏအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်ကုမ္ပဏီများမှ ပူးပေါင်း၍ ပေါင်းလောင်းဆည်မှ ရေအရင်းအမြစ် တိုးချဲ့ရယူမည့် အစီအမံများ၊ မြို့နယ်ရှစ်မြို့နယ်စလုံး ရေပေးဝေရေး ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေကုန်ကျမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ ပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးတင်ပြကြကာ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့်ဌာနမှူး ဦးလှမိုးထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ကောင်းမွန်သည့် ရေသန့်စနစ်တစ်ခုကို ရရှိအောင် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယခုတက်ရောက်လာကြသည့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် တိုက်တွန်းပြောကြားသည်။

တိုးချဲ့ရေပေးဝေရေးလုပ်ငန်း စီမံကိန်းအနေဖြင့် နေ့စဉ်သန့်စင်ပြီး ရေဂါလန် ၃၅ သန်း ဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး ယင်းမှ ပျဉ်းမနားမြို့သို့ ၅ သန်း၊ ဥတ္တရသီရိမြို့သို့ ၄ သန်း၊ ပုဗ္ဗသီရိမြို့သို့ ၆ သန်း၊ ဇမ္ဗူသီရိရုံးများသို့ ၂ သန်း၊ ဇမ္ဗူသီရိမြို့သို့ ၈ သန်း၊ ဒက္ခိဏသီရိမြို့သို့ ၇သန်း၊ လယ်ဝေးမြို့သို့ ၃ သန်းနှုန်းဖြင့် နေ့စဉ်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာ မျိုးအောင် ၊ နေပြည်တော်ကောင်စီဝင်များ၊ ပျဉ်းမနားမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ Japan International Cooperation Agency၊ France Development Agency၊ Lift Fund ၊ TEC International Co.Ltd၊ China Civil Engineering Construction Cooperation၊ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသော Authentic Co.Ltd, CJIC, China Jiangxi International Economic and Technical Cooperation Co.Ltd, Supreme Group of Companies, Diamond Wall Co.Ltd, EBARA Co.Ltd, Han Sein Thant Co.Ltd, Myanmar Pipe and Accessories Co.Ltd, Pride Myanmar Development (PMD) Co.Ltd, W.E.G Co.Ltd တို့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

နည်းဥပဒေ ၉၉ နှင့်အညီ သုံးသပ်တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မူနှင့်အခြေခံသဘောဆွေးနွေးခြင်း၊ ဥပဒေပိုင်းဆိုင်ရာနှင့် ရငွေသုံးငွေပိုင်းဆိုင်ရာ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်းတို့ကို တစ်ပေါင်းတည်း ဆွေးနွေးဆောင်ရွက်ရန် လျာထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့ထားသည့် ရငွေသုံးငွေ စာရင်းအပါအဝင် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့က ယခုတင်ပြသွားသည့် အစီရင်ခံစာပါအကြောင်းအရာများကို ယှဉ်တွဲစိစစ်လေ့လာပြီး မူသဘောဆွေးနွေးခြင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၈၊ ၈၉၊ ၉၀ တို့နှင့်အညီ စိစစ်ရေးပူးပေါင်းအဖွဲ့အနေဖြင့်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ဆွေးနွေးလိုသည့် ဌာန၊ အဖွဲ့အစည်းကို ဖော်ပြရန်ဖြစ်ပါကြောင်း၊ မူသဘောဆွေးနွေးလိုပါက အကြောင်းအရာအကျဉ်းချုပ်နှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုပါက ပြင်ဆင်လိုသည့် အကြောင်းအရာ၊ အချက်အလက်၊ ကိန်းဂဏန်းတို့ကို တိကျစွာ ရေးသားဖော်ပြရန် လိုအပ်ပါကြောင်း၊ အဆိုပါ အချက်အလက်များ ရေးသားဖော်ပြပြီး လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အကြောင်းကြားစာကို ၂၀၁၉ ခုနှစ် မေ ၂၇ ရက် တနင်္လာနေ့ ညနေလေးနာရီ နောက်ဆုံးထား၍ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်းနှင့် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောအပါအဝင် ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးခြင်းကို ၂၀၁၉ခုနှစ် မေ ၂၉ ရက် ဗုဒ္ဓဟူးနေ့တွင် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ရပ်လုံး အတည်ပြုခြင်းတို့ကို မေ ၃၁ ရက် သောကြာနေ့တွင်လည်းကောင်း ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## သမိုင်းဆိုင်ရာအတွေ့အကြုံများ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနမှ ကြီးမှူး၍ "သမိုင်းဆိုင်ရာအတွေ့အကြုံများ စကားဝိုင်းဆွေးနွေးပွဲ" ကို အမျိုးသားပြတိုက် (ရန်ကုန်)၊ ပထမထပ်ရှိ အမျိုးသားစာကြည့်တိုက်ခွဲ (ရန်ကုန်) ၌ ဇွန်လပထမပတ်မှစ၍ လေးလလျှင်တစ်ကြိမ် ကျင်းပမည်ဖြစ်ပြီး ပထမအကြိမ် စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဒေါက်တာကျော်ဝင်း၊ အတွင်းရေးမှူး၊ မြန်မာသမိုင်း အဖွဲ့(သမိုင်းပါမောက္ခ(ငြိမ်း)၊ရန်ကုန်တက္ကသိုလ်)က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး မြန်မာသမိုင်းအဖွဲ့ဝင်များဖြစ်သော ဦးသန်းလွင်နှင့် ဦးဂျယ်ရီကြိုင်တို့က ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်သည်။

ထို့အတွက် သမိုင်းဆိုင်ရာ အသိပညာဗဟုသုတများကို စိတ်ပါဝင်စားသူအများပြည်သူများအနေဖြင့် မည်သူမဆိုပါဝင်တက်ရောက်နိုင်ပါကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်ထူထပ်နေပြီး၊ ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

❋ ကျောဖုံးမှ

Screening Test ဖြေဆိုနည်းစနစ်ကို လေ့လာနိုင်ရန်အတွက် Video ဖိုင်များ၊ ရာထူးကြော်ငြာများ၊ Screening Test ခုံအမှတ်စာရင်း/အောင်စာရင်းများ၊ ရေးဖြေစာမေးပွဲခုံအမှတ် စာရင်း/အောင်စာရင်းများ၊ ရွေးချယ်စာရင်းများကို အဖွဲ့၏ Website: www.ucsb.gov.mm နှင့် Facebook Page ဖြစ်သည့် Union Civil Service Board Myanmar တို့တွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

**Online စနစ်ဖြင့် ရှာဖွေနိုင်**

ဖြေဆိုမည့်သူ၏ မှတ်ပုံတင်အမှတ်ဖြင့် ခုံအမှတ်စာရင်းနှင့် ဖြေဆိုရမည့် စာစစ်ဌာနများကို Online စနစ်ဖြင့်ရှာဖွေနိုင်ရေးကိုလည်း ဆောင်ရွက်ထားရှိပါကြောင်း။

တတိယ(၁)နှစ်တာကာလအတွင်း ကြော်ငြာစာ (၄) စောင် ထုတ်ပြန်နိုင်ခဲ့ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်း (၂၀)မှ လစ်လပ်ရာထူး (၆၄၂) နေရာအတွက် လျှောက်ထားသူ (၈၆၀၁) ဦး၊ ပဏာမအဆင့် Screening Test ဖြေဆို အောင်မြင်သူ (၂၀၈၃) ဦး၊ ဒုတိယအဆင့် ရေးဖြေစာမေးပွဲ ဖြေဆိုသူ (၂၀၂၅) ဦး၊ ရေးဖြေစာမေးပွဲ အောင်မြင်သူ (၆၁၁) ဦး၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူသူ (၅၉၃) ဦး ရှိခဲ့ပါကြောင်း။

ကြော်ငြာစာအမှတ် (၁/၂၀၁၈) လစ်လပ်ရာထူး (၂၃၃) နေရာအတွက် (၂၂၇)ဦးကို လည်းကောင်း၊ ကြော်ငြာစာအမှတ်(၃/၂၀၁၈) လစ်လပ်ရာထူး (၁၈၈) နေရာအတွက် (၁၇၇) ဦးကို ရွေးချယ်ပေးခဲ့ပါကြောင်း၊ ကြော်ငြာစာအမှတ် (၁/၂၀၁၉) လစ်လပ်ရာထူး (၂၂၀) နေရာအတွက် ကြော်ငြာခေါ်ယူထားပါကြောင်း။

ကြော်ငြာစာအမှတ်(၂/၂၀၁၈)ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လက်ထောက်ဆရာဝန်နှင့် ဦးစီးအရာရှိ (သွားကျန်းမာ) လစ်လပ်ရာထူး(၂၁၅၀) နေရာအတွက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူ (၁၂၉၉) ဦး အနက် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခံယူရန် လာရောက်သူ (၁၁၄၅) ဦးအား တိုက်ရိုက်လူတွေ့စစ်ဆေး၍ (၁၁၄၅)ဦး ရွေးချယ်ပေးခဲ့ပါကြောင်း။

စိတ်အခြေအနေ စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အဖွဲ့မှထုတ်ပြန်သည့် ကြော်ငြာစာ (၃) ခုအရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ လစာနှုန်း (၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) အဆင့်လစ်လပ်ရာထူး (၂၅၇၀) နေရာအတွက် ရေးဖြေအောင်မြင်သည့် ဝန်ထမ်းလောင်း (၁၇၃၉) ဦးတို့အား စိတ်အခြေအနေ စစ်ဆေးခဲ့ပါကြောင်း။

ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ အကူအညီတောင်းခံမှုအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အတွက် စုစုပေါင်း ဝန်ထမ်း(၇၁၅)ဦးတို့ကိုလည်း စိတ်အခြေအနေ စစ်ဆေးပေးခဲ့ပါကြောင်း။

ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အမှုထမ်းများအား ပြန်တမ်းဝင်အရာရှိ ရာထူးသို့ တိုးမြှင့်ခြင်းဆိုင်ရာ စိစစ်ထောက်ခံမှုအခြေအနေမှာ ဌာနတွင်းဝန်ထမ်းများ လုပ်သက်ပြည့် ရာထူးတိုးမြှင့်ပေးသူ ဦးရေ(၈၂၉၆)ဦး၊ ဌာနတွင်းဝန်ထမ်းများ လုပ်သက်လျှော့ အထူးကိစ္စဖြင့် ရာထူးတိုးမြှင့်ပေးသူ ဦးရေ (၅၈) ဦး၊ ပညာအရည်အချင်းကို လျှော့ပေါ့၍ ရာထူးတိုးမြှင့်ပေးသူဦးရေ(၂၇)ဦးတို့ ဖြစ်ပါကြောင်း။

**အသိပေးနှိုးဆော်**

ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးအဆင့်များအား တစ်ဆင့်မြင့်ရာထူး နေရာအသီးသီးသို့ ရာထူးတိုးမြှင့်ပေးနိုင်ရေးအတွက် အကဲဖြတ် မှတ်တမ်းများ၊ ယင်းအပေါ်မူတည်၍ ရေးဆွဲထားသော တန်းစီဇယားများကို ၂၀၁၆ ခုနှစ်တွင် တောင်းခံခဲ့ပြီး ယခုအခါ သတ်မှတ်သက်တမ်း (၂) နှစ်ကုန်ဆုံးချိန်နီးကပ်ပြီဖြစ်သည့်အတွက် အသစ်ရေးဆွဲ၍ ထပ်မံပေးပို့ရေး ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ အသိပေးနှိုးဆော်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါအရာထမ်းများ၏ နှစ်ပတ်လည်အတွင်းရေးအစီရင်ခံစာ (Annual Confidential Report)အတွက် နှစ်ပတ်လည် အကဲဖြတ်မှတ်တမ်းများကို နှစ်စဉ် မတ် (၃၁)ရက် မကုန်ဆုံးမီ ပေးပို့နိုင်ရေး ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများသို့ ပုံမှန်အကြောင်းကြားခဲ့ပါကြောင်း။

ဝန်ကြီးဌာန/အဖွဲ့အစည်း (၄၈) ခုမှ ညွှန်ကြားရေးမှူး (၃၉၃၂) ဦးနှင့် ဒုတိယညွှန်ကြားရေးမှူး (၅၇၇၉) ဦးတို့၏ တစ်ဦးချင်းအကဲဖြတ် မှတ်တမ်းများနှင့် ညွှန်ကြားရေးမှူး (၂၂၅၈) ဦးနှင့် ဒုတိယညွှန်ကြားရေးမှူး (၂၇၉၃) ဦးတို့၏ တန်းစီဇယားများကို လက်ခံရရှိထားပါကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပို့ချလျက်ရှိသည့် သင်တန်းများ၏ သင်ရိုးဇယား၊ သင်ရိုးညွှန်းတမ်းများ ပြုစုရေးဆွဲရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ချမှတ်ထားသော မူဝါဒများကို သိရှိလိုက်နာ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group)၏ ပံ့ပိုးမှု၊ သဘောတူညီမှုတို့ဖြင့် ပို့ချလျက်ရှိသည့် သင်တန်းများအလိုက် ဘာသာရပ်ဆိုင်ရာ သင်ရိုးဇယား၊ သင်ရိုးညွှန်းတမ်းများ၏ Design ကို Learner-centered Curriculum ၊ Problem-centered Curriculum အဖြစ် ရေးဆွဲပို့ချလျက်ရှိပါကြောင်း။



ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**ပြင်ဆင်ပြောင်းလဲ**

၂၀၁၇-၂၀၁၈ လေ့ကျင့်ရေးနှစ်မှစ၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(၂)ခုတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းအလိုက် ပြင်ဆင်ပြောင်းလဲသည့် သင်တန်းကာလများမှာ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း ရက်သတ္တ (၄)ပတ်မှ ရက်သတ္တ (၂၀) ပတ်၊ အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ရက်သတ္တ (၁၄) ပတ်မှ ရက်သတ္တ (၁၆) ပတ်၊ အရာထမ်းအခြေခံသင်တန်း ရက်သတ္တ (၁၄) ပတ်မှ ရက်သတ္တ (၁၂)ပတ်၊ အရာထမ်းငယ်အခြေခံသင်တန်း ရက်သတ္တ (၈)ပတ်မှ ရက်သတ္တ (၄)ပတ်၊ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း ရက်သတ္တ (၁၄) ပတ်မှ ရက်သတ္တ (၈)ပတ်၊ စာရေးဝန်ထမ်း အခြေခံသင်တန်း ရက်သတ္တ (၈) ပတ်မှ ရက်သတ္တ (၄) ပတ်သို့ ပြောင်းလဲခဲ့ပါကြောင်း။

၂၀၁၈ခုနှစ်၊ ဧပြီ(၁)ရက်မှ ၂၀၁၉ ခုနှစ်၊ မတ် (၃၁) ရက်အထိ တတိယ (၁) နှစ်တာ ကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်ပေးနိုင်ခဲ့သည့် သင်တန်းသားဦးရေ (၁၃၁၇၇ )ဦး လေ့ကျင့်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (၂၀၁၉ ခုနှစ်) ကို ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်၌ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး လွှတ်တော်နှစ်ရပ်၏ သဘောတူညီချက်ရရှိပြီးဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ၂၀၁၉ ခုနှစ် မတ် ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၉) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆ ဖြင့် ၂၀၁၈ ခုနှစ် ဇွန် ၁၃ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ (၃) ခုကို ပြင်ဆင်ဆောင်ရွက်ခဲ့ပါကြောင်း။

ပြင်ဆင်ခြင်းအတွက် ဖြစ်ပေါ်လာမည့်အကျိုးကျေးဇူးများအနေဖြင့် နိုင်ငံ့ဝန်ထမ်း (Civil Service Personnel) နှင့် ပြည်သူ့ဝန်ထမ်း (Public Servant) တို့၏ အဓိပ္ပာယ်နှင့် သဘောသဘာဝများ မတူညီသဖြင့် ကွဲပြားခြားနားသည့် အင်္ဂါရပ်များကို ရှင်းလင်းစွာ ခွဲခြားသိရှိခြင်းဖြင့် ဝန်ထမ်းခန့်အပ်ရာတွင် လည်းကောင်း၊ လစာ၊ စရိတ်၊ အငြိမ်းစား လစာနှင့် ခံစားခွင့်ဆိုင်ရာတွင်လည်းကောင်း စနစ်တကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

**အထောက်အကူပြု ပံ့ပိုးပေးနိုင်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၉ (င) အရ အငြိမ်းစားဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များ ခန့်ထားရေးဆိုင်ရာ သတ်မှတ်ချက်များကို အမိန့်ကြော်ငြာစာ အမှတ်၊ ၇၀/၂၀၁၈ ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပြီး အဆိုပါ အမိန့်ကြော်ငြာစာအရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းအတွက် စွမ်းစွမ်းတမံ အထောက်အကူပြု ပံ့ပိုးပေးနိုင်သော သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပြင်ပပုဂ္ဂိုလ်များကိုသာ ခန့်ထားနိုင်မည်ဖြစ်၍ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ခံစားခွင့် ဆုံးရှုံးနစ်နာမှုများ လျှော့နည်းလာစေနိုင်မည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အမှန်တကယ်လိုအပ်သည့် ပညာရှင်များကို ခန့်ထားနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းခါးဆက်မပြတ်စေရေး၊ အတွေ့အကြုံရှိသူများအား လုပ်ငန်းခွင်တွင် အကျိုးရှိစွာ တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်တွင် China National Academy of Governance ၏ ကူညီမှုဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့အခြေစိုက် စီမံအုပ်ချုပ်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Association of Schools and Institutes of Administration-IASIA) သို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (၂) ခုမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုချက်၊ နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုချက်များ ရရှိပြီးဖြစ်သည့်အတွက် လုပ်ငန်းစဉ်များအတိုင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသဖြင့် ယခုအချိန်တွင် အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ဖြစ်ပါကြောင်း။

**အသိအမှတ်ပြုခံရခြင်းများ ရရှိလာ**

IASIA ၏ အဖွဲ့ဝင် ဖြစ်လာသဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စများအား အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု သင်တန်းကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အရည်အသွေးပြည့်မီမှု အသိအမှတ်ပြုခံရခြင်းများ ရရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) ပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၄၉) ခုတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဦးဆောင်ကော်မတီ (Steering Committee) ၏ ဦးဆောင်မှုဖြင့် ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းရာထူး အုပ်စုများအလိုက် လုပ်ငန်းတာဝန်သတ်မှတ်ချက်များ (Job Descriptions) ရေးဆွဲပြုစု၍ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအားလုံးသို့ မိုငြမ်းရေးဆွဲအသုံးပြုနိုင်ရေးအတွက် (သင်တန်းဖွင့် လေ့ကျင့်ခြင်းနှင့် လမ်းညွှန်မှတ်စုများ ဖြန့်ဝေခြင်းမှတစ်ဆင့်) ကူညီပေးခြင်း၊ လက်ရှိကျင့်သုံးလျက်ရှိသည့် စွမ်းဆောင်ရည်အကဲဖြတ်အမှတ်ပေးသည့်စနစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် လေ့လာဆန်းစစ်မှုပြုလုပ်ခြင်း၊ ပြည်သူ့ဗဟိုပြု ချဉ်းကပ်လုပ်ဆောင်ချက်များအပေါ် သဘောထားအမြင်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် ပြည်သူ၏ ယုံကြည်မှုတို့ကို လေ့လာဆန်းစစ်ရန်အတွက် ရပိုင်ခွင့်ရှိသူများနှင့် ဝန်ဆောင်မှုအသုံးပြုသူများကို ဦးတည်၍ စစ်တမ်းကောက်ယူခြင်း၊ အဆင့်မြင့်နှင့် ဌာနအကြီးအမှူးအဆင့် နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းခွင်အခြေအနေအလိုက် ချီးမြှင့်မြှောက်စားမှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကင်းမှုတို့ကို အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အား ပြန်လည်သုံးသပ်ကာ ပိုမိုကောင်းမွန်အောင်ပြုစုပြီး နိုင်ငံ့ဝန်ထမ်းများ လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်သည့်၊ အားပေးသည့် စနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို အဆိုပြုတင်ပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက မြန်မာနိုင်ငံ၏ " လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ"ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့အနေဖြင့် "နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး"ဆိုသည့် မျှော်မှန်းချက်ကို ဦးထိပ်ထားလျက်၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိပါကြောင်း။

ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးအတွက် နိုင်ငံတော်အကြီးအကဲများ၏ ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးမှုယန္တရား တိုးချဲ့တည်ထောင်ခြင်းနှင့် ကမ္ဘာလှည့်ခရီးသည်များ နိုင်ငံအတွင်း ပိုမိုဝင်ရောက်နိုင်ရေးအတွက် ဗီဇာဖြေလျှော့မှုများ ပြုလုပ်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

တတိယ (၁) နှစ်တာအတွင်း နိုင်ငံတော်သမ္မတအနေဖြင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် အာဆီယံနှင့် ဒေသတွင်းအဖွဲ့အစည်းများဆိုင်ရာ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် စင်ကာပူ၊ ထိုင်း၊ နီပေါ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သို့ သွားရောက်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည်လည်း ဗီယက်နမ်၊ ဂျပန်၊ စင်ကာပူနှင့် နီပေါနိုင်ငံ တို့သို့ သွားရောက်ခဲ့ပြီး မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေကာ နှစ်နိုင်ငံချင်း၊ ဒေသတွင်းအဆင့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသို့ လာရောက်ကြသည့် အိန္ဒိယနိုင်ငံသမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ဩစတြေးလျ၊ ဗြိတိန်၊ ဆားဘီးယား၊ နယ်သာလန်၊ ချက်နဲ့ ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်အဆင့်၊ နိုင်ငံခြားရေးဝန်ကြီးအဆင့် ပြည်ပမှ အဆင့်မြင့်ကိုယ်စားလှယ်များ၏ ချစ်ကြည်ရေးခရီးစဉ်ပေါင်း (၃၀)ကျော်ကိုလည်း အောင်မြင်စွာ စီစဉ်ပေးနိုင်ခဲ့ပါကြောင်း။

သိသာထင်ရှားသည့် တိုးတက်မှုများအနေဖြင့် တရုတ်နိုင်ငံနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေခဲ့ခြင်း၊ ဗီယက်နမ်နိုင်ငံနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး (Comprehensive Cooperative Partnership-CCP) အဆင့်သို့ မြှင့်တင်နိုင်ခဲ့ခြင်း၊ ထိုင်းနိုင်ငံနှင့် သဘာဝမဟာဗျူဟာမိတ်ဖက်နိုင်ငံ (Natural Strategic Partners) ဆက်ဆံရေးသို့ တိုးမြှင့်နိုင်ခဲ့ခြင်းတို့ ဖြစ်ပါကြောင်း။

ပြည်ဝင်ဗီဇာဖြေလျှော့မှုများနှင့်ပတ်သက်၍ ဂျပန်၊ တောင်ကိုရီးယားအပါအဝင် နိုင်ငံအချို့မှ နိုင်ငံသား များအား ဗီဇာကင်းလွတ်ခွင့်ပြုခြင်း၊ ဆိုက်ရောက်ဗီဇာခွင့်ပြုခြင်း စသည့် ဗီဇာ စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းကြောင့် မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေ သိသိသာသာ တိုးတက်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေနှင့် အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဂျီအမ်အက်စ်)၊ ဧရာဝတီ- ကျောက်ဖယား- မဲခေါင် စီးပွားရေးဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ မဲခေါင်-ဂျပန်၊ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုများ၊ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (အယ်လ်အမ်အိုင်)အစရှိသည့် ဒေသဆိုင်ရာနှင့် ဒေသခွဲဆိုင်ရာအဖွဲ့အစည်းများမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ဝန်ကြီးဌာန (၂)ခု အနေဖြင့် ဦးဆောင်ဝန်ကြီးဌာနများအဖြစ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**သံတမန်ဆက်သွယ်မှု တိုးချဲ့**

သံတမန်ဆက်သွယ်မှု တိုးချဲ့ဆောင်ရွက်ခြင်းအနေဖြင့် ကမ္ဘာ့နိုင်ငံအများအပြားနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်နှင့် အပြန်အလှန်ပံ့ပိုးမှုများ ပိုမိုရရှိနိုင်ရေးအတွက် သံတမန်ဆက်သွယ်မှုများ တိုးချဲ့ထူထောင်လျက်ရှိရာတွင် အစိုးရသက်တမ်း (၃) နှစ်တာ ကာလအတွင်း မိတ်ဖက်သစ်နိုင်ငံ (၇) နိုင်ငံ (မော်လ်တာ၊ အီကွေဒို၊ မာရှယ် ကျွန်းစုနိုင်ငံ၊ ဟိုလီဆီးလ်၊ လိုက်ဘေးရီးယား၊ ဂီနီ၊ ဆေးရှဲလ်)နှင့် သံတမန် ဆက်သွယ်မှုများ တိုးချဲ့ ထူထောင်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံပေါင်း (၁၉၃) နိုင်ငံအနက် နိုင်ငံပေါင်း (၁၂၁) နိုင်ငံနှင့် သံတမန်အဆက်အသွယ်ထူထောင်ထားရှိပြီး ဖြစ်ပါကြောင်း။

အာဖရိကနိုင်ငံများအနေဖြင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရန် ဘီနင်သမ္မတနိုင်ငံ၊ ကွန်ဂို သမ္မတနိုင်ငံ၊ တိုဂိုသမ္မတနိုင်ငံတို့နှင့် သံတမန်ဆက်သွယ်မှုများ တိုးချဲ့ထူထောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

လက်ရှိတွင် မြန်မာသံရုံး(၃၅)ရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး (၃) ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး (၆) ရုံး၊ စုစုပေါင်း (၄၄)ရုံးကို ဖွင့်လှစ်ထားရှိပြီး လက်တင်အမေရိက၊ ကာရေဗီယံဒေသတွင်းနိုင်ငံများနှင့် ထိတွေ့ဆက်သွယ်မှု တိုးမြှင့်ရန် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၊ အလယ်ပိုင်း၊ အရှေ့ပိုင်းဥရောပနိုင်ငံများနှင့် ထိတွေ့ဆက်သွယ်မှုများတိုးမြှင့်ရန် ချက်သမ္မတနိုင်ငံ၊ ပရာ့ဂ်မြို့တို့တွင် ယခုနှစ်အတွင်း မြန်မာသံရုံးသစ်များ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် ပတ်သက်၍တိုးတက်မှုတစ်ရပ်အနေဖြင့် ထိုင်းနိုင်ငံရှိ ယာယီစခန်းများမှ ၎င်းတို့ဆန္ဒအလျောက် ပြန်လာလိုသူ မြန်မာနိုင်ငံသားများအား ထိုင်းနိုင်ငံအစိုးရနှင့် နှစ်နိုင်ငံချင်းအစီအစဉ်အရ စိစစ်ပြီးသူများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ပထမအကြိမ်အဖြစ် ၇၁ ဦး၊ ဒုတိယအကြိမ်တွင် ၉၃ ဦးနှင့် တတိယအကြိမ်တွင် ၅၆၇ ဦးအား စိစစ်လက်ခံပေးခဲ့ပြီး ပြန်လည်နေရာချထားမှုများ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကာ မကြာမီ စတုတ္ထအသုတ် ပြန်လည်လက်ခံသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ထိုင်းနှစ်နိုင်ငံအကြား နယ်နိမိတ်တိုင်းတာရေး သဘောတူညီချက်ကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဖက်အမြင် ကွာဟမှုများကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ ယင်းသဘောတူညီချက်အား လက်မှတ်ရေးထိုးပြီးပါက ပတ်ချန်မြစ်နှင့် ၎င်းရဲ့မြောက်ဘက်ရှိ ကုန်းနယ်နိမိတ်မိုင် ၂၀၀ ခန့်ကို တိုင်းတာသတ်မှတ်နိုင်မည်ဖြစ်ပြီး ကျန်အပိုင်းများကို အပိုင်းလိုက် ဆက်လက်တိုင်းတာသွားရန် ရှိပါကြောင်း။

**အိန္ဒိယဘက်နှင့်ပူးတွဲ၍ တည်ဆောက်ပြီးစီးခဲ့**

မြန်မာ-အိန္ဒိယနယ်နိမိတ် နာဂဒေသရှိ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၄၅ နှင့် ၁၄၆ အကြားတွင် အိန္ဒိယဘက် ဒေသခံများမှ နယ်နိမိတ်အားကျော်လွန်ပြီး အဆောက်အအုံများ တည်ဆောက်ခြင်းမပြုစေရန် ခြံစည်းရိုးကာရံရေးအတွက် နှစ်နိုင်ငံပူးတွဲ၍ ထပ်တိုးမှတ်တိုင် ၃၈ တိုင် စိုက်ထူကာ အလားတူမှတ်တိုင်အမှတ် ၈၀ နှင့် ၈၂ အကြားတွင်လည်း ထပ်တိုးမှတ်တိုင် ၃၀ တိုင်အား ၂၀၁၇-၂၀၁၈ ကွင်းဆင်းရာသီတွင် အိန္ဒိယဘက်နှင့်ပူးတွဲ၍ တည်ဆောက်ပြီးစီးခဲ့ပါကြောင်း။

တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံနယ်နိမိတ် ပူးတွဲစစ်ဆေးမှုကို မပြုလုပ်နိုင်ခဲ့သည်မှာ ၂၃ နှစ်ကျော် ကြာမြင့်ပြီဖြစ်သည့်အတွက် တတိယအကြိမ် မြန်မာ-တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးရေးဆိုင်ရာ ကြိုတင်ညှိနှိုင်းအစည်းအဝေးများကို ကျင်းပခဲ့ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့တာဝန်သိနိုင်ငံအဖြစ် ရခိုင်ပြည်နယ်အရေးကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းအခြေအနေ၊ လိုအပ်ချက်များနှင့် ကိုက်ညီစွာဆောင်ရွက်နိုင်ရန် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတကာက ဝင်ရောက်စီရင်နိုင်ရေး ဦးတည်ကြိုးပမ်းမှုများကို လုံးဝလက်မခံကြောင်း၊ နိုင်ငံတကာမျက်နှာစာတွင် ပြတ်သားစွာ ရပ်တည်ပြောကြားထားပါကြောင်း။

လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဖွဲ့စည်းရန် ဆုံးဖြတ်ချက်နှင့် ဖွဲ့စည်းတာဝန်ပေးမှု၊ မြန်မာနိုင်ငံသို့ လာရောက်လိုမှုနှင့် ယင်းအဖွဲ့၏ အစီရင်ခံစာတို့ကို လက်မခံနိုင်ကြောင်း မြန်မာနိုင်ငံအစိုးရ၏ သဘောထားရပ်တည်ချက်ကို ပြတ်ပြတ်သားသား ထုတ်ပြန်ခဲ့ပါကြောင်း။

ထို့အပြင် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီတို့တွင် တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းများအား လက်မခံနိုင်ကြောင်းကို ပြတ်သားစွာပြသနိုင်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့များအနေနှင့် မဲခွဲရန်တောင်းဆိုခြင်း၊ နိုင်ငံ၏ ရပ်တည်ချက်များအား ဖော်ပြသည့်မိန့်ခွန်းများ ပြောကြားခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်နေပါကြောင်း။

တစ်ဖက်တွင်လည်း ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ရှုပ်ထွေးသိမ်မွေ့သည့် စိန်ခေါ်မှုများအပေါ် အာဆီယံအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများ၏ ထိပ်သီးအစည်းအဝေးများတွင် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ရှင်းလင်းပြောကြားခြင်းများ၊ အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း ကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စဉ်ဆက်မပြတ်အသိပေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

တစ်ဖက်နိုင်ငံရောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအတွင်း အမှန်တကယ် နေထိုင်ခဲ့သူများ၊ ပြစ်ချက်စိစစ်ပြီးသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံအကြားသဘောတူညီချက်၊ စည်းကမ်းချက်များနှင့်အညီ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ဆောင်ရွက်သွားမည်ဖြစ်ပြီး

- **မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် နိုင်ငံတကာက ဝင်ရောက်စီရင်နိုင်ရေး ဦးတည်ကြိုးပမ်းမှုများကို လုံးဝလက်မခံကြောင်း၊ နိုင်ငံတကာမျက်နှာစာတွင် ပြတ်သားစွာ ရပ်တည်ပြောကြားထားပါကြောင်း**
- **လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဖွဲ့စည်းရန် ဆုံးဖြတ်ချက်နှင့် ဖွဲ့စည်းတာဝန်ပေးမှု၊ မြန်မာနိုင်ငံသို့ လာရောက်လိုမှုနှင့် ယင်းအဖွဲ့၏ အစီရင်ခံစာတို့ကို လက်မခံနိုင်ကြောင်း မြန်မာနိုင်ငံအစိုးရ၏ သဘောထား ရပ်တည်ချက်ကို ပြတ်ပြတ်သားသား ထုတ်ပြန်ခဲ့**

မြေပြင်တွင် တိုးတက်မှုများ ရရှိရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**မှုတပြီး လက်တွေ့ကျသော နည်းလမ်းများ**

မိမိတို့ဝန်ကြီးဌာနနှစ်ခုအနေနှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ပုံရိပ် မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် စိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ဦးထိပ်ထားကာ မှုတပြီး လက်တွေ့ကျသော နည်းလမ်းများနှင့် ဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေများစိစစ်ရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ သုံးနှစ်တာ သက်တမ်းကာလအတွင်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသောဥပဒေများ၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေမည့် ဥပဒေများ၊ ပြည်သူများအပေါ် အခွင့်အရေးများနှင့် စပ်လျဉ်းသော ဥပဒေများကို စိစစ်အကြံပြုပြန်ကြားခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံးနှင့် ဝန်ကြီးဌာနများက မေးမြန်းချက်များကို သဘောထားမှတ်ချက် ပြန်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသောအဆို၊ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ဖြေကြားခြင်းများအပါအဝင် သဘောထားမှတ်ချက်ပေးခြင်းတို့ကို ဆောင်ရွက်ပါကြောင်း။

တတိယ(၁)နှစ်တာကာလအတွင်း ဥပဒေများစိစစ်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအနေဖြင့် ဥပဒေစိစစ်ခြင်း ၁၈၁ ခု၊ နည်းဥပဒေစိစစ်ခြင်း ၂၅၇ ခု၊ ဘာသာပြန်ဆိုခြင်း ၁၁၄ ခုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာစိစစ်ခြင်း ၄၃ ခု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ကိုယ်ပိုင်အကဲဖြတ်ဆန်းစစ်ချက် လုပ်ငန်းစဉ်များ**

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ သုံးနှစ်တာသက်တမ်းကာလအတွင်း အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ဖက်စာချုပ်ဝင်များအကြား နည်းပညာ၊ ငွေရေးကြေးရေးထောက်ပံ့ကူညီရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ၊ ၂၀၁၆ ခုနှစ်တွင် လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်တစ်ခုဖြစ်သည့် International Covenant on Economic Social and Cultural Rights (ICESCR)၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်သံရုံးတို့အကြား ချုပ်ဆိုခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU)၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အာရှပစိဖိတ်အဖွဲ့မှ နိုင်ငံအချင်းချင်း အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံအပေါ် ဒုတိယအကြိမ်အပြန်အလှန် အကဲဖြတ်ရေးလုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအရ ဆောင်ရွက်ရသော ကိုယ်ပိုင်အကဲဖြတ်ဆန်းစစ်ချက် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**နိုင်ငံအချင်းချင်း အကဲဖြတ်မှုလုပ်ငန်းစဉ်**

ထို့ပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံး Universal Periodic Review (UPR) အထောက်အကူပြုကော်မတီအား ဖွဲ့စည်းခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံအချင်းချင်း အကဲဖြတ်မှုလုပ်ငန်းစဉ် (ME Process) နှင့် အစီရင်ခံစာ (ME Report)၊ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ် (NRA Process) နှင့် အစီရင်ခံစာ (NRA Report)၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းစဉ်နှင့် လုပ်ငန်းစီမံချက် (Action Plan)တို့ကိုလည်း ပြုစုဆောင်ရွက်ခဲ့ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ Doing Business အစီရင်ခံစာပါ ညွှန်းကိန်းအလိုက် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သည့်ကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းအဖွဲ့များတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်၍ ဥပဒေရေးရာ အကြံဉာဏ်ပေးလျက်ရှိခြင်း၊ ၁၉၆၃ ခုနှစ် လုပ်ငန်းများ ပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ သိမ်းဆည်းခဲ့သည့်အခန်း၊ အဆောက်အအုံနှင့် စပ်လျဉ်း၍ မူဝါဒများရေးဆွဲခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က တာဝန်ပေးသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနအနေဖြင့် ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံပေးခြင်းနှင့် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ လျှောက်ထားလာသည့် စာချွန်တော်များကို နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် နိုင်ငံတော်ဘက်မှ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရုံးသဟာယအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်း၊ တရားရုံးအဆင့်ဆင့်က ချမှတ်သော စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**တရားမစွဲမီ အကြံပေးခြင်း (၁၀၉)မှုတို့ကို ဆောင်ရွက်နိုင်**

တရားစွဲမှုနှင့် အမှုလိုက်ဦးစီးဌာန ဆောင်ရွက်ချက်များအနေဖြင့် တတိယ(၁)နှစ်တာကာလတွင် ရာဇဝတ်အထူးအယူခံမှု ၂၆ မှု၊ သေဒဏ်အတည်ပြုမှု ၂၂ မှု၊ ရာဇဝတ်အထွေထွေလျှောက်ထားမှု ၁၄ မှု၊ အထွေထွေရာဇဝတ်လျှောက်ထားမှု ၂၆ မှု၊ ရာဇဝတ်အယူခံမှု ၃၅၈ မှု၊ ရာဇဝတ်ပြင်ဆင်မှု ၇၇၉ မှု၊ စာချွန်တော်မိန့် လျှောက်ထားမှု ၉၀ မှု၊ တရားမစွဲမီ အကြံပေးခြင်း ၁၀၉ မှုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System- MLIS) တည်ထောင်ရေးစီမံကိန်းအတွက် KOICA ၏ အထောက်အပံ့ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုဝန်ကြီးဌာန (Ministry of Legislation, MOLEG) တို့အကြား နည်းပညာဖလှယ်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System- MLIS )ကို (www.mlis.gov.mm) website တွင် ၂၀၁၈ ခုနှစ် မေ ၂၄ ရက်မှစတင်၍ အောင်မြင်စွာ လွှင့်တင်နိုင်ခဲ့ပါကြောင်း၊ MLIS တွင် ဥပဒေများ၊ တစ်ဆင့်ဥပဒေများ၊ စီရင်ထုံးများ၊ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော Convention များ ဥပဒေသတင်းအချက်အလက် စုစုပေါင်း ၈၀၀၀ ကျော်ကို အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်လျက်ရှိပါကြောင်း။

**သတင်းစာတွင် ထည့်သွင်းဖော်ပြ**

အဂတိကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ဥပဒေအရာရှိများ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးအတွက် စဉ်ဆက်မပြတ် ဆွေးနွေးမှာကြားခြင်း၊ လမ်းညွှန်ချက်များထုတ်ပြန်ခြင်း၊ အပြန်အလှန်ကြီးကြပ် ထိန်းကျောင်းခြင်း၊ ဥပဒေအရာရှိများ လာဘ်ပေးလာဘ်ယူ ပြုလုပ်ပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များကို သတင်းစာတွင် ထည့်သွင်းဖော်ပြခြင်း၊ ဥပဒေရုံးများတွင် ကြော်ငြာစာကပ်ခြင်းများကိုလည်း ဆောင်ရွက်ထားရှိခြင်း၊ ဥပဒေအရာရှိများ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးကို ကြိုတင်ကာကွယ်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit)ကို အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းပြီး အဂတိလိုက်စားမှု လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိပြီး ဥပဒေအရာရှိများ ကျင့်ဝတ်သိက္ခာဖောက်ဖျက်သဖြင့် တတိယ (၁)နှစ်တာကာလတွင် အမှု ၂၀ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

ဥပဒေဘာသာပြန်ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် ဥပဒေဘာသာပြန်ကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၆ ဖြင့် ဖွဲ့စည်းပြီး အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၇ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်တွင် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၂ ဦး ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်မှ ဥပဒေ ကိုးခုကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုထုတ်ဝေနိုင်ခဲ့ပါကြောင်း။

တရားလွှတ်တော်ရှေ့နေများကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် သုံးနှစ်တာကာလအတွင်း တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားသူ စုစုပေါင်း ၃၂၆၇ ဦး၏ တရားလွှတ်တော်ရှေ့နေဝင်ခွင့်ကို စိစစ်ခဲ့ပြီး ထောက်ခံကြောင်း သဘောထားမှတ်ချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့နိုင်ခဲ့ပါကြောင်း။

**နစ်နာသူအတွက် ဥပဒေမှပေးသော အခွင့်အရေးများရရှိ**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံတော်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ဥပဒေအကြံဉာဏ်များ ပေးနိုင်သကဲ့သို့ တရားစီရင်ရေးကဏ္ဍတွင်လည်း နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်း၊ နစ်နာသူအတွက် ဥပဒေမှပေးသော အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းမီဒီယာများက ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၏ သက်ပြည့်ပင်စင်ခံစားခွင့်နှင့် ကျင့်သုံးနေသည့်မူဝါဒ၊ ဇဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ နိုင်ငံ့ဝန်ထမ်းများအပေါ် ကျင့်သုံးလျက်ရှိသည့် ဆုပေးဒဏ်ပေးစနစ်၊ နိုင်ငံခြားရေးပညာတော်သင် စေလွှတ်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်သည့် ချီးမြှောက်မှု၊ ဝန်ကြီးဌာနများသို့ တပ်မတော်မှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုအခြေအနေ၊ နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ သဘောထားမှတ်ချက် စစ်တမ်းကောက်ယူမည့်အစီအစဉ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့လက်မှတ် မှန်ကန်မှု ရှိ မရှိ၊ နိုင်ငံ့ဝန်ထမ်းများ အများဆုံးအရေးယူခံရသည့် ဝန်ကြီးဌာနနှင့် ပြစ်မှုအမျိုးအစား၊ ဝန်ကြီးဌာနများ၏ အဆင့်မြင့်ရာထူးနေရာများတွင် တပ်မတော်မှပြောင်းရွှေ့လာသူများနှင့် အရပ်သားများ၏ အချိုးအစား စသည့်မေးခွန်းများနှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။

**မေးမြန်း**

ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဗီဇာစည်းကမ်းဖောက်ဖျက်မှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ခရီးစဉ်တွင် နှစ်နိုင်ငံသဘောတူခဲ့သည့် စီမံကိန်းရှိ မရှိ၊ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားမည့် စီမံကိန်းများအခြေအနေ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ ပြန်လည်လက်ခံရေးဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ဖိအားပေးမှုများကို ဖြေရှင်းရန် ကုလသမဂ္ဂသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန် အစီအစဉ် ရှိ မရှိ၊ တရုတ်နိုင်ငံမှ လျှပ်စစ်ဓာတ်အား ဝယ်ယူရန် အစီအစဉ် ရှိ မရှိ၊ ၂၀၁၉ ခုနှစ်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းတည်ဆောက်မည့် စီမံကိန်းအခြေအနေ၊ နေပြည်တော်သို့ နိုင်ငံတကာသံရုံးများ ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာ-အီးယူ တွေ့ဆုံဆွေးနွေးမှုနှင့် ရလဒ်အခြေအနေ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း စီမံကိန်းများ ဆောင်ရွက်ရန် ချမှတ်ထားသည့်မူဝါဒ၊ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် နိုင်ငံများတွင် မြန်မာသံရုံးဝန်ထမ်းများ၏ လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု၊ စိန့်မာတင်ကျွန်းအရေးကိစ္စနှင့် စပ်လျဉ်း၍ သံတမန်နည်းလမ်းအရ ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။

**ဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြား**

အလားတူ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းထောက်များအား ဖမ်းဆီးအရေးယူမှုများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအကြံပေးမှု၊ ဥပဒေအရာရှိများ အရေးယူခံရသည့်အရေးအတွက်၊ နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ရသည့် အမှုအရေအတွက်၊ နိုင်ငံရေးလှုပ်ရှားမှုကြောင့် ရှေ့နေလိုင်စင် ရုပ်သိမ်းခံရသူများအား လိုင်စင်ပြန်လည်ထုတ်ပေးရန် အစီအစဉ် ရှိ မရှိ စသည့်မေးခွန်းများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **မျိုးထွန်းနန္ဒာ**

# ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ)ရိုက်ကူးသော အပေးအယူ ရုပ်ရှင်ဇာတ်ကား နေပြည်တော်တွင် လေးရက်မြောက်နေ့အဖြစ် ဆက်လက်ရိုက်ကူး



**နေပြည်တော် မေ ၂၃**

ကိုလင်းထွန်း စီစဉ်ပြီး ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ) ရိုက်ကူးသော "အပေးအယူ" ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်း သုံးပုံတစ်ပုံကို နေပြည်တော်တွင် မေ ၂၀ ရက်မှ စတင်ကာ ရိုက်ကူးလျက်ရှိရာ ယနေ့ လေးရက်မြောက် ရိုက်ကူးရေးကို မင်္ဂလာသီရိဟိုတယ်နှင့် ဟိုတယ်ဇုန် လမ်းမကြီးပေါ်တွင် ဆက်လက်ရိုက်ကူးလျက်ရှိသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် မိန်းကလေးများ ရင့်ကျက်သည့် အရွယ်မှာ ဖြစ်စေ၊ ငယ်ရွယ်သည့် အရွယ်မှာ ဖြစ်စေ ချစ်သူရည်းစားထားကြသည့် အခါတွင် ချစ်သူကို ယုံကြည်၍ ဘဝကို ပုံအပ်ကြရာမှ အမှားနှင့် ရင်ဆိုင်ကြရပြီး ပြင်၍ရသည့် အမှားရှိသကဲ့သို့ ဘဝပျက်သွားသည့် အမှားများရှိသည့် အကြောင်းအရာကို မီးမောင်းထိုးပြသော ဇာတ်ကားဖြစ်သည်။

အပေးအယူ ရုပ်ရှင်ဇာတ်ကားကို မေ ၂၀ ရက်မှ စတင်ကာ ၂၅ ရက်အထိ ခြောက်ရက်ကြာ ရိုက်ကူးလျက်ရှိပြီး ရိုက်ကူးရေးလုပ်ငန်းများကို နံနက်ပိုင်းမှ စတင်ကာ ည ၁၁ နာရီအထိ ရိုက်ကူးလျက်ရှိကြောင်း၊ အပေးအယူဇာတ်ကားသည် မင်းသားမင်းသမီးထက် ဇာတ်အိမ်ကိုသာ ဦးစားပေးထားကြောင်း၊ ယခု ဇာတ်ကားအပြင် နောက်ထပ် ဇာတ်ကားအချို့ကိုလည်း နေပြည်တော်အတွင်းရှိ ကျေးလက်ဒေသများနှင့် လေ့ခွင်းတောင်၊ နမ့်မွန်ကြီးရေတံခွန်တို့တွင် ဆက်လက်ရိုက်ကူးရန်ရှိကြောင်း၊ ယင်းဇာတ်ကားအမည်ကို "ငါတို့သည်"ဟု အမည်ပေးထားကြောင်း၊ ထို့ပြင် ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် "အမေ့အကြောင်း"ဇာတ်ကားကို ထပ်မံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-နိုင်စိုးမင်း၊ ဓာတ်ပုံ-ကိုမင်း**

# ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှု အစီအစဉ် ပြုလုပ်မည်

**ရန်ကုန် မေ ၂၃**

ဒါရိုက်တာ Yasujiro Ozu ရိုက်ကူးသည့် An Autumn Afternoon ဇာတ်ကားအား မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀)၊ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၁၇) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

"An Autumn Afternoon" ရုပ်ရှင်ဇာတ်ကားသည် ဒါရိုက်တာ Yasujiro Ozu ၏ နောက်ဆုံးလက်ရာ ဇာတ်ကားကောင်းတစ်ကားဖြစ်ပြီး ၁၉၆၃ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ Mainichi Film အဖွဲ့မှ ချီးမြှင့်သော အကောင်းဆုံးသရုပ်ဆောင်ဆု နှစ်ဆုနှင့် အကောင်းဆုံးဓာတ်ပုံဆု တစ်ဆုကို ရရှိခဲ့သည်။

**သတင်းစဉ်**

## ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။ **မိုး/ဇလ**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဧပြီလအထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၀၂၀၃ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၅၂၃ သန်း ပိုမိုခဲ့

**နေပြည်တော် မေ ၂၃**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဧပြီလထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၃၄ သန်း နှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၀၄၆၉ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၂၀၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလ မှ ဧပြီလထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၆၇၈ သန်း၊ ပြည်ပသွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၀၀၂ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၆၈၀ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၁၀၅၇ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ၅၃၄ ဒေါ်လာသန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၂၃ သန်း ပိုမိုခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည်-

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဧပြီလထိ)(ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဧပြီလထိ) | နှိုင်းယှဉ်ချက်(+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၀၁၇.၉၆၉ | ၁၈၂၃.၉၅၆ | ၁၉၄.၀၁၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၂၈၁.၈၇၂ | ၇၂.၂၇၁ | ၂၀၉.၆၀၁ |
| ၃ | ရေထွက်ပစ္စည်းများ | ၄၉၆.၀၂၆ | ၄၆၇.၆၄၃ | ၂၈.၃၈၃ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၇၈.၄၀၁ | ၁၁၉၀.၈၂၉ | -၃၁၂.၄၂၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၀၃.၅၈၅ | ၁၁၅.၃၃၂ | -၁၁.၇၄၇ |
| ၆ | စက်မှုကုန်ချောပစ္စည်းများ | ၅၃၁၆.၂၅၅ | ၄၀၉၄.၅၈၁ | ၁၂၂၁.၆၇၄ |
| ၇ | အခြားပစ္စည်းများ | ၆၄၀.၄၇၀ | ၉၁၃.၀၅၄ | -၂၇၂.၅၈၄ |
| | **စုစုပေါင်း** | **၉၇၃၄.၅၇၈** | **၈၆၇၇.၆၆၆** | **၁၀၅၆.၉၁၂** |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့သည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဧပြီလထိ)(ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဧပြီလထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၃၀၆.၇၂၉ | ၃၇၁၀.၁၂၇ | -၄၀၃.၃၉၈ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၃၉၁၂.၀၃၅ | ၄၁၄၀.၇၀၉ | -၂၂၈.၆၇၄ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၉၂၆.၀၅၉ | ၂၀၆၈.၆၆၉ | -၁၄၂.၆၁၀ |
| ၄ | CMP | ၁၃၂၃.၈၁၁ | ၁၀၈၂.၇၅၇ | ၂၄၁.၀၅၄ |
| | **စုစုပေါင်း** | **၁၀၄၆၈.၆၃၄** | **၁၁၀၀၂.၂၆၂** | **-၅၃၃.၆၂၈** |

**သတင်းစဉ်**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြု

**နေပြည်တော် မေ ၂၃**

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အထက် | | | အလက | အမက | အထက (ခွဲ) | အလက (ခွဲ) | မူလွန် | အမက (ခွဲ) | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | အသစ် | အဆင့်တိုး | ပေါင်း | | | | | | | |
| ၁ | ကချင် | | ၉ | ၉ | ၃၄ | ၂၂ | ၉ | ၂၅ | ၁၄ | ၇ | ၁၂၀ |
| ၂ | ကယား | ၁ | ၃ | ၄ | ၆ | ၁၃ | ၂ | ၇ | ၁၃ | ၃ | ၄၈ |
| ၃ | ကရင် | | ၈ | ၈ | ၃၉ | ၅၀ | ၂၉ | ၃၁ | ၅၀ | ၃၆ | ၂၄၃ |
| ၄ | ချင်း | | ၂၀ | ၂၀ | ၈၀ | ၅၉ | ၅၂ | ၆၂ | ၆၅ | ၂၂ | ၃၆၀ |
| ၅ | စစ်ကိုင်း | ၁ | ၂၅ | ၂၆ | ၁၀၀ | ၁၂၆ | ၁၀၅ | ၁၀၅ | ၁၇၀ | ၃၅ | ၆၆၈ |
| ၆ | တနင်္သာရီ | | ၈ | ၈ | ၃၃ | ၁၇ | ၂၀ | ၃၄ | ၂၂ | ၁၃ | ၁၄၈ |
| ၇ | ပဲခူး(ရ) | | ၁၂ | ၁၂ | ၅၉ | ၁၆ | ၃၀ | ၂၀ | ၁၃ | ၁၅ | ၁၆၅ |
| ၈ | ပဲခူး(န) | | ၁၂ | ၁၂ | ၃၁ | ၃၄ | ၁၇ | ၃၁ | ၂၆ | ၁၂ | ၁၆၃ |
| ၉ | မကွေး | | ၃၃ | ၃၃ | ၂၅၃ | ၄၅ | ၃၃၃ | ၁၀၆ | ၁၃၃ | ၃၀ | ၉၃၃ |
| ၁၀ | မန္တလေး | | ၁၉ | ၁၉ | ၁၁၄ | ၂၄ | ၁၅၂ | ၉၈ | ၈၀ | ၂၄ | ၅၁၁ |
| ၁၁ | မွန် | | ၇ | ၇ | ၂၄ | ၁၀ | ၁၄ | ၁၈ | ၁၆ | ၃ | ၉၂ |
| ၁၂ | ရခိုင် | | ၂၀ | ၂၀ | ၁၂၀ | ၃၅ | ၁၁၄ | ၁၃၃ | ၆၇ | ၃၄ | ၅၂၅ |
| ၁၃ | ရန်ကုန် | | ၂၇ | ၂၇ | ၂၀ | ၃ | ၁၈ | ၁၉ | ၁၇ | ၈ | ၁၁၂ |
| ၁၄ | ရှမ်း(တ) | | ၇ | ၇ | ၇၁ | ၈၇ | ၅၄ | ၇၀ | ၁၁၂ | ၃၈ | ၄၃၉ |
| ၁၅ | ရှမ်း(မ) | | ၇ | ၇ | ၁၈ | ၁၂၄ | ၁၆ | ၃၆ | ၇၂ | ၆၇ | ၃၄၀ |
| ၁၆ | ရှမ်း(ရ) | | ၀ | ၀ | ၅ | ၆၆ | ၂ | ၁၁ | ၁၅ | ၄၆ | ၁၄၅ |
| ၁၇ | ဧရာဝတီ | | ၂၆ | ၂၆ | ၁၃၉ | ၃၂ | ၅၈ | ၉၀ | ၁၄၈ | ၃၂ | ၅၂၅ |
| ၁၈ | နေပြည်တော် | | ၇ | ၇ | ၂၀ | ၇ | ၂၁ | ၂၃ | ၂၉ | ၆ | ၁၁၃ |
| | **စုစုပေါင်း** | **၂** | **၂၅၂** | **၂၅၄** | **၁၁၆၈** | **၇၇၀** | **၁၀၄၇** | **၉၁၉** | **၁၀၆၂** | **၄၃၁** | **၅၆၅၁** |

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကျောင်းအဆင့်တိုး ဖွင့်လှစ်ခွင့်ပြုမည့် ကျောင်းစာရင်းများအား ပြည်သူများ သိရှိနိုင်ရန်အတွက် ဝန်ကြီးဌာနဝက်ဆိုက် www.moe.gov.mm တွင် တင်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယာဉ်အန္တရာယ်များ မဖြစ်ပွားစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့ မေ ၂၁ ရက်က လမ်းဆုံနေရာများ၊ အထက(၁) ရှေ့နေရာများတွင် ယာဉ်၊ ဆိုင်ကယ်များ စစ်ဆေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။**

တင်ထွန်းတာ(တပ်ကုန်း)



# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**နေပြည်တော် မေ ၂၃**
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၆ ဒသမ ၀၁၈ သန်း၊ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၅ ဒသမ ၆၈၃ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | - | ၁ | ၄၇၅.၁၂၄ ⁕ |
| (ခ) | စက်မှုကဏ္ဍ | ၂၈ | ၈၀.၅၁၈ ⁕ | ၈ | ၆၆.၉၆၇ ⁕ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၅၀ | ၁ | ၂.၅၉၂ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၃၅. ၅၀၀ ⁕ | ၁ | ၁.၀၀၀ |
| | စုစုပေါင်း | ၃၀ | ၁၆၆.၀၁၈ | ၁၁ | ၅၄၅.၆၈၃ |

⁕ ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများထည့်သွင်း ဖော်ပြထားခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၇၅၇၀၅ ဒသမ ၃၂၅ သန်းနှင့် ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၈၁၅၃၆ ဒသမ ၉၈၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | မတ်လ | | ဧပြီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၄၄၅၇.၀၉၄ | - | ၅၄၄၀.၀၀၀ ⁕ |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၆၂၃၉၃.၉၈၁ ⁕ | ၃ | ၂၉၈၉၈.၃၅၇ ⁕ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | - | | ၅၀၀.၀၀၀ |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၁ | ၄၂၀.၅၀၀ | - | - |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၅၀၀.၀၀၀ | - | ၁၃၂၀.၀၀၀ ⁕ |
| (စ) | လယ်ယာကဏ္ဍ | ၂ | ၆၄၁.၀၁၀ | - | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၇၂၉၂.၇၄၀ | ၂ | ၄၄၃၇၈.၆၃၀ |
| | စုစုပေါင်း | ၁၄ | ၇၅၇၀၅.၃၂၅ | ၆ | ၈၁၅၃၆.၉၈၇ |

⁕ ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လအတွင်း | ဧပြီလအတွင်း |
| (က) | စက်မှုကဏ္ဍ | ၁၆၉၂၆ ⁕ | ၅၃၆၂ ⁕ |
| (ခ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၁၁၇၆ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၅၇၆ | ၅၆ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၈၂ | ၂၆ |
| | စုစုပေါင်း | ၁၇၅၈၄ | ၆၆၂၀ |

⁕ လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင် ဖြစ်သည်။

၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မတ်လ အတွင်း | ဧပြီလ အတွင်း |
| (က) | သတ္တုတူးဖော်ရေးကဏ္ဍ | ၃၉ | - |
| (ခ) | စက်မှုကဏ္ဍ | ၉၃၄ | ၆၆၇ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၈ |
| (ဃ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁၀ | - |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၃၃ | - |
| (စ) | လယ်ယာကဏ္ဍ | ၄၄ | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၁၅ | ၁၉၈ |
| | စုစုပေါင်း | ၁၂၇၅ | ၈၇၃ |

**သတင်းစဉ်**

## (၁၃)ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၃**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) တို့ပူးပေါင်း၍ (၁၃)ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (13th NTDF ) အခမ်းအနားကို မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် တက်ရောက်သတင်းရယူနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **မောင်လူမော်**

## ခေတ်မီအအေးခန်းစက်ရုံနှင့် ငါးပေါင်းမှုန့်စက်ရုံများ၏ အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ပန်းတနော်မြို့နယ်၌ ကျင်းပမည်

**နေပြည်တော် မေ ၂၃**
Global Earth Agro & Aqua Industry အများပိုင်ကုမ္ပဏီ၏ Food Industry Complex စီမံကိန်းတွင် ပါဝင်သည့် ခေတ်မီအအေးခန်းစက်ရုံနှင့် ငါးပေါင်းမှုန့်စက်ရုံများ၏ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဝါးခယ်မ- ရွှေလောင်းလမ်းမကြီး (၁၇ မိုင် ၆ ဖာလုံ)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Food Industry Complex စီမံကိန်းတွင်ပါဝင်သည့် ခေတ်မီအအေးခန်း စက်ရုံကြီး၏ ကုန်ကြမ်းပြုပြင်ထုတ်လုပ်ပေးနိုင်မှု ပမာဏသည်တစ်နေ့လျှင် တန် ၅၀၀ နှင့် တန် ၁၀၀၀၀ သိုလှောင်ထားနိုင်ပြီး ငါးပေါင်းမှုန့်စက်ရုံများသည် ဘေးထွက်ပစ္စည်းကုန်ကြမ်း တန် (၃၀၀) ပြုပြင်ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းသည် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် Global Earth Agro & Aqua Industry အများပိုင်ကုမ္ပဏီကို ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်တည်ဆောက်ခဲ့ပြီး ခေတ်မီငါးသားဖောက်လုပ်ငန်း၊ ခေတ်မီစနစ်ဖြင့် ကန်ကြပ်ငါး မွေးမြူရေးလုပ်ငန်း၊ ခေတ်မီအစာစက်ရုံ၊ ခေတ်မီအအေးခန်းစက်ရုံနှင့် ဘေးထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေး စက်ရုံလုပ်ငန်းများနှင့် ခေတ်မီလူနေအိမ်ရာများ ပါဝင်သည့် Food Industry Complex စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**မောင်လူမော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၃**
တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ဂန့်ဂေါမြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် ချောက်မြို့နှင့် ပေါက်မြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၂ ဒသမ ၁၇ လက်မ၊ လှိုင်းဘွဲမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ရေဦးမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ကျိုက်ဒိုမြို့တွင် ၁ ဒသမ ၀၄ လက်မ၊ လွိုင်လင်မြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် ကော့ကရိတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၈၇ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ပြည်မြို့ရှိ သီးနှံအရည်အသွေးစစ်ဓာတ်ခွဲခန်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ

**ပြည် မေ ၂၃**
ပြည်မြို့ ဒုတိယတိုင်းဒေသကြီး စိုက်ပျိုးရေးရုံးဝင်းအတွင်း၌ JICA အကူအညီဖြင့် ၂၀၁၇ ခုနှစ် မေ ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့သော ရိတ်သိမ်းချိန်လွန် နည်းပညာနှင့်သီးနှံအရည်အသွေးစစ်ဓာတ်ခွဲခန်းအား စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ် နိုဝင်ဘာတွင် မျိုးစေ့အရည်အသွေးစစ်ဓာတ်ခွဲခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့အဆင့်တိုးမြှင့်ဖွင့်လှစ်မည့် ဓာတ်ခွဲခန်းတွင် တာဝန်ထမ်းဆောင်ရန် ပြည်မြို့ ဒုတိယတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ကျွမ်းကျင်ဝန်ထမ်း ၁၄ ဦးတို့ကို ပညာရှင်များဖြစ်သော JICA မှ မစ္စတာ မာဆာကာဇူ ခါနာမိုတို နှင့် OMIC (Myanmar) မှ ဦးမောင်မောင်မြင့်တို့က မေ ၂၀ ရက်မှ ၂၄ ရက်အထိ အဆိုပါရုံး၌ သင်တန်းဖွင့်လှစ်၍ ဓာတ်ခွဲခန်းဆိုင်ရာ နည်းပညာများကို စာတွေ့လက်တွေ့သင်ကြား ပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်ခွဲခန်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ (JICA)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)အတွင်း အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ရေသွင်းစိုက်ပျိုးရေးစနစ်ဖော်ဆောင်ရေးစီမံကိန်းတွင် ပါဝင်သော စိုက်ပျိုးရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ တစ်ခုဖြစ်ကြောင်း PROFIA မှ စီမံကိန်းလက်ထောက် ဦးစိုင်းအောင်ကြိုင်က ရှင်းပြသည်။

စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီးဆည်ရေသောက်စနစ်အတွင်း စိုက်ပျိုးရေးစီမံခန့်ခွဲခြင်း၊ ဆည်ရေသောက်စနစ်များ စီမံ/ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ JICA အကူအညီဖြင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် နိုဝင်ဘာတွင် သီးနှံအရည်အသွေးစစ်ဓာတ်ခွဲခန်းအား မျိုးစေ့အရည်အသွေးစစ်ဓာတ်ခွဲခန်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသားနှစ်ဦး ဆိုင်ကယ်ဖြင့် နိုင်ငံပေါင်း ၃၀ ကျော်ကို ကမ္ဘာလှည့်ခရီးသွားမည်

**ရန်ကုန် မေ ၂၃**

မြန်မာနိုင်ငံသား ကိုအောင်ကျော်ဝင်းနှင့် ကိုစိုင်းဇွန်ဖ တို့နှစ်ဦးက ဆိုင်ကယ်ဖြင့် နိုင်ငံပေါင်း ၃၀ ကျော်သို့ ခရီးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဖြင့် ကမ္ဘာလှည့်ခရီးသွားရာတွင် ဖြတ်သန်းမည့် နိုင်ငံများမှာ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ တရုတ်၊ မွန်ဂိုလီးယား၊ ကာကျစ္စတန်၊ ရုရှား၊ ဖင်လန်၊ ဆွီဒင်၊ နော်ဝေ၊ ဂျာမနီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ အင်္ဂလန်၊ စကော့တလန်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ အီတလီ၊ ဆွစ်ဇာလန်၊ သြစတြေးလျ၊ ချက်၊ ပိုလန်၊ ဆလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ဆာဘေးရီးယား၊ မက်ဆီဒိုးနီးယား၊ ဂရိ၊ ဘူဂေးရီးယား၊ တူရကီ၊ အီရန်၊ အိန္ဒိယနှင့် နီပေါနိုင်ငံတို့ဖြစ်ပြီး မိုင်ပေါင်း သုံးသောင်းကျော်အထိ ဖြစ်သည်။

အဆိုပါ ခရီးသွားလာမှုဖြင့် မြေပြင်အခြေအနေ ကွဲပြားခြားနားမှုများကြားမှ မတူညီမှုများ၊ ရင်းနှီးမှုများ၊ အခက်အခဲများ စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ မျှဝေ၍ အသိပညာယဉ်ကျေးမှုများကို ဖလှယ်ကာ မြန်မာကို ကမ္ဘာကသိရှိအောင်ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်သည်။ ယခင်က မြန်မာနိုင်ငံတွင် ပထမဦးဆုံး ခရီးရှည်ဆိုင်ကယ် မောင်းနှင်ခဲ့သူများဖြစ်သည့် ဦးဘတုတ်နှင့် ဒေါ်တင်တင်စိန်တို့ဇနီးမောင်နှံမှာ မှတ်တမ်းတင်ခံထားရသူများဖြစ်ပြီး စစ်ကျန် BSA ( Birmingham Small Arms Company Limited ) ဆိုင်ကယ်ဟောင်းတစ်စီးဖြင့် တစ်နှစ်အတွင်း နိုင်ငံ ၃၀ ကို ဖြတ်သန်းခဲ့သူဖြစ်ကြောင်း သိရသည်။

ကိုအောင်ကျော်ဝင်းနှင့် ကိုစိုင်းဇွန်ဖတို့နှစ်ဦးမှာ ပြည်တွင်းခရီးစဉ်များ ဖြစ်သည့် ရန်ကုန်မှ ပုဂံ၊ ရန်ကုန်မှ မန္တလေး၊ ရန်ကုန်မှ တာချီလိတ်၊ ရန်ကုန်မှ နာဂ၊ ရန်ကုန်မှ ပူတာအို၊ ရန်ကုန်မှ ငွေဆောင်၊ ရန်ကုန်မှ တောင်ကြီး၊ ရန်ကုန်မှ ကန်ပက်လက် စသည့်ဒေသများသို့ ဆိုင်ကယ်ဖြင့် ခရီးသွားခဲ့ကြပြီးဖြစ်သည်။

**သတင်းစဉ်**

# အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုကျပ်အတွင်း ကျရောက်

**ရန်ကုန် မေ ၂၃**

မြန်မာအသင်းယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို မေ ၂၃ ရက်က ပြုလုပ်ရာ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။

နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည့် လေးသင်း၊ ခြေစစ်ပွဲအောင် လေးသင်း စုစုပေါင်း ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး လေးသင်းနှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားအသင်းတို့နှင့် ကျရောက်ခဲ့ပြီး အုပ်စု (က) တွင် အိမ်ရှင်ထိုင်း၊ မြောက်ကိုရီးယား၊ သြစတြေးလျနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို နှစ်ရက်ခြားတစ်ပွဲ ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ဂျပန်အသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် တရုတ်အသင်း၊ နိုဝင်ဘာ ၃ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင်ထိုင်းပါဝင်သည့် အုပ်စုတွင် ပါဝင်ခြင်းမရှိသောကြောင့် အာရှထိပ်သီးအသင်းများနှင့်သာ ကျရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် လေးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်း ဖြစ်ပြီး ပြီးခဲ့သည့် သုံးကြိမ်တွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် သြစတြေးလျ၊ ဥဇဘက်ကစ္စတန်၊ နီပေါတို့နှင့် ကျရောက်ခဲ့ပြီး သြစတြေးလျအသင်းနှင့်အတူ ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၃ ရက်၊ ဆီမီးဖိုင်နယ်ပွဲများကို နိုဝင်ဘာ ၆ ရက်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာအမျိုးသမီးအသင်း။

# တပ်ကုန်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ၃၀ ကျော်ရှိ အဆောက်အအုံအလုံး ၅၃၀ ကျော် အမိုးလန်ပျက်စီး

**တပ်ကုန်း မေ ၂၃**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် မေ ၂၂ရက် ည ၇နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်း ကျေးရွာများရှိ ဘုန်းကြီးကျောင်း၊ ယာယီစာသင်ဆောင်၊ လူနေအိမ်၊ မီးဖိုဆောင်၊ နွားစာတဲ စုစုပေါင်းအလုံး ၅၃၀ ကျော် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ညောင်တုံးအိုင်ရွာတွင် လူနေအိမ် ၂၁ လုံး၊ ကြံခင်းရွာတွင် လူနေအိမ် ၁၇ လုံး၊ ညောင်ကုန်းရွာတွင် လူနေအိမ် ၃၃ လုံး၊ တရော်ပင်အင်းရွာတွင် လူနေအိမ် ၁၁ လုံး၊ ခရမ်းစပ်ကုန်းရွာတွင် လူနေအိမ် ၁၁၈ လုံး၊ ပေတောရွာတွင် လူနေအိမ် တစ်လုံး၊အင်ဖက်ကုန်းရွာတွင် လူနေအိမ် ခြောက်လုံး၊ ညောင်ပင်သာရွာတွင် လူနေအိမ် ၁၀ လုံး၊ ရေအေးရွာတွင် လူနေအိမ်အလုံး ၄၀ ၊ ရှားတောရွာတွင် ၃၉ လုံး၊ ရွှေဥဒေါင်းရွာတွင် လူနေအိမ်ခုနစ်လုံး၊ ပေါက်ပင်သာရွာတွင် လူနေအိမ်တစ်လုံး၊ ဂွေးပင်ရွာတွင် လူနေအိမ် ၁၁ လုံး၊ ခြုံကြီးရွာတွင် လူနေအိမ်လေးလုံးနှင့်မီးဖိုဆောင်နှစ်လုံး၊ ယာယီစာသင်ဆောင် တစ်လုံး၊ သာယာဝှမ်းရွာတွင် လူနေအိမ် ၁၂ လုံး၊ ကြံဘိုရွာတွင် လူနေအိမ်နှစ်လုံး၊ ကျောင်းရွာတွင် လူနေအိမ် ၂၃ လုံး၊ သော်တာရွာတွင် လူနေအိမ် ၃၉ လုံး၊ ကျေးချောင်း (မ) ရွာတွင် လူနေအိမ်ရှစ်လုံး၊ အေးချမ်းသာစံပြရွာတွင် လူနေအိမ် ခုနစ်လုံးနှင့် မီးဖိုဆောင်နှစ်လုံး၊ နွားစာတဲ (စင်းတိုက်) တစ်လုံး၊ လှော်ဘုံရွာတွင် လူနေအိမ်ခြောက်လုံး၊ သာယာအေးရွာတွင် လူနေအိမ်ငါးလုံး၊ ရွာသစ်ရွာတွင် လူနေအိမ်ခြောက်လုံး၊ ကံလှရွာတွင် လူနေအိမ်တစ်လုံး၊ ရွေးစုရွာတွင် လူနေအိမ်တစ်လုံး၊ လယ်ဇပင်ရွာတွင် လူနေအိမ် ၁၄ လုံးနှင့်မီးဖိုဆောင်သုံးလုံး၊နွားစာတဲ (စင်းတိုက်) ၁၀ လုံး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဖက်သန်းတောင်ရွာတွင် လူနေအိမ်နှစ်လုံးနှင့် မီးဖိုဆောင်တစ်လုံး၊ နွားစာတဲ (စင်းတိုက်) နှစ်လုံး၊ သံပုရာကုန်းရွာတွင်လူနေအိမ်သုံးလုံး၊ လက်ပန်ရွာတွင်လူနေအိမ်သုံးလုံးနှင့်မီးဖိုဆောင် တစ်လုံး၊နွားစာတဲ (စင်းတိုက်) တစ်လုံး၊ အင်းခုံရွာတွင် လူနေအိမ်သုံးလုံး၊ ကြက်သွန်ခင်းရွာတွင် လူနေအိမ်တစ်လုံး၊ ရွာတော်ကုန်းရွာတွင် လူနေအိမ်ခုနစ်လုံးနှင့် နွားစာတဲ (စင်းတိုက်) နှစ်လုံး၊ ရွှေမြို့ ရေရွာတွင် လူနေအိမ်နှစ်လုံး၊ ဘူတာရွာတွင် လူနေအိမ်နှစ်လုံး၊ အင်ပင်ရွာတွင် လူနေအိမ်ငါးလုံး၊ ကန့်နီရွာတွင် လူနေအိမ်လေးလုံး၊ နွယ်ရစ်ရွာတွင် လူနေအိမ် ၁၃ လုံးနှင့် နွားစာတဲ(စင်းတိုက်) နှစ်လုံး၊ ဇရပ်ကြီးကုန်းရွာတွင် လူနေအိမ် ၁၂ လုံးနှင့် နွားစာတဲ (စင်းတိုက်) တစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ အမိုးလန်ပျက်စီးမှုအား ယနေ့ နံနက်ပိုင်းက နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသက်ထွန်း၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမင်းစိုးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပေးရန်အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်များကို တွေ့ရစဉ်။

▼ *ကျောဖုံးမှ*

ဗိုလ်မှူးချုပ် ကျော်ကျော်ဦး၊ မွန်ပြည်နယ် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဇာနည်ဝင်း (ငြိမ်း)၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးအောင်ကြည်၊ Myanmar Zwe Mann Co.,Ltd. မန်နေးဂျင်း ဒါရိုက်တာ ဦးဝင်းဇော်တို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံ၌ ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ နိုင်ငံဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အနာဂတ်တွင် ဂေါက်သီးမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ကျင်းပသည့် ယင်းပြိုင်ပွဲတွင် ပညာရှင် အဆင့်ပြိုင်ပွဲ၌ ၃၁ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသား ပြိုင်ပွဲ၌ ၉၆ ဦး၊ ဝါသနာရှင် အဆင့်အမျိုး သမီးပြိုင်ပွဲ၌ ၁၀ ဦး၊ အားကစားသမား စုစုပေါင်း ၁၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင် လျက်ရှိသည်။ ပထမပွဲစဉ် (မော်လမြိုင်) ကို မေ ၂၃ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် တာဝန်ရှိသူများ၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ Myanmar Zwe Mann Co.,Ltd. မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ နာယကများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို Myanmar Zwe Mann Co., Ltd. MWD Bank, SAE PAING Development Ltd, Telecom International Myanmar Co., Ltd. (Mytel), Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar), Innwa Bank တို့က အဓိကကူညီပံ့ပိုးပေးထားပြီး အားကစားသမားများ သွားလာမှု လွယ်ကူစေရန်အတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ လီမိတက်မှ အခမဲ့ကူညီပံ့ပိုးပေးထားသည်။

**သတင်း-ဖိုးသော်ဇင်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**မစ်ဒယ်ဘရော့အသင်းနည်းပြဖြစ်လာဖွယ်ရှိနေသည့် ဝှုန်တယ်ရီ**

လက်ရှိအက်စ်တွန်ဗီလာအသင်း၏ လက်ထောက်နည်းပြဖြစ်သူ အင်္ဂလန်နှင့် ချယ်လ်ဆီးအသင်းခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီသည် မစ်ဒယ်ဘရော့အသင်း၌ နည်းပြသစ်ဖြစ်လာရေးနှင့်ပတ်သက်ပြီး အသင်းတာဝန်ရှိသူများများနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကန်ဆယ်လိုအား ခေါ်ယူရန် မန်စီးတီးအသင်း နီးစပ်လာ**

မန်စီးတီးအသင်းသည် ဂျူဗင်တပ်စ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၅၂ ဒသမ ၉ သန်း သတ်မှတ်ထားသော အသက် ၂၄ နှစ်အရွယ် ပေါ်တူဂီဗဟိုခံစစ်ကစားသမား ကန်ဆယ်လိုအား ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ပေါ်တူဂီအခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**အေတီမက်နှင့် နာပိုလီအသင်း ထရစ်ပီရာအား ခေါ်ယူရန် စိတ်ဝင်စား**

အက်သလက်တီကို မက်ဒရစ်နှင့် နာပိုလီအသင်းတို့သည် တော့တင်ဟမ်အသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ထရစ်ပီရာ (၂၈နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာတွင် ဖော်ပြထားသည်။

**လူကာကူအား ခေါ်ယူသွားဖွယ်ရှိနေသည့် ကွန်တီ**

ကွန်တီသည် အင်တာမီလန်အသင်းအနေဖြင့် ၎င်းအား နည်းပြအဖြစ် ခန့်အပ်ခဲ့ပါက မန်ယူအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူ (၂၆နှစ်) အား ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒေါ်ဆင်အား ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူဖွယ်ရှိသည့် ဘန်လေ**

ဘန်လေအသင်းသည် ချန်ပီယံရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းမှ အင်္ဂလန်ခံစစ်ကစားသမား ဒေါ်ဆင် (၂၉နှစ်) အား ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် အသင်းသို့ ခေါ်ယူသွားဖွယ်ရှိကြောင်း သည်ဆန်းတွင်ဖော်ပြထားသည်။

**ရေစီဂျိမ်းစ်အား တစ်ရာသီအငှားဖြင့် ဂရေဟမ်ပေါ်တာ ခေါ်ယူလိုနေ**

ဘရိုက်တန်နည်းပြသစ် ဂရေဟမ် ပေါ်တာသည် ချယ်လ်ဆီးအသင်းမှ အင်္ဂလန် ယူ-၂၀ ညာနောက်ခံကစားသမား ရေစီ ဂျိမ်းစ် (၁၉နှစ်) အား တစ်ရာသီအငှားဖြင့် ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**နယူးကာဆယ်၊ ဆောက်သမ်တန်နှင့် ဘရိုက်တန်အသင်းတို့ ဝီလ်ဆင်အား ခေါ်ယူလို**

နယူးကာဆယ်၊ ဆောက်သမ်တန်နှင့် ဘရိုက်တန်အသင်းတို့သည် တောင်ပံကစားသမား ဟယ်ရီ ဝီလ်ဆင် (၂၂နှစ်) အား ခေါ်ယူလိုနေသော်လည်း လီဗာပူးအသင်းက အဆိုပါ ဝေးလ်ကစားသမားအတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်း အလိုရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မာရီဂါအား ခေါ်ယူရေးတွင် ဦးဆောင်လျက်ရှိနေသည့် ဝုဖ်**

ဝုဖ်အသင်းသည် ပေါ်တိုအသင်းမှ တိုက်စစ်ကစားသမား မာရီဂါ (၂၈နှစ်) အား ခေါ်ယူရေးတွင် ဦးဆောင်လျက်ရှိနေကြောင်း မေရာတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ကမ်းစပ်တွင် လင်းပိုင်တစ်ကောင် သေဆုံးလျက်တွေ့ရှိ

**ဟိုင်းကြီးကျွန်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကြာကန်ကျေးရွာ မေခလာ တည်းခိုဆောင်အနီး ပင်လယ်ကမ်းစပ်တွင် မေ ၂၃ ရက် နံနက် ၉ နာရီခန့်က ပုပ်ပွ သေဆုံးနေသော လင်းပိုင်တစ်ကောင် ပင်လယ်ရေနှင့် မျောပါ၍ သောင်တင်နေကြောင်း သိရသည်။

ပုပ်ပွနေသော လင်းပိုင်အသေ မှာ အလျား ၇ ပေ ၄ လက်မ၊ လုံးပတ် ၅ ပေ ရှိပြီး လင်းပိုင်၏ ဘေးဘက်တွင် အလျားလိုက် လှီးဖြတ်ထားသော ဒဏ်ရာတစ်ခုပါရှိကြောင်း သိရသည်။

သေဆုံးနေခဲ့သည်မှာ ၁၀ ရက်ခန့်ရှိနေပြီဖြစ်သော လင်းပိုင်အသေကို ပင်လယ်ရေတက်ချိန်တွင် ရေနှင့် မျောပါလာပြီး လှိုင်းရိုက်ကာ သောင်ပြင်၌ တင်နေကြောင်း ဒေသခံခရီးသွားတစ်ဦး၏ ဆက်သွယ် သတင်းပေးပို့ချက်အရ ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။


ပုပ်ပွသေဆုံးနေသော လင်းပိုင်တစ်ကောင်အား သောင်တင်လျက်တွေ့ရစဉ်။

အဆိုပါ လင်းပိုင်အသေအား ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနက စစ်ဆေးမှုများ လုပ်ဆောင်ပြီးနောက် အရိုးများရယူနိုင်ရန်အတွက် မြေမြှုပ်ဖျက်ဆီးထားရှိခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# လှိုင်ကော်မြို့နယ်၌ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံး

**လှိုင်ကော် မေ ၂၃**

ကယားပြည်နယ် လှိုင်ကော်မြို့ ထီးတူးကူးကျေးရွာတွင် မေ ၂၃ ရက် နံနက် ၅ နာရီ ၂၅ မိနစ်က မြေစိုက်တစ်ထပ် နေအိမ်တစ်လုံး မီးလောင်ပျက်စီးသွားကြောင်း သိရသည်။

ထီးတူးကူးကျေးရွာနေ ဒေါ်ဖောဟီး (၃၄ နှစ်)သည် ထင်းမီးဖိုဖြင့် ထမင်းချက်ရာမှ အနီးရှိ ထရံသို့ ကူးစက်လောင်ခဲ့ရာ သွပ်မိုးထရံကာ ပျဉ်ခင်းမြေစိုက် တစ်ထပ်နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင် ဦးစီးသော တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် ငြှိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ လှိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# မင်းလှမြို့တွင် ဆီသိုလှောင်ကန်အတွင်းသို့ ရေနံစိမ်းဆီထည့်ရာမှ ကားမီးလောင်မှုဖြစ်

**အထက်မင်းလှ မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအနီး ကုန်းကြီး ဆီခြံရှိ အကွက်အမှတ်(၂၆) ဆီခြံပိုင်ရှင် မင်းလှမြို့ ရုံးရပ်မြောက်ပိုင်းရပ်ကွက်နေသူ ဦးသက်(ခ) ဦးဖိုးသက်၏ ဆီခြံတွင် မေ ၂၂ ရက် မွန်းလွဲ ၂ နာရီက မီးစတင်လောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးသက်(ခ)ဦးဖိုးသက်၏ ဆီခြံတွင် ရေနံစိမ်းပီပါမှ ရေနံစိမ်းများ အား အင်ဂျင်ပန့်ဖြင့် စုပ်ယူ၍ ရေနံစိမ်းဆီသိုလှောင်ကန်အတွင်းသို့ ရွှေ့ပြောင်းထည့်စဉ် ပိုက်ထိပ်ဝတွင်တပ်ဆင်ထားသော သံဂေါက်နှစ်ခု ပွတ်တိုက်မိရာမှ မီးစတင်လောင်ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ၂၂ ဘီး ဆီဘောက်ဆာတွဲယာဉ်၏ ရှေ့အင်ဂျင်ခေါင်းခန်း တစ်ခုလုံးနှင့် ကားတာယာ ၁၀ လုံး၊ ၁၂ ဘီး ဘောက်ဆာယာဉ်၏ နောက်ပိုင်းတစ်ခုလုံးနှင့် ကားတာယာ ကိုးလုံး၊ ဆီစုပ်ပိုက်ဂေါက်တံပါ နှစ်ချောင်း၊ ရေနံစိမ်း ၂၅ ဂါလန်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မြို့နယ်မီးသတ်ဦးစီးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့မစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကသာမြို့နယ်၌ မီးဖိုဆောင်တစ်လုံး မီးလောင်

**ကသာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တံတားဦးကျေးရွာတွင် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က မီးဖိုဆောင်တစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညပိုင်း ထင်းမီးဖိုဖြင့် ထမင်းအိုးတည်ခဲ့သော မီးဖိုဆောင်တွင် မီးဖိုးမီးကြွင်းမီးကျန်မှ စတင်ကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းညွန့်နှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ဖြိုးသူ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေ ပြည်သူများက မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆသူ အိမ်ရှင် ဒေါ်ရွယ်ဂျီးအား ကသာမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်မျိုးကျော်(ကသာ)**

# မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - အပူဒဏ်ကာကွယ်ရေး
- ၉း၁၀ - မုံးလျှင်မမောင်းပါနှင့်
- ၉း၁၅ - "အမိမြန်မာပြည်မြောက်ဘက်စွန်းက ရေခဲတောင်များရှိရာဆီ"
- ၉း၄၀ - Soccer View
- ၁၀း၃၀ - မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရန်များ
- ၁၀း၃၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၁၀၃)
- ၁၀း၄၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၀ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၄) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
- ၁၃း၀၅ - "ရှုမဆုံးတော့သည့် လူချွန်လူကောင်း၏ ရုပ်ပုံလွှာ" (အပိုင်း-၂)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၁၇)
- ၁၄း၁၅ - ခာတ်ဆီဖြည့်မှုသတိပြု
- ၁၄း၂၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အေဝမ်းသိန်းထွဋ်)
- ၁၅း၀၀ - "ပန်းကလေးများပွင့်တော့မည်"

**ညပိုင်း**

- ၁၆း၃၅ - "ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်း"
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "စပျစ်သီးသန္ဓေအကြောင်းသိကောင်းစရာ"
- ၁၇း၂၀ - Catch Asia News (Season-II) (Epi-38)
- ၁၇း၃၀ - Weekly Sport Info
- ၁၇း၅၅ - အန္တရာယ်ကြီးမားမူးယစ်ဆေးဝါး
- ၁၈း၃၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ယောက်ဖစစ်ဆင်ရေး" (ဇေရဲထက်၊ ရာဇာနေဝင်း၊ ကျော်ကျော်၊ ခင်လှိုင်၊ ခင်ဝင့်ဝါ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- \- လျှောင်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့(ရုပ်သံ၊ ဇာတ်လမ်း)

# ဒီးမော့ဆို၊ ဖောင်းပြင်၊ တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်တပ်ဖွဲ့စု(၂၀) လွိုင်ကော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆို-တောင်ငူသွားကားလမ်းတွင် ကာမေးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၂၁ ရက် မွန်းလွဲ ၃ နာရီက ဖောင်းပြင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖောင်းပြင်မြို့နယ် ရောင်းဟီးကျေးရွာအဝင်လမ်းပေါ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် Harrier မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံရှာဖွေရာ ည ၇ နာရီက ဖောင်းပြင်မြို့နယ် ရောင်းဟီးကျေးရွာ အရှေ့ဘက်တောလမ်းတွင် ယာဉ်ကိုတွေ့ရှိပြီး ရှာဖွေရာ ဆပ်ပြာခွက် ၆၆၀ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို သိမ်းဆည်းရမိခဲ့သည်။


ဖောင်းပြင်မြို့နယ်၌ သိမ်းဆည်းရမိသည့် ဘိန်းဖြူများအား တွေ့ရစဉ်။

ထို့အတူ မေ ၂၂ ရက် နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်တွင် ထိုင်းနိုင်ငံသား Amnart chok Chon (ခ) စိုင်းဝန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၉ ပြား၊ Beretta စာတန်းပါ အီတလီနိုင်ငံထုတ် ၉ မမ ပစ္စတိုတစ်လက်၊ ယင်းကျည် ၂၉ တောင့်၊ ယင်းကျည်အိမ် နှစ်ခုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အလားတူ တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) မြို့ပတ်လမ်း အမှတ်(၁၀/၃)ရှိ မိုးငင်းလမ်းဟောင်းတွင် ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာသူ အာဗေလ၊ ကျလောနှင့် ဝေချာတို့အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမာမြို့၌ မြစ်အတွင်း ငါးဖမ်းပိုက်သိမ်းနေစဉ် မိုးကြိုးပစ်သောကြောင့် လူတစ်ဦးသေ၊ တစ်ဦးပျောက်ဆုံး

**အမာ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ထွန်းအောင်ချောင်းပိုက်တဲတန်း ရေလုပ်သားအစုအဖွဲ့ဖြင့် ပိုက်ထောင်နေသူ နှစ်ဦးကို မိုးကြိုးပစ်ခံရကာ တစ်ဦးသေ၊ တစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၃ နာရီခွဲက ထွန်းအောင်ချောင်းပိုက်တန်းမှ ကိုဇော်မျိုးနှင့် ကိုလှဌေးနိုင်တို့သည် ပိုက်ဖော်ပိုက်သိမ်းရန်အတွက် ပိုက်တန်းသို့ စက်လှေတစ်စင်းဖြင့် သွားခဲ့ကြောင်း၊ ခဏကြာသောအခါ မိုးရွာလာပြီး မိုးကြိုးပစ်သံများ၊ လျှပ်စီးများ တွေ့ရကြောင်း၊ ကိုလှဌေးနိုင်၏ ဖခင်က ပိုက်ဖော်သွားသောစက်လှေ ပြန်မလာသဖြင့် မြစ်ဝပိုက်တန်းသို့ လိုက်ရှာခဲ့ရာ စက်လှေပေါ်တွင် ကိုဇော်မျိုး(၃၅ နှစ်)အား ရေစီးအတွင်း မျောပါလျက် တွေ့ရှိခဲ့ကြောင်း ဦးဇော်မောင်၏ ပြောကြားချက်အရ သိရသည်။

လှေဦးပိုင်းတွင် မိုးကြိုးပစ်ခံထားရသော သစ်သားအကွဲစများ တွေ့ရကာ သေဆုံးသူ ကိုဇော်မျိုးအား ညနေ ၅ နာရီခွဲတွင် အမာပြည်သူ့ဆေးရုံသို့ လာရောက်ပို့ဆောင်ပြီး ရေထဲကျပျောက်ဆုံးနေသော ကိုလှဌေးနိုင်အား ရေလုပ်သားများက စုပေါင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်သေဆုံး

**ကျောက်ပန်းတောင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သီးကုန်းကျေးရွာတွင် မေ ၂၂ ရက် ညနေ ၄ နာရီခွဲက အမျိုးသမီးတစ်ဦး နေအိမ်တွင် ရေချိုးနေစဉ် မိုးကြိုးထိမှန်သေဆုံးသွားကြောင်း သိရသည်။

သီးကုန်းကျေးရွာမှ ဒေါ်အေးကြည်(၄၀ နှစ်)သည် နေအိမ်တွင် ရေချိုးနေစဉ် မိုးကြိုးထိမှန် သေဆုံးခဲ့ခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားရဲစခန်းမှ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ်အတွင်း လုယက်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၃**

လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းမပေါ်တွင် ဧပြီလနောက်ဆုံးပတ်က မသင်္ကာဖွယ် ဆိုင်ကယ်စီးနင်းလာသူ ရဲကိုနိုင်အား ရပ်တန့်စစ်ဆေးရာ ၎င်း၏ ဝဲဘက်လက်တွင် ဆုပ်ကိုင်လျက်တွေ့ရှိရသည့် ဆံပင်များဖြင့် လုံးထွေးနေသော သံကွင်းဆက်၊ ပုတီးဆွဲသီးပါ ရွှေဆွဲကြိုးအပြတ် တစ်ကုံးအားတွေ့ရှိရသဖြင့် အသေးစိတ်စစ်မေးခဲ့ရာ ၎င်းက (၈)ရပ်ကွက် ရုံးရှေ့မှတ်တိုင်အနီးတွင် လမ်းလျှောက်လာသော အမျိုးသမီးတစ်ဦးထံမှ ဆွဲဖြတ်ယူဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သိမ်းဆည်းပြီး အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ ရဲကိုနိုင်အားအခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိ ထပ်မံစစ်ဆေးခဲ့ရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လှိုင်ယာမြို့နယ် (၇)ရပ်ကွက် မီးခွက်ဈေးအောက်ထိပ်၊ ရန်ကုန်-ပုသိမ် လမ်းမကြီးပေါ်၌ စက်ဘီးစီးလာသော အမျိုးသားတစ်ဦးထံမှ ရွှေရည် ၁၄ ပဲရည် အလေးချိန် ၈ ပဲ/၂ ရွေး ရှိရွှေဆွဲကြိုး တစ်ကုံး၊ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် စက်ဘီးစီးလာသော အမျိုးသားတစ်ဦးထံမှ ရွှေရည် ၁၅ ပဲရည် အလေးချိန် ၂ ပဲ/၆ ရွေး ခန့်ရှိ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလင်ပန်းစက်မှုဇုန် ငွေပင်လယ်ဘုရားအနီးတွင် စက်ဘီးစီးလာသော အမျိုးသားတစ်ဦးထံမှ ရွှေရည် ၁၄ ပဲရည် အလေးချိန် ၁ ကျပ်သား ၂ ရွေးခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးတို့ကို လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ရဲကိုနိုင်အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



ဗြေီလအတွင်းက တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် စိန့်စီဘက်စတီယံ ဘုရားရှိခိုးကျောင်း၌ ဆီမီးထွန်းညှိသူများကို တွေ့ရစဉ်။

## သီရိလင်္ကာ၌ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်ခဲ့သော်လည်း သတင်းမှားများပျံ့နှံ့

**ကိုလံဘို မေ ၂၃**

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သောတစ်လအကြာကဖြစ်ပွားခဲ့သည့် အီစတာပွဲတော်အသေခံဗုံးခွဲတိုက်ခိုက်မှုအပြီးတွင် အစိုးရက လူမှုကွန်ရက်အသုံးပြုမှုကို ပိတ်ပင်ကာ သတင်းအမှောင်ချခဲ့သော်လည်း သီရိလင်္ကာနိုင်ငံရှိ လူမှုကွန်ရက်များတွင် သတင်းမှားပျံ့နှံ့မှုများရှိနေသည်ကို တွေ့ရသည်။

သတင်းမှားများ ပျံ့နှံ့မှုသည် အစိုးရက မဟုတ်မမှန်လုပ်ကြံသတင်းများကို ထိန်းချုပ်ရန် မစွမ်းနိုင်သည့် အနေအထားကို ဖော်ပြနေကြောင်း ကျွမ်းကျင်သူများက မှတ်ချက်ချခဲ့ကြသည်။ ပြီးခဲ့သည့် ဧပြီ ၂၁ ရက်က နိုင်ငံအတွင်းရှိ ဘုရားရှိခိုးကျောင်းများနှင့် ဟိုတယ်များကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့်အတွက် ၂၅၈ ဦးသေဆုံးကာ လူ ၅၀၀ နီးပါး ထိခိုက်ဒဏ်ရာရခဲ့ရပြီးနောက် အစိုးရက ဖေ့စ်ဘုတ်၊ တွစ်တာ၊ ယူကျု၊ အင်စတာဂရမ်နှင့် WhatsApp အသုံးပြုမှုများအပါအဝင် လူမှုကွန်ရက်အသုံးပြုမှုများကို ကိုးရက်ကြာ ပိတ်ပင်ထားခဲ့သည်။

ဆန္ဒစောနေကြသည့် လူမှုကွန်ရက်သုံးစွဲသူအများအပြားသည် တားမြစ်ပိတ်ပင်ထားမှုကို ကျော်ဖြတ်နိုင်ရန် VPNs ကွန်ရက် သို့မဟုတ် TOR ကွန်ရက်ကိုဖွင့်ကာ ဝင်ရောက်ခဲ့ကြပြီး မိတ်ဆွေများနှင့် ဆွေမျိုးများကို ဆက်သွယ်ခဲ့ကြကြောင်း သိရသည်။ ညှိနှိုင်းခြင်း၊ မျှဝေခြင်းနှင့် ဖေ့စ်ဘုတ်ပါအကြောင်းအရာများ ဆွေးနွေးမှုကို တားဆီးရန် အစိုးရက လူမှုကွန်ရက်အမှောင်ချရန် ကြိုးပမ်းခဲ့မှုမှာ အောင်မြင်ခြင်းမရှိကြောင်း ကိုလံဘိုရှိ မူဝါဒအလှည့်အပြောင်းဆိုင်ရာဌာနမှ သတင်းမှားများနှင့် ပတ်သက်၍ လူမှုကွန်ရက်ကို စစ်ဆေးစောင့်ကြည့်မှုများ လုပ်ဆောင်နေသည့် ဆန်ဂျာနာဟာတိုတူဝါက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အပစ်အခတ်ရပ်စဲရေးရှိမည်မဟုတ်ကြောင်း လစ်ဗျားအာဏာရှင်ခေါင်းဆောင် ဟက်ဖ်တာပြော

**ထရီပိုလီ မေ ၂၃**

ထရီပိုလီရှိ ကုလသမဂ္ဂအသိအမှတ်ပြုအစိုးရကို ဆန့်ကျင်ပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုကို ဦးဆောင်နေသည့် လစ်ဗျားအာဏာရှင် ခေါင်းဆောင် ကာလီဖာဟက်ဖ်တာသည် ပါရီ၌ ပြုလုပ်သည့် ပြောဆိုဆွေးနွေးမှုများအတွင်း ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က အပစ်အခတ်ရပ်စဲရန် မေတ္တာရပ်ခံခဲ့မှုကို ငြင်းဆန်လိုက်ကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

စစ်မက်ဖြစ်ပွားနေမှုများကို ရပ်ပစ်ရန် အခြေအနေအချိန်အခါ ညီညွတ်မှုမရှိသေးကြောင်း ဟက်ဖ်တာက ပြောကြားခဲ့သော်လည်း ၎င်း၏ယှဉ်ပြိုင်ဘက်ဝန်ကြီးချုပ် ဖာရက်ဇ် အယ်လ် ဆာရက်ဂျ်နှင့် ဖြစ်ပွားနေသည့် ပဋိပက္ခအခြေအနေများ အဆုံးသတ်စေရန် နိုင်ငံရေးအရ ဆွေးနွေးမှုတစ်ရပ် လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့သည်ဟု အာဏာပိုင်တစ်ဦးက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။

လစ်ဗျား ပြည်သူနှစ်ရပ်ဖြစ်သည့် အစိုးရနှင့် အတိုက်အခံတို့အကြား တစ်ဖက်နှင့်တစ်ဖက် အယုံအကြည်ကင်းမဲ့မှုမှာ ယခင်ကထက် ပိုမိုပြင်းထန်လာနေကြောင်း ၎င်းက ပြောသည်။ အာဏာရှင်ခေါင်းဆောင် ကာလီဖာ ဟက်ဖ်တာသည် ပြီးခဲ့သည့်လက ထရီပိုလီကို ထိုးစစ်ဆင်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းအနေဖြင့် မြို့တော်အတွင်း၌ လွှမ်းမိုးမှုရလာနေသည့် အစွန်းရောက်အုပ်စုများနှင့် ပြည်သူ့စစ်အဖွဲ့များကို တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျူးကျော်ရန်စလာသူ၏ တပ်ဖွဲ့များ ဆုတ်ခွာခြင်းမရှိဘဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရနိုင်စရာအကြောင်းမရှိနိုင်ဟု ဝန်ကြီးချုပ် ဖာရက်ဇ် အယ်လ် ဆာရက်ဂျ်က မေ ၂၂ ရက်က တူးနစ်၌ ရှိနေစဉ် ပြောကြားခဲ့ကြောင်း သိရသည်။ ဝန်ကြီးချုပ် ဆာရက်ဂျ်က ဟက်ဖ်တာအဖွဲ့ကို ပြင်သစ်ကထောက်ပံ့ပေးနေပြီး ထရီပိုလီကို ကျူးကျော်တိုက်ခိုက်မှုကိုလည်း ကူညီအားပေးနေသည်ဟု စွပ်စွဲထားပြီး ပြင်သစ်အာဏာပိုင်များက ယင်းစွပ်စွဲချက်များ မဟုတ်မှန်ကြောင်း ငြင်းဆန်လျက်ရှိသည်။

**အေအက်ဖ်ပီ**



လစ်ဗျားအာဏာရှင်ခေါင်းဆောင် ကာလီဖာ ဟက်ဖ်တာ။

## ထရီဆာမေ၏ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး နောက်ဆုံးဥပဒေကြမ်းကို ဇွန် ၃ ရက်တွင် လွှတ်တော်၌ မဲခွဲမည်

**လန်ဒန် မေ ၂၃**

ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးအပေါ် ဒုတိယအကြိမ် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကျင်းပရေး မဲခွဲဆုံးဖြတ်မှုအစီအစဉ်ပါဝင်သည့် မိမိ၏ ဥပဒေကြမ်းတစ်ရပ်ကို နောက်လတွင် လွှတ်တော်၌ တင်ပြရန်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက မကြာသေးမီက ပြောကြားလိုက်သည်။

ထို့အပြင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာသဘောတူညီမှု ရရှိရန် နောက်ဆုံးကြိုးပမ်းချက်အဖြစ် ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများကို နီးနီးကပ်ကပ်ဆောင်ရွက်သွားရန် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ကမ်းလှမ်းခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက မိမိ၏ဥပဒေကြမ်းကို လွှတ်တော်အမတ်များက ထောက်ခံရန် ပန်ကြားခဲ့ပြီး အကယ်၍ ပယ်ချခဲ့ပါက စိတ်ဝမ်းကွဲမှုများနှင့် ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေရောက်နိုင်ကြောင်း မတ် ၂၂ရက်က လွှတ်တော်တွင် သတိပေးပြောကြားခဲ့သည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်အမတ်များ လေ့လာရန် မတ် ၂၃ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လွှတ်တော်အမတ်များသည် ထရီဆာမေ၏ အဆိုပြုချက်များကို ယခင်က သုံးကြိမ်တိုင်တိုင် ပယ်ချခဲ့ပြီးဖြစ်သလို ၎င်း၏ ယခုတစ်ကြိမ် နောက်ဆုံးကြိုးပမ်းမှုသည်လည်း အခက်အခဲနှင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။ ယခုတစ်ကြိမ်တင်ပြမည့် ဥပဒေကြမ်းကို ဇွန်လ ၃ ရက်နေ့စတင်မည့် လွှတ်တော်သို့ တင်သွင်းပြီး မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် နောက်ဆုံးအဆိုပြုချက်ကို လွှတ်တော်အမတ်များ မည်သို့မဲခွဲဆုံးဖြတ်မည်ဆိုသည်ကို မသိသေးခင် ၎င်း၏ ကွန်ဆာဗေးတစ်နိုင်ငံရေးပါတီကလည်း ၎င်းကို နုတ်ထွက်ရန် တောင်းဆိုမှုများ ပြုလုပ်နေကြောင်း သိရသည်။

**အေအက်ဖ်ပီ**




ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ကိုယ်စားပြုဖော်ပြသော လက်ကိုင်ပိုစတာများကို တွေ့ရစဉ်။

## အိန္ဒိယနှင့်ဆွေးနွေးရန်အသင့်ရှိကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးပြော

**အစ္စလမ္မာဘတ် မေ ၂၃**

အိန္ဒိယနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အသင့်ရှိကြောင်း ပါကစ္စတန်နိုင်ငံက မကြာသေးမီက ပြောကြားလိုက်သည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှာမာ မွတ်ကွာရက်ရှီနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆုစ်မာဆွာရတ်တို့သည် ကာဇက်စတန်နိုင်ငံတွင် ပြုလုပ်သော ဒေသတွင်းနိုင်ငံများ ဆွေးနွေးပွဲတစ်ရပ်၌ အလွတ်သဘော သီးခြားတွေ့ဆုံပြီး ယခုလို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်အာရှဒေသတွင်း နျူကလီးယားလက်နက် တပ်ဆင်ထားသည့် ပြိုင်ဘက်နှစ်နိုင်ငံကြား ဖေဖော်ဝါရီလက စစ်ဖြစ်လုနီးပါး တစ်ဖက်နှင့်တစ်ဖက် တင်းမာမှုများ မြင့်မားပြီးနောက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယခုတွေ့ဆုံမှုသည် ပထမဆုံးအကြိမ်တွေ့ဆုံမှုဖြစ်ကြောင်း သိရသည်။

ပြဿနာအားလုံးကို ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရင်းနှီးချစ်ကြည်စွာဖြေရှင်းလိုကြောင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ရှင်းရှင်းလင်းလင်းပြသလိုက်ခြင်းဖြစ်ကြောင်း ပါကစ္စတန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။ အိန္ဒိယအရာရှိများဘက်မှ တုံ့ပြန်မှု တစ်စုံတစ်ရာမရသေးကြောင်း သိရသည်။ အိန္ဒိယမီဒီယာများထဲတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးသည် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် ပဋိသန္ထာရစကားများပြောကြားခဲ့ကြောင်း ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

## ဟွာဝေးကုမ္ပဏီမှ 5G ဟန်းဆက်များ ဖြန့်ဖြူးရောင်းချမှုကို ဗြိတိန်ကုမ္ပဏီများ ရပ်ဆိုင်း

**လန်ဒန် မေ ၂၃**

ဗြိတိန်မှ ကြိုးမဲ့ဆက်သွယ်ရေးကုမ္ပဏီများဖြစ်ကြသည့် Vodafone နှင့် EE တို့သည် ဟွာဝေးကုမ္ပဏီမှ ထုတ်လုပ်သည့် 5G ဟန်းဆက်များ ဖြန့်ဖြူးရောင်းချမှုကို ရပ်နားထားတော့မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီများမှ အကြီးတန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တရုတ်နည်းပညာလုပ်ငန်းစုကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီထုတ် ကုန်ပစ္စည်းနှင့်ပတ်သက်၍ မသေချာမရေရာမှုများရှိနေကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။Vodafone ကုမ္ပဏီသည် Mate 20X မော်ဒယ်အမျိုးအစား ဟန်းဆက်ရောင်းချမှုရပ်ဆိုင်းသွားမည်ဖြစ်ပြီး EE ကုမ္ပဏီကမူ 5G ကွန်ရက်များကို ဈေးကွက်တင်ခဲ့သည့် ဟွာဝေးဟန်းဆက်များကို ဆက်လက်အသုံးပြုသွားရန် ယခင်က စီစဉ်ခဲ့ကြောင်း သိရသည်။

အခြားသော ဗြိတိန်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် ARM Holdings ကလည်း ဟွာဝေးကုမ္ပဏီနှင့် လုပ်ငန်းဆောင်ရွက်မှုကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။ ကုမ္ပဏီအနေဖြင့် အမေရိကန်အစိုးရက ချမှတ်ထားသည့် အမိန့်နှင့် စည်းကမ်းများအားလုံးကို လိုက်နာဆောင်ရွက်ရခြင်းဖြစ်ကြောင်း ယင်းကုမ္ပဏီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# HIV ကူးစက်ခံရသည့် ပါကစ္စတန်မှ ကလေးငယ်များ

**ချိုးစန္ဒီနွေး**

**ပါကစ္စတန်နိုင်ငံ တောင်ပိုင်းမြို့လေးဖြစ်တဲ့ ရက်တိုဒီရိုမြို့မှာ ထူးခြားတဲ့ကိစ္စရပ်တစ်ခု ဖြစ်လာတော့မယ်ဆိုတာ ဖေဖော်ဝါရီလအတွင်းကစလို့ အရိပ်အယောင်တွေ ပေါ်လာပါတယ်။**



တိုင်းပြည်တစ်ဝန်း ဆေးစစ်မှုခံယူနေကြသည့် ပြည်သူများကို တွေ့ရစဉ်။

### ချောက်ချားစရာသတင်း

ကလေးငယ်တွေရဲ့ လက်ကို စိုးရိမ်တကြီးဆွဲလာပြီး ဆေးခန်းကို ရောက်လာတဲ့ မိဘတွေကလည်း အများကြီးပါပဲ။ ကလေးတွေဟာ အဖျားမပျောက်ဘဲ အဖျားတာရှည်နေလို့ ဆရာဝန်ဆီ ရောက်လာကြတာပါ။ နောက်မကြာမီမှာပဲ အလားတူရောဂါလက္ခဏာမျိုးဖြစ်နေတဲ့ ကလေးတွေ ထပ်တွေ့ရပြန်ပါတယ်။ ဒေါက်တာ အင်မရန်အာဘာနီကတော့ ကလေးတွေရဲ့ သွေးနမူနာကို စမ်းသပ်ဖို့ ဓာတ်ခွဲခန်းကို ပို့ပေးခဲ့ပါတယ်။ ရလဒ်ထွက်ပေါ်လာတဲ့အခါမှာတော့ သူ့အတွက် ချောက်ချားစရာကိစ္စ ဖြစ်လာပါတော့တယ်။ ကလေးတွေဟာ HIV ကူးစက်ခံရပြီး မည်သို့မည်ပုံ ကူးစက်ခံရတာလဲဆိုတာကိုတော့ မသိရပါဘူး။ ဧပြီ ၂၄ ရက်မှာတော့ ရောဂါကူးစက်ခံရသူ ကလေး ၁၅ ဦးခန့်ရှိပြီး သူတို့ရဲ့မိဘတွေကို စမ်းသပ်ကြည့်တဲ့အခါမှာတော့ မိဘတွေမှာ HIV မရှိတာကို တွေ့ရပါတယ်လို့ ဆေးရုံမှ ဆရာဝန်က ဘီဘီစီကို ပြောပါတယ်။

### ဆေးစစ်မှုတွေ ပြုလုပ်လာ

လွန်ခဲ့တဲ့လအတွင်းက လူပေါင်း ၆၀၀ ကျော် ၇၅ ရာခိုင်နှုန်းသော ကလေးတွေမှာ HIV ဗိုင်းရပ်စ်ရှိတယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီလိုကောလာဟလ ထွက်လာပြီးတဲ့နောက်မှာတော့ မိဘတွေဟာ သူတို့ရဲ့သားသမီးတွေကို အစိုးရက တည်ထောင်ထားတဲ့ ဆေးရုံတွေကိုပို့ပြီး စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပိုပြီး ထူးဆန်းဖို့ကောင်းတာက ဒီဒေသမှာ ဒီလိုမျိုးဖြစ်တာ အခုတစ်ကြိမ်ဟာ ပထမဆုံး အကြိမ် မဟုတ်ပါဘူး။ လာကာနာပြည်နယ်မှာ HIV ကူးစက်ခံရမှု ကောလာဟလတွေ ထွက်လာပြီးတဲ့နောက် လူတွေဟာ ဆေးစစ်ချက်တွေ အသည်းအသန် ပြုလုပ်လာကြပါတယ်။ ရက်တိုဒီရိုမြို့ဟာ လာကာနာပြည်နယ်ရဲ့ မြို့လေးတစ်မြို့လည်း ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်တုန်းကလည်း အဲဒီဒေသက လူပေါင်း ၁၅၂၀ ဦး HIV ရှိတယ်လို့ စစ်ဆေးတွေ့ရှိခဲ့ကြပါတယ်။

### အထူးကြပ်မတ်မှုတွေပြုလုပ်

အများဆုံးကူးစက်ခံရသူတွေကတော့ အမျိုးသားတွေ ဖြစ်ပါတယ်။ အဲဒီဒေသမှာရှိတဲ့ လိင်လုပ်သားတွေကတစ်ဆင့် ကူးစက်ခံရတယ်လို့ ယူဆဖွယ်ရာရှိပါတယ်။ အဲဒီဖြစ်ရပ် ဖြစ်ပေါ်ပြီးတဲ့နောက်မှာတော့ လာကာနာဒေသ တည်းခိုခန်းတွေကို အထူးကြပ်မတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီနေရာတွေမှာ လိင်လုပ်သားတွေဟာ သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေကို အဓိကလုပ်ဆောင်ကြတာ ဖြစ်လို့ပါပဲ။ ပါကစ္စတန်မှာ လိင်လုပ်ငန်းကို ပိတ်ပင်ထားပေမယ့်လည်း ဒီလိုမျိုးဖြစ်ရပ်တွေ ရှိနေခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒီဖြစ်ရပ်နဲ့ အခုကလေးတွေမှာ HIV ကူးစက်ခံရတဲ့ဖြစ်ရပ်တို့ ဆက်စပ်မှုရှိသလားဆိုတာကိုတော့ မသိရပါဘူး။

### ကူးစက်ခံရတဲ့ အဓိကအကြောင်းရင်း

လာကာနာဒေသ အေ့စ်ရောဂါကာကွယ်ထိန်းချုပ်ရေး လှုပ်ရှားမှုခေါင်းဆောင် အာဆတ်မမ်မွန်ကတော့ ဒီကိစ္စဟာ တိုက်ရိုက်တော့ ဆက်စပ်မှုရှိဟန်မတူဘူးလို့ ပြောပါတယ်။ "ကျွန်တော်ထင်တာကတော့ HIV ဗိုင်းရပ်စ်ဟာ ကူးစက်ခံထားရတဲ့ လိင်လုပ်သားတွေ၊ အတွေ့အကြုံမရှိ အရည်အချင်းမပြည့်ဝတဲ့ ရမ်းကုတွေကြောင့် တခြားသူတွေကို ကူးစက်ခံရတာ ယုံကြည်ပါတယ်"လို့ ပြောခဲ့ပါတယ်။ ဒါဟာ အဓိကအကြောင်းရင်းပါပဲ။ သူပြောတဲ့ရမ်းကုဆိုတာက ဆေးပညာကို လေ့လာတဲ့နေရာမှာ အရည်အချင်းမပြည့်မီတဲ့သူတွေကို ပြောတာပါ။ အဲဒီလူတွေဟာ ဆရာဝန်အမည်ခံပြီး ကိုယ်ပိုင်ဆေးခန်းတွေ ဖွင့်ထားပါတယ်။ ပါကစ္စတန်မှာဆိုရင် အထူးသဖြင့် ကျေးလက်ဒေသတွေမှာ လူတွေဟာ အဲဒီလိုနေရာမျိုးတွေကို အများဆုံး သွားကြပါတယ်။ အရည်အချင်းပြည့်ဝတဲ့ဆရာဝန်တွေဆီ သွားရမယ့်အစား အဲဒီနေရာတွေကို သွားကြပါတယ်။ အကြောင်းကတော့ အဲဒီနေရာတွေက သက်သက်သာသာနဲ့ရလို့ပါ။ ပြီးတော့ လူနာတွေအတွက်လည်း ပိုပြီးအချိန်ပေးနိုင်လို့ပါ။

### ပေါ့ဆမှုကြောင့်လား

ဒေါက်တာ ဖာတီမာကတော့ HIV ကူးစက်ခံရတဲ့ ကလေးလူနာတွေကို ကုသတဲ့ အထူးကုတစ်ယောက်ပါ။ အဂ္ဂါခန်တက္ကသိုလ် ဆေးရုံအတွက် အလုပ်လုပ်ကိုင်သူလည်း ဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ သူဟာ ရက်တိုဒီရိုမြို့မှာ စေတနာ့ဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်နေပါတယ်။ ကလေးတွေကြားမှာ HIV ကူးစက်ခံရမှုနဲ့ ၂၀၁၆ ခုနှစ်တုန်းက HIV ကူးစက်ခံရမှုပျံ့နှံ့မှုတို့ဟာ ပေါ့ဆတဲ့ ဆေးဘက်အကူဝန်ထမ်းတွေကြောင့် ဖြစ်ရတာလည်း တစ်စိတ်တစ်ပိုင်းအားဖြင့် ပါဝင်တယ်လို့ ပြောပါတယ်။ ကလေးတွေကို ကူးစက်သွားနိုင်တဲ့ နည်းလမ်းသုံးခုရှိပါတယ်။ ဆေးထိုးအပ်၊ ခွဲစိတ်မှုကနေ ကူးစက်မှု၊ ရောဂါပိုးရှိတဲ့ မိခင်နို့ရည်ကနေ ကူးစက်မှု၊ နောက်တစ်နည်းကတော့ သွေးသွင်းတာကနေတစ်ဆင့် ကူးစက်ခံရမှုတို့ပဲ ဖြစ်တယ်လို့ သူက ရှင်းပြပါတယ်။

### တရားမဝင်ဆေးခန်းတွေပိတ်ပစ်

လက်ရှိ သူကိုင်တွယ်နေရတဲ့ ဝေဒနာသည်ကလေးတွေကတော့ သူတို့ရဲ့ မိခင်တွေကို စစ်ဆေးကြည့်လိုက်တဲ့အခါမှာလည်း ရောဂါပိုးရှိတာကို မတွေ့ရပါဘူး။ ကလေးအနည်းငယ်ကတော့ သွေးသွင်းထားတာ ရှိပါတယ်။ ဒါကြောင့် တစ်ခုတည်းသောအဖြေကတော့ ဆေးခန်းတွေမှာ ရောဂါပိုးရှိတဲ့သူ သုံးထားတဲ့ ဆေးထိုးအပ်နဲ့ လူနာအချို့ကို ထိုးပေးလိုက်လို့ပါပဲ။ အရာရှိတွေကလည်း ဒီအဖြေကို သဘောတူကြပါတယ်။ ပြည်နယ်တစ်လွှား တရားဝင်မဟုတ်တဲ့ ဆေးခန်း ၅၀၀ ခန့်ကို ပိတ်ပစ်ဖို့ အမိန့်ထုတ်ထားခဲ့တယ်လို့ ကျန်းမာရေးအာဏာပိုင်တွေက ပြောပါတယ်။

### စုံစမ်းမှုတွေပြုလုပ်

ဒါ့အပြင် ကလေးအထူးကုဖြစ်တဲ့ ဒေါက်တာ မူဇာဖာဂန်ဂရိုကိုလည်း ဆေးထိုးအပ်ကနေတစ်ဆင့် အေ့စ်ရောဂါကို ဖြန့်ဝေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဖမ်းဆီးခဲ့ပါတယ်။ သူကတော့ သူ့အပေါ် စွဲချက်တင်ထားတာကို ငြင်းဆိုထားပါတယ်။ ရောဂါကူးစက်ခံရသူ လူနာအားလုံးဟာ သူ့လူနာတွေချည်းပဲမဟုတ်ဘူးလို့လည်း ပြောပါတယ်။ တစ်ချိန်တည်းမှာပဲ ဆင်းဒ်ဒေသမှာလည်း HIV ဘာကြောင့်ကူးစက်ခံရတာလဲဆိုတာကို စုံစမ်းနေကြပါတယ်။ ဆင်းဒ်ဒေသဟာ ပါကစ္စတန်မှာ HIV ကူးစက်ခံရမှု အမြင့်ဆုံးဒေသလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ရောဂါကူးစက်ခံရပြီးသား လူတွေအတွက်ကတော့ ဒီလိုမျိုးတွေလုပ်ဆောင်လည်း ဘာမှအကျိုးမထူးတော့ပါဘူး။ သူတို့ ဘဝတစ်လျှောက်လုံးအတွက် ထိခိုက်မှုဖြစ်သွားပါပြီ။

### ဆေးစစ်မှုတွေ လုပ်ဆောင်ပေး

ရက်တိုဒီရိုဆေးရုံမှာတော့ ဆရာဝန်တွေဟာ ဧပြီ ၂၅ ရက်ကစပြီး လူပေါင်း ၁၈၄၁၈ ခန့်ကို ဆေးစစ်မှုတွေ လုပ်ဆောင်ပေးခဲ့ပါတယ်။ ၆၀၇ ဦးခန့်မှာ ကူးစက်ခံထားရတယ်လို့ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အဲဒီအထဲက သုံးပုံပုံ တစ်ပုံခန့်ဟာ အသက်တစ်လကနေ ၁၅ နှစ်ကြားကလေးတွေ ဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသားလူတွေအတွက်ကတော့ မြို့နယ်အတွင်းမှာပဲ ဆေးရနိုင်ပေမယ့် ကလေးတွေအတွက်ဆိုရင်တော့ ကရာချိအထိ သွားရပါတယ်။ ဒါဆိုရင် ပိုက်ဆံတွေလည်း ပိုကုန်တယ်လို့ ကလေးအမေတစ်ဦးက ပြောပါတယ်။ သူ့ရဲ့ သုံးနှစ်အရွယ် သမီးလေးဟာလည်း HIV ကူးစက်ခံထားရပါတယ်။

**"ရောဂါကူးစက်ခံထားရတဲ့ ကလေးမိခင်တစ်ဦးက သူ့ခင်ပွန်းဟာ နေ့စားအလုပ်သမားတစ်ဦးဖြစ်လို့ ကလေးဆေးဖိုးကို ရေရှည်မှာ တတ်နိုင်မှာမဟုတ်လောက်ဘူးလို့ပြော"**

### ရှုန်းကန်နေရ

ရာနဲ့ချီတဲ့မိဘတွေဟာ ကလေးတွေရဲ့ ကျန်းမာရေးအတွက်သာမက သူတို့ရဲ့ နေ့စဉ်အသုံးစရိတ်အတွက်တောင် မနည်းရုန်းကန်နေရပါတယ်။ အခုလည်း ရောဂါကူးစက်ခံထားရတဲ့ ကလေးမိခင်တစ်ဦးက သူ့ခင်ပွန်းဟာ နေ့စားအလုပ်သမားတစ်ဦးဖြစ်လို့ ကလေးဆေးဖိုးကို ရေရှည်မှာ တတ်နိုင်မှာမဟုတ်လောက်ဘူးလို့ ပြောပါတယ်။ အပြစ်မဲ့တဲ့ ကလေးတွေ ဒီရောဂါကူးစက်ခံရတာကတော့ တကယ့်ကို ဝမ်းနည်းစရာပါပဲ။ ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးအတွက် အစွမ်းကုန်လုပ်ဆောင်နေကြပေမယ့်ရောဂါကူးစက်ခံရပြီး လူတွေအတွက်ကတော့ တကယ့်ကို စိတ်မကောင်းစရာပါပဲ။ ။

**ကိုးကား- ဘီဘီစီ**

---

# နိုင်ငံတကာသတင်းတိုထွာ

## ဂျပန်နိုင်ငံသို့ သမ္မတထရမ့် လာရောက်လည်ပတ်ချိန်အတွင်း ဒရုန်းယာဉ်များပျံသန်းမှုကို ပိတ်ပင်

**တိုကျို မေ ၂၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လာရောက်လည်ပတ်နေစဉ်အတွင်း တိုကျိုမြို့နှင့်အနီးတစ်ဝိုက်ရှိ တည်နေရာ ၁၀ ခုတို့ကို ဒရုန်းယာဉ်များ မပျံသန်းရဇုန်များအဖြစ် ဂျပန်အစိုးရက သတ်မှတ်လိုက်သည်။

သမ္မတထရမ့်သည် လာမည့် မေ ၂၅ ရက်တွင် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ် ရောက်ရှိမည်ဖြစ်ပြီး ၂၆ ရက်တွင် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်အတူ ဂေါက်သီးရိုက်ကစားမည်ဖြစ်ကာ နပန်းသတ်ကစားပွဲကို အတူကြည့်ရှုကြမည်ဖြစ်သည်။ ထို့နောက် ၂၇ ရက်တွင် သမ္မတထရမ့်သည် ဂျပန်ဧကရာဇ်ဘုရင် နာရူဟီတိုနှင့် တွေ့ဆုံကာ ဝန်ကြီးချုပ် မစ္စတာ အာဘေးနှင့် ထိပ်သီးအစည်းအဝေးတစ်ရပ် ပြုလုပ်သွားမည်ဖြစ်သည်။ ဒရုန်းယာဉ်များပျံသန်းမှုကို တည်နေရာ ၁၀ ခုတို့တွင် မေ ၂၅ ရက်မှ ၂၈ ရက်အထိ ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားဆန္ဒပြပွဲများအတွင်း အကြမ်းဖက်သူ ၂၅၀ ကျော်ကိုဖမ်းဆီး

**ဂျကာတာ မေ ၂၃**

အင်ဒိုနီးရှားနိုင်ငံတွင် ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ပြီးနောက်တွင် ရလဒ်များအပေါ် မကျေနပ်သည့် ဆန္ဒပြပွဲများပေါ်ပေါက်ခဲ့ရာ ဆန္ဒပြပွဲများအတွင်း ပါဝင်သည့် အကြမ်းဖက်သူ ၂၅၇ ဦးကို ဂျကာတာရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ရာ အဖမ်းခံရသူအရေအတွက် ပိုများလာနိုင်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အာဂိုယူဝိုနိုက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။ ဆန္ဒပြပွဲအတွင်း အကြမ်းဖက်ခဲ့သူများကို ဂမ်ဘီယာ၊ ပီတန်ဘူရမ်နှင့် ဘာဝစ္စလူ အဆောက်အအုံများအနီးတစ်ဝိုက်တွင် ဖမ်းဆီးခဲ့ရကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဂျကာတာရဲတပ်ဖွဲ့သည် ရွေးကောက်ပွဲအတွင်း ရှုံးနိမ့်ခဲ့သည့် ကိုယ်စားလှယ် ပရာဘိုဝို စူဘီရန်တိုကို ထောက်ခံသူများနှင့် အခြားအုပ်စုများအကြား ခိုက်ရန်ဖြစ်ပွားမှုများတွင် ပါဝင်ခဲ့သည့်အကြမ်းဖက်သူများကို ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အာဂိုက ပြောသည်။ ထိန်းမနိုင်သိမ်းမရအခြေအနေများဖြစ်အောင် အကြမ်းဖက်သူများက လှုံ့ဆော်ခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များကိုလည်း ဒေါသတကြီးပြုမူခဲ့ကြသည်။ ရဲတပ်ဖွဲ့က ဖမ်းဆီးခံရသူများထံမှ ပိုက်ဆံ၊ ကျောက်တုံးများ၊ ဓာတ်ဆီပုလင်းဗုံးများ၊ ဓားများနှင့် ဆဲလ်ဖုန်းများကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ ဆောင်ရွက်ခဲ့မှုများကို သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ ဆောင်ရွက်ခဲ့မှုများကို သတင်းစာရှင်းလင်း

**ပုသိမ် မေ ၂၃**

ပုသိမ်မြို့တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူအတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တတိယတစ်နှစ်တာ ကာလအတွင်း ပြည်သူအတွက် တိုင်းဒေသကြီး၌ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဘက် ပေါင်းစုံဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းဌာနများမှ သတင်းထောက်များက မြေယာကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ပတ်သက်၍ လည်းကောင်း၊ စပါးဈေးနှုန်းကျဆင်းမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဓာတ်မြေဩဇာနှင့် ပတ်သက်၍လည်းကောင်း၊ ငါးမွေးမြူရေးကန်များနှင့် ပတ်သက်၍လည်းကောင်း၊ စစ်တပ်သိမ်း လယ်ကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ အကျဉ်းထောင်နှင့် ပတ်သက်၍လည်းကောင်း၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးခန့်ထားရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ပထွက်၍ အလုပ်လုပ် နေမှုနှင့် ပတ်သက်၍လည်းကောင်း၊ အဂတိလိုက်စားမှုနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ပတ်သက်၍လည်းကောင်း၊ လမ်းတံတားနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ပြည်သူများက တိုင်ကြားစာ ၉၆၃ စောင်နှင့် ပတ်သက်၍လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပညာရေးနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးအတွင်း ရငွေအခွန်များ ကောက်ခံမှုနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား မေ ၂၃**

ကချင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ အသီးသီး၏ ဝန်ဆောင်မှု၊ လုပ်ဆောင်ချက်များသည် အများပြည်သူက ယုံကြည်အားထားရသည့် ဝန်ဆောင်မှုဖြစ်စေရန် လိုအပ်ကြောင်းကို မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်သော ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဌာနဆိုင်ရာများအား မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မိမိတို့အစိုးရအဖွဲ့မှာ မျှော်မှန်းချက်၊ ရည်မှန်းချက်များ ချမှတ်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ယခုလို ဆောင်ရွက်ခဲ့သည့် နေရာတွင် မိမိတို့အားလုံးက ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း မည်သည့်အတိုင်းအတာအထိ စွမ်းဆောင်နိုင်ခဲ့သလဲ၊ ဘယ်လောက်အကောင်အထည်ဖော်နိုင်ခဲ့သလဲဆိုသည်ကို ပြန်လည်သုံးသပ်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏ အားနည်းချက်၊ အားသာချက်များ တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူကို ဗဟိုပြုပြီး ပြည်သူ့အကျိုးအတွက် ပြောင်းလဲသည့် စနစ်နှင့်အညီ ပြည်နယ်၏ အကျိုးကို ဘယ်လိုဦးဆောင်ပါဝင်ကြမည်ကို စဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဌာနဆိုင်ရာအသီးသီး၏ ဝန်ဆောင်မှု၊ လုပ်ဆောင်ချက်များသည် အများပြည်သူယုံကြည် အားထားရသည့် ဝန်ဆောင်မှုဖြစ်စေလိုကြောင်း၊ ဝန်ဆောင်မှုပေးရာတွင်လည်း အခက်အခဲ အတားအဆီး မဖြစ်ပေါ်စေဘဲ ပြည်သူများအပေါ် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင်အဂတိ လိုက်စားမှုများ တိုက်ဖျက်လျှော့ချရေးကိုလည်း အလေးထား လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ် ညွှန်ကြားရေးမှူး ဦးဇော်မျိုးညွန့်က ပြည်နယ်အစိုးရအဖွဲ့၏ ပထမခြောက်လပတ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်ရုံး၊ ပြည်နယ်ဥပဒေရုံးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးတို့က လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်အလိုက်လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် ပြည်နယ်ဘဏ္ဍာ၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေများဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**



ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် အစည်းအဝေးကျင်းပစဉ်။

## e- Government အထောက်အကူပြု နည်းပညာဟောပြောပွဲ မုံရွာမြို့၌ ကျင်းပ

**မုံရွာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် MCPA တို့ ပူးပေါင်းကျင်းပသော e-Government အထောက်အကူပြု နည်းပညာဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်အမှာစကားပြောကြားသည်။

“ e-Government ကို အသုံးပြုမယ်ဆိုရင် အစိုးရအနေနဲ့ ကုန်ကျစရိတ်ကို လျှော့ချနိုင်မယ်၊ အခွန်ဝင်ငွေတိုးမယ်၊ စီမံခန့်ခွဲမှုပိုပြီး ကောင်းလာမယ်။ ထိရောက်မှုတွေ၊ ပွင့်လင်းမြင်သာမှုတွေ တိုးတက်လာပြီး တာဝန်ခံမှုတွေ မြင့်မားလာမယ်။ ပြည်သူတွေဘက်ကို ကြည့်မယ်ဆိုရင်လည်း သတင်းအချက်အလက်တွေ အရင်ထက် ပိုတိုးပြီး သိလာမယ်။ အများပြည်သူတွေ ပူးပေါင်းပါဝင်မှု တိုးတက်လာမယ်။ ဝန်ဆောင်မှုတွေ တိုးတက်လာသလို အဆင်ပြေမှုတွေလည်း တိုးတက်ကောင်းမွန်လာမယ်။ စီးပွားရေးဘက်က ကြည့်မယ်ဆိုရင်လည်း ကူးသန်းရောင်းဝယ်မှုတွေ လွယ်ကူချောမွေ့လာမယ်။ ဆန်းသစ်တီထွင်မှု၊ ကုန်ထုတ်စွမ်းအားတွေ တိုးတက်ကောင်းမွန်လာမယ်။ ကုန်ကျစရိတ်တွေလည်း လျှော့ကျလာပြီး အဆင်ပြေလာမယ်။ အဲဒီလိုအချက်တွေက အစိုးရ၊ ပြည်သူနဲ့ စီးပွားရေးကဏ္ဍတွေကို အထောက်အကူ ဖြစ်စေမှာပါ” ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) အတွင်းရေးမှူး ဦးဇော်ဝင်းထွန်းက ပြောသည်။



e - Government အထောက်အကူပြု နည်းပညာဟောပြောပွဲ ကျင်းပစဉ်။

e - Government အထောက်အကူပြုနည်းပညာ ဟောပြောပွဲတွင် Cyber Security ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူးက လည်းကောင်း၊ Building Capacity and Readiness for e-Government Transformation ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အလုပ်အမှုဆောင် ဦးအောင်အောင်က လည်းကောင်း၊ Current Trends in Digital Economy ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ အလုပ်အမှုဆောင် ဦးဝင်းထွန်းက လည်းကောင်းဟောပြောကြရာ အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

## ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**စစ်တွေ မေ ၂၃**

ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့် ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့မင်းသူရိယခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးထံ ဧညဝတီကုမ္ပဏီမှ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းက ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးရေးစီမံချက်ဆောင်ရွက်နေကြသည့် ခရိုင်နှင့် မြို့နယ်များသို့ အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

**သတင်းစဉ်**



## မိုင်းယုမြို့၌ ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

**မိုင်းယု မေ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ လှေပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် သုံးနှစ်တစ်ကြိမ် ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က နမ့်လွေချောင်း သဲသောင်ပြင်၌ ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲတွင် အဖွဲ့ရှစ်ဖွဲ့ပါဝင်ကြပြီး ပထမဆုကို ဒေါင်နေကျေးရွာအဖွဲ့၊ ဒုတိယဆုကို ဒွန်းနွဲ့ကျေးရွာအဖွဲ့၊ တတိယဆုကို မြို့မရပ်ကွက်အဖွဲ့နှင့် ကျန်အဖွဲ့များက နှစ်သိမ့်ဆုများရရှိခဲ့ရာ အဆိုပါဆုများကို တက်ရောက်လာကြသော လှေပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ပြည့်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းပွဲတော်ကို မေ ၂၀ ရက် မှ ၂၂ ရက်အထိ ယင်းမြို့ဘေးရှိ နမ့်လွေချောင်းအလယ် သဲသောင်ပြင်၌ ကျင်းပခဲ့ရာ ပွဲတော်ရက်များအတွင်း အနယ်နယ်အရပ်ရပ်မှ ပွဲလည်ပတ်သူများနှင့် ဈေးသည်များဖြင့် အထူးစည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင် (မိုင်းယု)**

# ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ဗိသုကာ၊ ပန်းချီပညာရှင်များ ပူးပေါင်း၍ ပြပွဲကျင်းပမည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ဗိသုကာ ဦးအောင်စိုးမြင့်၊ ပန်းချီ ဦးထိန်လင်းတို့၏ Found: Our Heritage, Our Future အမည်ရသော ပြပွဲအသစ်ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံးတွင် မေ ၂၅ ရက်မှစတင်၍ အများပြည်သူလေ့လာနိုင်ရန် ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကိုသူရိန်အောင်က "ရန်ကုန်မှာရှိခဲ့ဖူးတဲ့ အဆောက်အအုံတွေရှိမယ်။ ခုချိန်ထိလည်းရှိပြီး လူတွေသိပ်မသိသေးတဲ့ အဆောက်အအုံတွေရှိမယ်။ အဲဒါတွေကို ပြန်ပြီးတော့ အများပြည်သူလေ့လာနိုင်အောင်ပါ။ အရင်ပြပွဲကတော့ ဓာတ်ပုံတွေပဲပြခဲ့တယ်။ ဒီတစ်ခါကျတော့ ပစ္စည်းတွေပေါ့။ ကိုလိုနီခေတ်ကစပြီး နှောင်းပိုင်းကာလဖြစ်တဲ့ လွတ်လပ်ရေးရပြီးကာလအထိ ရန်ကုန်မှာရှိတဲ့ စားသောက်ဆိုင်တွေ၊ တချို့အဖွဲ့အစည်းလေးတွေမှာ အမှတ်တရအနေနဲ့ ထုတ်ထားတဲ့ပစ္စည်းလေးတွေ ဒီမှာသိမ်းထားတယ်။ ဒီပစ္စည်းတွေက ဘယ်ကထွက်လာသလဲ။ ထွက်လာတဲ့ ဟိုတယ်အဆောက်အအုံတွေရဲ့ ဓာတ်ပုံတွေကိုလည်း ပြထားပါတယ်"ဟု ပြောကြားသည်။

အဆိုပါပြပွဲတွင် ရန်ကုန်မြို့၏ ထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်ပြသမည်ဖြစ်ကြောင်း၊ ဦးအောင်စိုးမြင့် ရှာဖွေစုဆောင်းထားသည့် ပစ္စည်းများမှတစ်ဆင့် ရန်ကုန်မြို့၏ အရေးပါသော အမွေအနှစ်အဆောက်အအုံများနှင့် ဆက်စပ်သည့် သမိုင်းပုံပြင်များကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့အနက် အချို့သောအဆောက်အအုံများသည် ဖြိုဖျက်ခံလိုက်ရပြီဖြစ်ပြီး အချို့ကို ယနေ့တိုင်တွေ့မြင်နေရဆဲဖြစ်သည်။

ယခုပြသမည့်ပြပွဲတွင် ထိုအရာများ၏ သိမ်မွေ့သည့် ယုက်နွယ်မှုနှင့် ပုံပြင်များကို သမိုင်းဝင်ဓာတ်ပုံများ၊ စာရွက်စာတမ်းများနှင့် ပေါင်းစပ်ပြီး ပြသထားမည်ဖြစ်ကြောင်း ၊ အဆိုပါအရာဝတ္ထုပစ္စည်းများကို ဖြိုဖျက်ခံရကာ ဆုံးရှုံးခဲ့ရပြီးဖြစ်သည့် အမွေအနှစ်အဆောက်အအုံများမှ ကျန်ရစ်သည်များဖြင့် ဖန်တီးထားသော မှန်ဗီရိုများတွင် ထည့်သွင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ပြကွက်များတွင် မြန်မာ့မီးရထားက အသုံးပြုခဲ့သော ၂၀ ရာစုအစောပိုင်း လူကိုယ်တိုင်လိုက်လံ ထွန်းညှိရသည့် လမ်းမီးတိုင်၊ ဦးဝိစာရလမ်းမပေါ်တွင် တည်ရှိခဲ့သော ဝိဇယရုပ်ရှင်ရုံ တည်ဆောက်စဉ်နှင့် ဖွင့်ပွဲလုပ်စဉ် မှတ်တမ်းဓာတ်ပုံများ၊ ၁၉ ရာစုနှောင်းပိုင်း သမိုင်းဝင်လူနေဆိုင်ခန်းများတွင် အသုံးပြုခဲ့ကြသည့် တရုတ်ရိုးရာသစ်သားထောက် စသည်ဖြင့် အမျိုးအစားစုံလင်လှသော ရန်ကုန်မြို့ပြအမွေအနှစ်များကို ပြသထားသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှစတင်၍ Globel City ဓာတ်ပုံပြပွဲ လေးနှစ်ကျော်ပြသခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# တောင်သူများ မျိုးသန့်မျိုးစေ့များ သုံးစွဲစိုက်ပျိုးမှုမြှင့်တင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၂၃**



မျိုးသန့်မျိုးစေ့များ သုံးစွဲစိုက်ပျိုးမှုမြှင့်တင်ရေးအစီအစဉ်၏ ဒုတိယကြိမ် အစည်းအဝေးကျင်းပစဉ်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သော စပါးသီးနှံတွင် မျိုးသန့်မျိုးစေ့များ သုံးစွဲစိုက်ပျိုးမှု မြှင့်တင်ရေးအစီအစဉ်၏ ဒုတိယကြိမ် အစည်းအဝေးကို မေ ၂၀ ရက်က နေပြည်တော် ရုံးအမှတ် ၁၅ အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီးပွားဖြစ် မျိုးသန့်ထုတ်လုပ်မှု စွမ်းရည်မြှင့်တင်ပေးခြင်း၊ မျိုးစေ့အရည်အသွေး၊ ဓာတ်ခွဲခန်းများ၏ စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ဝန်ထမ်းများ၏ ကွင်းဆင်းစစ်ဆေး အရည်အသွေးစွမ်းရည်မြှင့်တင်ရန်အတွက် သင်တန်းများဆောင်ရွက်ပေးခြင်းနှင့် CS မျိုးသန့်မျိုးစေ့ဖြန့်ဖြူးမှုစနစ် ပိုမိုထိရောက်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လက်ရှိအခြေအနေနှင့် စီမံကိန်းဆောင်ရွက်ပြီး နောက်ပိုင်းကာလများကို ယှဉ်ထိုးသုံးသပ်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပညာပေး ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်မှု သင်တန်းများဆောင်ရွက်ပေးသကဲ့သို့ ပြင်ပပုဂ္ဂလိကကဏ္ဍအတွက်လည်း နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ပြိုင်တူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မျိုးကောင်းမျိုးသန့်များ ဖူလုံစွာ သုံးစွဲစိုက်ပျိုးရေးသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သကဲ့သို့ ထွက်ရှိလာမည့် သီးနှံအရည်အသွေးအထွက်နှုန်းနှင့် ဈေးကွက်ဝင်မှု၊ တောင်သူဝင်ငွေအကျိုးအမြတ်ကို အဆုံးအဖြတ်ပေးနိုင်ကြောင်း၊ ဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး စံချိန်စံညွှန်းပြည့်မီသည့် မျိုးသန့်မျိုးစေ့များကို စီးပွားဖြစ် မျိုးသန့်ပွားများထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကို ဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူတို့ ပူးပေါင်းဆောင်ရွက်မှုအရှိန် မြှင့်တင်နိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကလည်း ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်း၍ Improvement on Accessibility of Rice Certified Seed Project ဆောင်ရွက်မှုကြောင့် အကျိုးဆောင်တောင်သူ၊ မျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့တို့၏ CS မျိုးစေ့ထုတ်လုပ်မှုအပေါ် စိုက်ပျိုးပညာပေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည့် မျိုးသန့်စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုစွမ်းဆောင်ရည်တိုးတက်လာခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်လာခြင်း၊ မျိုးစေ့ဓာတ်ခွဲခန်းစစ်ဆေးမှုလျင်မြန်တိကျစေခြင်းတို့နှင့်အတူ မျိုးစေ့အရည်အသွေးအာမခံချက်ပေးနိုင်ခြင်း၊ မျိုးစေ့ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတွင် ပုဂ္ဂလိကပါဝင်မှု အားကောင်းလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# ပြည်တွင်းရွှေဈေး ဆက်လက်ကျဆင်းနိုင်

**ရန်ကုန် မေ ၂၃**

ကမ္ဘာ့ရွှေဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းရွှေဈေးဆက်လက်ကျဆင်းလာနိုင်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောသည်။

လက်ရှိ ပြည်တွင်းရွှေဈေးကွက်အတွင်း တစ်ကျပ်သားလျှင် ငွေကျပ် ၁၀၄၄၅၀၀ ခန့်ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၃ ဒေါ်လာ ရှိကြောင်း သိရသည်။

"လက်ရှိရွှေဈေးကတော့ ကမ္ဘာ့ရွှေဈေး နည်းနည်းအေးတယ်။ ဒီအတွက်ကြောင့် ပြည်တွင်းမှာလည်း ရွှေဈေးနည်းနည်း ပြန်အေးပါတယ်။ အခုဆိုရင် တစ်ကျပ်သားကို ငွေကျပ် ၁၀၄၄၅၀၀ ပဲ ရှိပါတယ်။ လက်ရှိအတိုင်းအတာကတော့ ကမ္ဘာ့ရွှေဈေးကလည်း ကျတဲ့ဘက်ကို ဦးတည်နေတာဖြစ်တဲ့အတွက်ကြောင့် မြန်မာ့ရွှေဈေးလည်းပဲ ကျသွားမယ်လို့ ထင်ပါတယ်"ဟု ဦးအုန်းမြိုင်က ပြောသည်။

ထို့ပြင် ဈေးကွက်အတွင်း ပြည်တွင်းဝယ်လိုအားမှာလည်း ကျဆင်းနေကြောင်း ၎င်းက ဆက်ပြောသည်။

ပြည်တွင်းရွှေဈေး အတက်အကျသည် ကမ္ဘာ့ရွှေဈေးပေါ်တွင် မူတည်နေပြီး ပြီးခဲ့သည့် မေ့ပြီဒုတိယပတ်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်ရှိခဲ့ရာမှ လက်ရှိ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၃ ဒေါ်လာထိ ကျဆင်းလာခြင်းဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၉ ရက်အတွင်း တစ်ကျပ်သားလျှင် ငွေကျပ် ၁၀၅၀၀၀၀ ကျော်၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အတွင်း ငွေကျပ် ၁၀၆၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း ကျပ် ၁၀၇၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၁၉ မှ ၂၁ ရက်အတွင်း ကျပ် ၁၀၈၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီးဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ဈေးကွက်အတွင်း ဆက်လက်ကျဆင်းလာရာ မေ ၂၂ ရက်တွင် တစ်ကျပ်သားလျှင် ငွေကျပ် ၁၀၄၄၅၀၀ ဝန်းကျင်အထိ ကျဆင်းလာခြင်းဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

**ငြိမ်းငြိမ်း**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၇၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၉၀ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၈၅ ကျပ် | ၁၀၁၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၉ ・ ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၄ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၄ ・ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၄၃ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၈ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ ・ ၂၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၁၂၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဘာနေဗျူးမှာ တောက်ပဖို့ရှိနေတဲ့ ဆားဘီးယားတိုက်စစ်မှူး ဂျိုဗစ်




၂၀၁၈-၁၉ ရာသီဟာ ရီးရဲမက်ဒရစ်အသင်းအတွက် အဆိုးဆုံးရာသီတစ်ခုလို့ပြောရမှာပါ။ ရော်နယ်ဒို ထွက်ခွာခြင်း၊ နည်းပြအပြောင်းအလဲ အလွန်အမင်းလုပ်ခဲ့ခြင်းဟာ အသင်းကိုစံချိန်တင်ရှုံးနိမ့်မှုတွေနဲ့ကြုံတွေ့စေခဲ့ပါတယ်။ ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ် ဆုဖလား သုံးလုံးရယူပေးထားခဲ့တဲ့ ဇီဒန်းအသင်းကို ပြန်ရောက်လာခဲ့ခြင်းက ပရိသတ်တွေအတွက် အားတက်စရာတစ်ခုဖြစ်ခဲ့ပါတယ်။ အသင်းအနေနဲ့ နည်းပြဇီဒန်းရဲ့လက်အောက်မှာ ကြီးမားတဲ့အပြောင်းအလဲတွေနဲ့အတူ လာမယ့်ရာသီသစ်မှာ အကောင်းဆုံးဖြစ်နေမယ်လို့လည်း မျှော်လင့်နေကြပါတယ်။ အခုလို မျှော်လင့်ခြင်းနဲ့အတူ ရီးရဲမက်ဒရစ်အသင်းရဲ့ အစိတ်အပိုင်းအဖြစ် တွေ့မြင်ရနိုင်တဲ့ ကစားသမားကတော့ ဖရန့်ဖွတ်တိုက်စစ်မှူး ဂျိုဗစ်ဖြစ်ပါတယ်။ သူဟာရီးရဲမက်ဒရစ်အသင်းရဲ့လိုအပ်မှုနဲ့အတူ ဘာနေဗျူးမှာ တောက်ပလာနိုင်တဲ့ကစားသမား တစ်ဦးအဖြစ် တွေ့မြင်ရဖို့ရှိနေပါတယ်။

### ထူးခြားတဲ့ တိုက်စစ်မှူး

ယနေ့ခေတ် ဘောလုံးလောကမှာ တွေ့မြင်ရတဲ့ တိုက်စစ်မှူးတော်တော်များများကတော့ ပယ်နယ်တီဧရိယာထဲကနေ ဘောလုံးစောင့်ကစားပြီး ဂိုးသွင်းယူနိုင်ဖို့အတွက် ကြိုးစားကြတဲ့သူတွေက များပါတယ်။

ဒါပေမယ့် တိုက်စစ်မှူးဂျိုဗစ်ကတော့ အဲဒီတိုက်စစ်မှူးတွေနဲ့လုံးဝမတူအောင် ကွဲပြားခြားနားမှုတွေရှိနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ သူဟာဘောလုံးကို ကွင်းလယ်နားလောက်ကနေ စောင့်ယူလေ့ရှိသလို ပယ်နယ်တီဧရိယာ မရောက်ခင် ပြိုင်ဘက်ကစားသမား နှစ်ယောက်လောက်ကိုအနည်းဆုံးလိမ်ခေါက်ပြီး ကန်သွင်းဖို့ကြိုးစားတဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ အနီးကပ်ဘောလုံး ထိန်းသိမ်းနိုင်မှုက အလွန်ကောင်းမွန်ပြီး ပြိုင်ဘက်ခံစစ်မှူးတွေအတွက်တော့ ကြောက်စရာကောင်းတဲ့ကစားသမားတစ်ဦးလို့ပြောရမှာ ဖြစ်ပါတယ်။

### စွယ်စုံရ တိုက်စစ်မှူး

ဂျိုဗစ်ဟာ ဖရန့်ဖွတ်အသင်းအတွက်တော့ အားထားရဆုံး တိုက်စစ်မှူးတစ်ဦးလို့ ပြောရမှာ ဖြစ်ပါတယ်။ သူဟာ ဒီနှစ်ရာသီမှာတော့ ဖရန့်ဖွတ်အသင်းနဲ့အတူ ပြိုင်ပွဲစုံမှာ ၂၇ ဂိုးအထိ သွင်းယူထားနိုင်သူ ဖြစ်ပါတယ်။ ဒါကြောင့် အသက်ငယ်ပေမယ့် သူ့ရဲ့ဂိုးသွင်းကောင်းတဲ့ စွမ်းရည်ကိုတော့ ချီးကျူးရမှာ ဖြစ်ပါတယ်။

ဂျိုဗစ်ဒီနှစ်ရာသီမှာသွင်းယူထားခဲ့တဲ့ ၂၇ ဂိုးကိုကြည့်မယ်ဆိုရင်လည်း ညာခြေနဲ့က ၁၅ ဂိုး၊ ဘယ်ခြေက ရှစ်ဂိုးနဲ့ ခေါင်းတိုက်ဂိုး လေးဂိုးသွင်းယူပေးထားနိုင်သူ ဖြစ်ပါတယ်။ အဲဒါကိုကြည့်တာနဲ့လည်း သူဟာ ပုံစံမျိုးစုံနဲ့ဂိုးသွင်းယူနိုင်စွမ်းရှိတဲ့ စွယ်စုံရကစားသမားတစ်ဦးဆိုတာက ထင်ရှားလွန်းတယ်လို့ ပြောရမှာပါ။ ဒါကြောင့် ရော်နယ်ဒိုလို တိုက်စစ်မှူးကောင်း ထွက်ခွာသွားခဲ့ပြီးနောက် ဂိုးရဖို့ရုန်းကန်နေရတဲ့ ရီးရဲမက်ဒရစ်အသင်းအတွက်တော့ ဂျိုဗစ်ကအသင့်တော်ဆုံးလို့လည်း ပြောရမှာဖြစ်ပါတယ်။

### အဆုံးသတ်ကောင်းသူ

ဂျိုဗစ်နဲ့ပတ်သက်ပြီး အဓိကအကောင်းဆုံးအချက်ကို ပြောပါဆိုရင်တော့ အဆုံးသတ်ပိုင်းကောင်းမွန်မှု ဖြစ်ပါတယ်။ သူ့ရဲ့ အကောင်းဆုံးစကေးကလည်း ဘောလုံးကိုပယ်နယ်တီဧရိယာထဲကို အရောက်ယူနိုင်ပြီး ဂိုးပေါက်ထဲကို ကောင်းမွန်စွာကန်သွင်းနိုင်ခြင်း ဖြစ်ပါတယ်။

ပုံမှန်အားဖြင့် ဂျိုဗစ်ဟာဂိုးပေါက်ကန်သွင်းမှု လေးကြိမ်မှာ တစ်ဂိုးဝင်အောင်ကန်သွင်းယူနိုင်သူဖြစ်ပါတယ်။ ဒါဟာအသက် ၂၁ နှစ်အောက် တိုက်စစ်မှူးတစ်ဦးအတွက်တော့ ကောင်းမွန်တဲ့ စံချိန်စံနှုန်းတွေလို့ပြောရမှာ ဖြစ်ပါတယ်။ သူဟာ ဂိုးသမားတွေကိုလည်း အကြိမ်ပေါင်းများစွာ အရှုံးလုပ်နိုင်စွမ်းရှိပြီး လုပတဲ့လေပေါ်ဝဲ ကန်ချက်တွေနဲ့အတူ ဂိုးသွင်းယူနိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ကောင်းမွန်တဲ့ ဂိုးသွင်းကောင်းတဲ့ တိုက်စစ်မှူးတစ်ဦးလို့ ပြောရတာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဘောလုံးရေးရာလေ့လာသုံးသပ်သူတွေကတော့ ဂျိုဗစ်လိုကစားသမားဟာ ကစားသမားကောင်းတွေဝန်းရံနေတဲ့ ရီးရဲမက်ဒရစ်အသင်းကို ရောက်လာခဲ့ရင်တော့ ကောင်းမွန်တဲ့အနာဂတ်တွေ ပိုင်ဆိုင်လာနိုင်သလို ရီးရဲမက်ဒရစ်အသင်းနဲ့အတူ နှစ်ပေါင်းများစွာ ရှိနေနိုင်တယ်လို့လည်း ဆိုပါတယ်။ ॥

**အောင်က**

> **ဂျိုဗစ်ဟာ ဂိုးပေါက်ကန်သွင်းမှု လေးကြိမ်မှာ တစ်ဂိုးဝင်အောင်ကန်သွင်းယူနိုင်သူ ဖြစ်ပါတယ်။ ဒါဟာအသက် ၂၁ နှစ်အောက် တိုက်စစ်မှူးတစ်ဦးအတွက်တော့ ကောင်းမွန်တဲ့ စံချိန်စံနှုန်းတွေလို့ပြောရမှာ ဖြစ်ပါတယ်။**

## စီးရီးအေပွဲစဉ် (၃၇)

| တနင်္ဂနွေနေ့ | | | ၂၆-၅-၁၉ |
|---|---|---|---|
| ဖရိုစီနုန်း | - | ချီယေဗို | ည ၁၀း၃၀ |
| အင်တာ | - | အမ်ပိုလီ | ည ၁၀း၃၀ |
| ဖီအိုရင်တီးနား | - | ဂျီနိုအာ | ည ၁၀း၃၀ |
| ဆမ့်ဒိုးရီးယား | - | ဂျူဗင်တပ်စ် | ည ၁၀း၃၀ |
| တိုရီနို | - | လာဇီယို | ည ၁၀း၃၀ |
| SPAL | - | မီလန် | ည ၁၀း၃၀ |
| ဘိုလော့ဂ်နာ | - | နာပိုလီ | ည ၁၀း၃၀ |
| ရိုးမား | - | ပါမား | ည ၁၀း၃၀ |
| အတ္တလန္တာ | - | ဆက်ဆူအိုလို | ည ၁၀း၃၀ |
| ကယ်ဂလီယာရီ | - | အူဒီးနိစ် | ည ၁၀း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၈)

| သောကြာနေ့ | | | ၂၄-၅-၁၉ |
|---|---|---|---|
| အာမီယံ | - | ဂူအင်ဂမ့် | နံနက် ၁း၁၅ |
| အန်ဂျာ | - | စိန့်အေတီယန် | နံနက် ၁း၁၅ |
| ကိန်း | - | ဘော်ဒိုး | နံနက် ၁း၁၅ |
| ဒီဂျွန် | - | တူးလောက်စ် | နံနက် ၁း၁၅ |
| မာဆေး | - | မောင့်ပယ်လီယာ | နံနက် ၁း၁၅ |
| နန့်စ် | - | စထရက်ဘော့ချ် | နံနက် ၁း၁၅ |
| နိုက်စ် | - | မိုနာကို | နံနက် ၁း၁၅ |
| နီမက်စ် | - | လိုင်ယွန် | နံနက် ၁း၁၅ |
| ရိမ်းစ် | - | ပီအက်စ်ရှီ | နံနက် ၁း၁၅ |
| ရိန်းနက်စ် | - | လိုင်လီ | နံနက် ၁း၁၅ |

## ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲ

| စနေနေ့ | | | ၂၅-၅-၁၉ |
|---|---|---|---|
| လိုက်ပဇစ် | - | ဘိုင်ယန် | နံနက် ၀၀း၃၀ |

## စပိန်ဘုရင့်ဖလားဗိုလ်လုပွဲ

| စနေနေ့ | | | ၂၅-၅-၁၉ |
|---|---|---|---|
| ဘာစီလိုနာ | - | ဗလင်စီယာ | နံနက် ၁း၃၀ |

## လိဂ်ချန်ပီယံရှစ် Play-Off ဗိုလ်လုပွဲ

| တနင်္လာနေ့ | | | ၂၇-၅-၁၉ |
|---|---|---|---|
| ဗီလာ | - | ဒါဘီ | ည ၈း၃၀ |

## ယူရိုပါလိဂ်ဗိုလ်လုပွဲ

| ဗုဒ္ဓဟူးနေ့ | | | ၂၉-၅-၁၉ |
|---|---|---|---|
| ချယ်လ်ဆီး | - | အာဆင်နယ် | နံနက် ၁း၃၀ |

## လာမည့် ဘောလုံးရာသီတွင် အာဆင်နယ်အသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်သည်ဟု ဗန်ပါစီ ပြောဆို



အာဆင်နယ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ချန်ပီယံဆုဖလား ရရှိနိုင်ကြောင်း အာဆင်နယ်အသင်းတိုက်စစ်မှူးဟောင်း ရော်ဘင်ဗန်ပါစီက မှတ်ချက်ပြုပြောဆိုလိုက်သည်။

၂၀၀၃-၀၄ ခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ် အမှတ်ပေးချန်ပီယံဆုဖလားကို နောက်ဆုံးရရှိခဲ့သော အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ၂၀၁၈-၁၉ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရမှတ် ၇၀ ဖြင့် အဆင့် ၅ နေရာတွင်သာ ရပ်တည်နိုင်ခဲ့ကာ ချန်ပီယံဆုရရှိခဲ့သည့် မန်စီးတီးအသင်းထက် ၂၈ မှတ် လျော့နည်းခဲ့သည်။

အာဆင်နယ်အသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်အမှတ်ပေးချန်ပီယံဆုအား ဆွတ်ခူးနိုင်မည်လားဟု မေးမြန်းမှုကို ဟော်လန်တိုက်စစ်မှူး ဗန်ပါစီက “သူတို့လုပ်နိုင်လောက်ပါတယ်။ အာဆင်နယ်အသင်းဟာ အောင်မြင်မှုရဖို့ အမြဲနီးစပ်ခဲ့တဲ့ အသင်းပါ။ လက်ရှိအချိန်မှာတော့ မန်စီးတီးအသင်းက မယုံကြည်နိုင်လောက်အောင် ခြေစွမ်းပြကစားပြီး အမှတ်ပေး ချန်ပီယံဆုကို သိမ်းပိုက်နိုင်ခဲ့တယ်။ လီဗာပူးအသင်းဆိုရင်လည်း လာမယ့် နှစ်အနည်းငယ်အတွင်း ပရီမီယာလိဂ်ကို လွှမ်းမိုးနိုင်မယ့်အသင်း ဖြစ်လာနိုင်ပါတယ်”ဟု ဖြေဆိုခဲ့သည်။

ပြီးခဲ့သည့် မေလအတွင်းတွင် ဖီယင်နော့အသင်းမှ ထွက်ခွာခဲ့သူ တိုက်စစ်မှူး ဗန်ပါစီသည် ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ကာ အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၂၇၈ ပွဲ ပါဝင်ကစားခဲ့ကာ ၁၃၂ ဂိုးသွင်းယူခဲ့ပြီး ကလပ်သမိုင်းကြောင်းတစ်လျှောက် ရှစ်ဦးမြောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

အာဆင်နယ်အသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ချန်ပီယံဆုဖလား ရရှိနိုင်သည်ဟု တိုက်စစ်မှူး ဗန်ပါစီ၏ မှတ်ချက်နှင့် ပတ်သက်၍ အာဆင်နယ်အသင်း ပရိသတ်အချို့က လှောင်ပြောင်ရေးသားမှုများ ပြုလုပ်ခဲ့ကြသည်။

အာဆင်နယ်အသင်းပရိသတ်တစ်ဦးက “ဗန်ပါစီဟာ အာဆင်နယ်အသင်း ကစားတဲ့ပွဲတွေကို မကြည့်တာ ရှင်းပါတယ်”ဟု ရေးသားခဲ့သည်။

**ထက်အောင်**

## စထရောက်မန်အား ခေါ်ယူရန် မန်ယူနှင့် အဲဗာတန်အသင်းတို့ အပြိုင်ကြိုးစားနေ



ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့သည် ပြင်သစ်ကလပ် မာဆေးအသင်းမှ ကွင်းလယ်ခံစစ်ကစားသမား ကီဗင်စထရောက်မန်အား ယခု နွေရာသီကစားသမားအပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းတွင် အငှားဖြင့်ခေါ်ယူသွားရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဟော်လန်ကစားသမား စထရောက်မန်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းတွင် ရိုးမားအသင်းမှ မာဆေးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ကာ ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူ ဖြစ်သည်။

Sky Sports သတင်းစာမှ သတင်းထောက် ကာဗီဂ်ျဆိုလ်ဟီကိုလ်က “မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ဟာ မာဆေးအသင်းကစားသမား ကီဗင်စထရောက်မန်ကို အငှားနဲ့ခေါ်ယူနိုင်ရေးအတွက် ကြိုးပမ်းနေကြပါတယ်။ မာဆေးအသင်းအား ၂၀၁၈-၁၉ ခုနှစ် ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ အမှတ်ပေးဇယားရဲ့အဆင့် ၆ နေရာမှာသာ ရပ်တည်နိုင်ခဲ့ပြီး စိတ်ပျက်စရာကောင်းတဲ့ ရာသီတစ်ခု ကြုံတွေ့ခဲ့ရပြီးတဲ့နောက် အသင်းရဲ့အသုံးစရိတ်ကို လျှော့ချဖို့ လိုအပ်နေတယ်”ဟု တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ကွင်းလယ်ခံစစ်ကစားသမား စထရောက်မန်သည် ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီတွင် မာဆေးအသင်းအတွက် စုစုပေါင်း ၃၃ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုးသွင်းယူခဲ့သူ ဖြစ်သည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ဟော်လန်ကလပ် အိုင့်ဟိုဗင်အသင်း၌ စထရောက်မန် ပါဝင်ကစားနေစဉ်ကာလအတွင်း မန်ယူအသင်းသည် စထရောက်မန်အား ခေါ်ယူရန် အပြင်းအထန် ကြိုးပမ်းခဲ့သော်လည်း စထရောက်မန်သည် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် အိုင့်ဟိုဗင်အသင်းမှ ရိုးမားအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၇ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် မန်ယူအသင်းသည် စထရောက်မန်အား ခေါ်ယူရေးကို လက်လွှတ်ခဲ့ရသည်။ ကွင်းလယ်ခံစစ်ကစားသမား စထရောက်မန်သည် ရိုးမားအသင်းတွင် ပါဝင်ကစားခဲ့စဉ်ကာလအတွင်း ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား အန်ဒရီဟာရီရာအား လက်လွှတ်ဆုံးရှုံးရမည်ဖြစ်ကာ အခြားကွင်းလယ်ကစားသမားများဖြစ်သော ပေါလ်ပေါ့ဂ်ဘာနှင့် နီမန်ဂျာမာတစ်တို့၏ မန်ယူကစားသမားဘဝ အနာဂတ်မှာလည်း သေချာမှုမရှိသောကြောင့် အသင်း၏ ကွင်းလယ်ကို အင်အားဖြည့်တင်းရန် စီစဉ်မှုများ ပြုလုပ်လျက်ရှိသည်။

**ထက်အောင်**

# ဧရာဝတီတိုင်းဒေသကြီး၌ စံပြရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ရာဇုန်ကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာတော့မည်

**ရန်ကုန် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေလောင်းမြစ်အနီးတွင် ငါးကန်တူးဖော်သောလုပ်ငန်း၊ ငါးသားဖောက်လုပ်ငန်းပြီးစီးနေပြီဖြစ်၍ အအေးခန်းစက်ရုံများ တည်ဆောက်သောလုပ်ငန်းကို မေ ၂၅ ရက်တွင် စတင်မည်ဖြစ်သည်။

နိုင်ငံ၏ တောင်ပိုင်းတွင်သာ ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နိုင်သော မဲခေါင်မြစ်ကို မေးတင်၍ ရေထွက်ပစ္စည်းတင်ပို့မှုဖြင့် တိုင်းပြည်ဝင်ငွေရရှိလျက်ရှိသည့် ဗီယက်နမ်နိုင်ငံတွင် မြေယာရှားပါးသော်လည်း မဲခေါင်မြစ်ဘေးတွင် ငါးကန်များတူးဖော်၍ ရေတံခါးပြုလုပ်ကာ မြစ်ရေအတက်အကျအတိုင်း ငါး၊ ပုစွန်ကန်များရေသွင်း၊ ရေထုတ်ပြုလုပ်သောကြောင့် ဧကများစွာ တစ်နေရာတည်းတွင် စနစ်တကျတူးဖော်၍ တောင်သူများကိုယ်တိုင် မွေးမြူသည့်အတွက် ပြည်ပဈေးကွက်တွင် ငါးတန်ထုတ်လုပ်တင်ပို့မှုဖြင့် ယနေ့ဗီယက်နမ်သည် စီးပွားရေးဦးမော့လျက်ရှိသည်။

ထိုငါးကန်များ၏ ကန်ပေါင်တွင် အစာစက်ရုံများ တည်ရှိသောကြောင့် တစ်နေရာမှ သယ်ဆောင်ရခြင်းမရှိသည့်အတွက် လတ်ဆတ်သော အစာကို စားရခြင်း၊ အစာထုပ်ပိုးမှု သက်သာခြင်း၊ အစာသယ်ဆောင်စရိတ် လျှော့ချသော စနစ်ကို ကျင့်သုံးထားပြီး သုတေသနဌာနကိုလည်း ထိုနေရာတွင် ဖွင့်လှစ်ထား၍ ထုတ်ကုန်၏ အရည်အသွေးကို အချိန်နှင့်တစ်ပြေးညီ ခုတ်ခွဲစမ်းသပ်လျက်ရှိကာ ဖမ်းဆီးသော ငါး၊ ပုစွန်များကိုလည်း ငါးမွေးကန်အနီးရှိ အအေးခန်းစက်ရုံသို့ နာရီပိုင်းအတွင်း လတ်ဆတ်စွာ ရောက်ရှိသည့်အတွက် ဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိသည်။

ပန်းတနော် ငါးမွေးမြူရေးဇုန်တွင် အရည်အသွေးကောင်းမွန်သော ငါးသားဖောက်လုပ်ငန်းတည်ရှိသည့်အပြင် နှစ်ဧကမှ လေးဧကထိ ကျယ်ဝန်း၍ ၁၆ ပေ အနက်ရှိသော ငါးကန်များကို တူးဖော်ထားကာ သားပေါက်မှ ရောင်းတန်းဝင်ငါးများကို အဆင့်ဆင့်ကန်များဖြင့် မွေးမြူလျက် ခုတ်ခွဲခန်းများ၊ အအေးခန်းစက်ရုံများ၊ အစာစက်ရုံများ၊ ငါး၏ဘေးထွက်ပစ္စည်းများ ဖြစ်သောငါးဆီပေါင်း၊ ငါးအရေခွံ၊ အစာတောင့်အတွက် ငါးခေါင်းနှင့် အရိုးကြိတ်သောစက်ရုံတို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး လုပ်သား ၄၀၀၀ ကျော်အတွက် ခြောက်ထပ်တိုက်ခန်းများနှင့်အတူ ဈေး၊ ကျောင်းတို့ကို တည်ဆောက်သွားမည့်အပြင် အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးကိုလည်း အဆိုပါ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်သောဇုန်ကြီးတွင် တည်ဆောက်မည်ဖြစ်သည်။



မြန်မာနိုင်ငံ ငါးမွေးမြူရေးဇုန်၌ မွေးမြူထားသော ငါးများကို တွေ့ရစဉ်။

"တစ်နေရာတည်းမှာ ငါးမွေးမြူထုတ်လုပ်ပြီး တင်ပို့နိုင်တဲ့ ဇုန်မျိုး အာရှမှာ မရှိသေးဘူး။ ကမ္ဘာမှာလည်း မရှိဘူး။ကျယ်ဝန်းတဲ့ မြေယာမရှိလို့ပါပဲ။ စက်ရုံ၊ ငါးကန်၊ လုပ်သားတစ်နေရာစီကနေ ထုတ်လုပ်နေကြတာ။ ဗီယက်နမ်၊ ထိုင်းလည်းအတူတူပဲ။ မြန်မာနိုင်ငံမှာသာ တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်း မွေးမြူထုတ်လုပ်ဖို့ စတင်ဖော်ဆောင်နိုင်ခဲ့တာပါ။ ဒါဟာ ငါးလုပ်ငန်းအတွက်ကံကောင်းမှုတစ်ခုလို့ ပြောလို့ရတယ်။ ငါးကန်ကနေ စက်ရုံကိုပို့ပြီး သင်္ဘောပေါ်ကို တိုက်ရိုက်တင်ပို့နိုင်တာကြောင့် မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှုဟာ ရွှေရောင်လွှမ်းတဲ့ ခေတ်ကို ရောက်လာမယ်လို့ ယုံကြည်တယ်။ တစ်ယောက်အားနဲ့ မဖြစ်နိုင်တဲ့အတွက် ငါးတောင်သူများပါဝင်တဲ့ အများပိုင်ကုမ္ပဏီအနေနဲ့ စတင်ဆောင်ရွက်ခဲ့တာပါ။ မေ ၂၅ ရက်မှာ အအေးခန်းစက်ရုံ စတင်တည်ဆောက်တော့မှာပါ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

အဆိုပါရေထွက်ပစ္စည်းထုတ်လုပ်ရေးဇုန်တွင် ပြည်ပဈေးကွက်ဝင် ငါးတန်၊ တီလားဗီးယားနှင့် ပုစွန်ကို စတင်မွေးမြူလျက်ရှိပြီး တစ်ချိန်တွင် အိမ်နီးချင်းနိုင်ငံများ လာရောက်လေ့လာကြည့်ရှုရသည်အထိ ပို့ကုန်ထုတ်လုပ်မှု စံချိန်တင်နိုင်သော ရေထွက် ပစ္စည်းမွေးမြူထုတ်လုပ်ရာဇုန်ကြီးအဖြစ် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အလုံးအရင်းဖြင့်ရရှိရာ ဇုန်ကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဟု မျှော်လင့်မိထားသည်။

ရေခံမြေခံကောင်းများဖြင့် မျှတသော ရာသီဥတုကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရေချို၊ ရေငန်အလိုက် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးဇုန်များအလိုက် ဖော်ဆောင်မွေးမြူထုတ်လုပ်နိုင်သောကြောင့် ယခုဖော်ဆောင်နေသော ငါးမွေးမြူ ထုတ်လုပ်သော စီမံကိန်းသည် စံပြရှေ့ပြေး စီမံကိန်းတစ်ရပ်အနေဖြင့် ပြသလျက်ရှိသည်။

ကြီးမားသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သောကြောင့် အများပိုင် ကုမ္ပဏီဖွဲ့၍ အကောင်အထည်ဖော်လျက်ရှိရာ အစုရှယ်ယာများကိုလည်း ပြည်သူတို့ထံ ရောင်းချပေးမည်ဖြစ်ရာ ရှယ်ယာများထည့်ဝင်ခြင်းဖြင့် နှစ်စဉ်အကျိုးအမြတ် ခံစားခွင့်ရရှိမည် ဖြစ်သည်။ တစ်ဦးပိုင်၊ တစ်စုတစ်ဖွဲ့ပိုင်လုပ်ငန်းထက် အနာဂတ်ငါးတောင်သူများ ဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် အများပိုင်လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်သော ဇုန်ကြီးကို ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီတွင် မြေနေရာပြုပြင်ခြင်းနှင့် ငါးကန်များ တူးဖော်ခြင်းတို့ စတင်ဆောင်ရွက်ခဲ့ပြီး ငါးသားဖောက်စခန်း တည်ဆောက်ခြင်းကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ခဲ့ရာ ယခုအခါ ဧက ၉၀၀ တွင် လုပ်ငန်းနှစ်ရပ် ပြီးစီးခဲ့၍ အအေးခန်းစက်ရုံကို တည်ဆောက်မည်ဖြစ်သည်။ လုပ်သားအင်အား ၄၀၀၀ ဖြင့် ကနဦးစတင် ဆောင်ရွက်မည့်လုပ်ငန်း ဖြစ်သောကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဧက ၃၆၀၀ ကျော် အပြည့်ဖော်ဆောင်ပြီးပါက လုပ်သား ၂၀၀၀၀ ကျော် အလုပ်အကိုင်ရရှိမည်ဖြစ်၍ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိမှုနှင့်အတူ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရာ ပရောဂျက်တစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ထို့ကြောင့် ယခုဖော်ဆောင်လျက်ရှိသည့် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်သောဇုန်ကြီးသည် အာဆီယံဒေသတွင်း နိုင်ငံများ၌ စံပြရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ရာဇုန်ကြီးတစ်ခုအဖြစ်မကြာမီကာလတွင် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

**သန်းထိုက်**

# မြိတ်မြို့နှင့်ပုလောမြို့ကို ဆက်သွယ်မည့် သမုတ်-လွတ်လွတ် တံတားတည်ဆောက်နေမှု ၄၂ ရာခိုင်နှုန်းပြီးစီး

**မြိတ် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ပုလောမြို့သို့ ဆက်သွယ်ပေးမည့် သမုတ်-လွတ်လွတ်တံတားသည် သမုတ်မြစ်ကူး ထားဝယ်-မြိတ် လမ်းမိုင်တိုင်အမှတ် ၂၂၁ ဒသမ ၂ ကီလိုမီတာအနီးတွင် တံတားတည်ဆောက်ရေးအဖွဲ့ (၄)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားသည် အရှည် ၁၂၈၇ ပေ တံတားခန်းဖွင့်မှုမှာ ၃၀ ဒသမ ၅ မီတာ နှစ်ခန်း၊ ၆၀ မီတာ လေးခန်း၊ ၃၀ ဒသမ ၅ မီတာ သုံးခန်းဖြစ်ပြီး၊ တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတားဖြစ်သည်။

ယာဉ်သွားလမ်းအကျယ်၂၄ ပေ နှင့် လူသွားလမ်း အကျယ်တစ်ဖက်လျှင် သုံးပေစီ၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေ ၊ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား စီမံကိန်းလုပ်ငန်းအား ၁-၈-၂၀၁၇ ရက်တွင် စတင် တည်ဆောက်ခဲ့ပြီး ယနေ့အထိ ၄၂ ရာခိုင်နှုန်းပြီးစီး နေပြီဖြစ်ပြီး စီမံကိန်းခန့်မှန်းတန်ဖိုးငွေမှာ ချဉ်းကပ်လမ်းအပါအဝင် ၁၁ ဒသမ ၈ ဘီလီယံကျပ်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ၆ ဒသမ ၃ ဘီလီယံကျပ် ရရှိပြီးဖြစ်ကြောင်းနှင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံလိုအပ်ရန်ပုံငွေကျပ် ၅ ဒသမ ၅ ဘီလီယံအနက် ပြည်ထောင်စုရန်ပုံငွေ တစ်ဘီလီယံကျပ်နှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၄ ဒသမ ၅ ဘီလီယံကျပ်အား လျာထားတင်ပြထားရှိပြီး ရန်ပုံငွေရရှိပါက ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက်တွင် ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။



သမုတ်- လွတ်လွတ် တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

ယခုအချိန်တွင် တံတားတည်ဆောက်မှု မပြီးစီးသေးသဖြင့် ရန်ကုန်-ထားဝယ်- မြိတ်- ကော့သောင်းသွား ခရီးသည် မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် ခရီးသွားများက သမုတ်မြစ်ရှောင်ကွင်းလမ်းမှ သွားလာနေရပြီး နေ့စဉ်ယာဉ်အစီးရေ အနည်းဆုံး ၂၅၀ မှ ၄၅၀ အတွင်း ဖြတ်သန်းသွားလာလျက်ရှိပေသည်။ အဆိုပါ သမုတ်-လွတ်လွတ်တံတားတည်ဆောက်ပြီးစီးပါက အသုံးပြုဆဲရှောင်ကွင်းလမ်း ၂၅ မိုင်ထက် ၁၁ မိုင်လျှော့နည်းပြီး ယာဉ်မောင်းချိန် ၄၅ မိနစ်ခန့် သက်သာစွာဖြင့် သွားလာနိုင်မည်ဖြစ်ပါသည်။

**ထိန်ဝင်း (ပြန်/ဆက်)**

# မယ်စဲ့တွင် တရားမဝင် စက်သုံးဆီရောင်းချမှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ မေ ၂၃ -**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်းရှိ တရားမဝင်စက်သုံးဆီ ရောင်းချမှုမရှိစေရေးအတွက် ယနေ့ နံနက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း ဦးဆောင်သော မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ တရားမဝင်စက်သုံးဆီအရောင်းဆိုင်ငယ်များ စိစစ်ကြပ်မတ်ရေးအဖွဲ့တို့က မြို့တွင်း၌ တရားမဝင်စက်သုံးဆီများ ရောင်းချမှုရှိ မရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စက်သုံးဆီရောင်းချမည့် လုပ်ငန်းရှင်များအား သတ်မှတ်ထားသည့်နေရာတွင် ရောင်းချကြရန်နှင့် တရားမဝင်ရောင်းချမှုများစစ်ဆေးတွေ့ရှိပါက စည်ပင်ဥပဒေ၊ ဒေသန္တရဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

**ဝတ်ရည် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း မြို့ကြီးငါးမြို့အား တိုင်းရင်းကြက် အထူးမွေးမြူသော မြို့များအဖြစ်သတ်မှတ်၍ ရောဂါကာကွယ်မှုများ ဆောင်ရွက်နေ

**မကွေး မေ ၂၃**

မကွေးတိုင်းဒေသကြီးအတွင်း တိုင်းရင်းကြက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း ၊ ချောက်နှင့် ရေစကြိုမြို့နယ်များကို တိုင်းရင်းကြက် အထူးမွေးမြူသော မြို့နယ်များအဖြစ်သတ်မှတ်၍ ရောဂါ ကာကွယ်မှုများကို စီမံကိန်းဖြင့် ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

## မှတ်တမ်းတင်ထား

လတ်တလော မြေပြင်စာရင်းများအရ စီမံကိန်းဝင်မြို့နယ်များ၌ တိုင်းရင်းကြက်မွေးမြူမှုအခြေအနေမှာ မကွေးမြို့နယ်တွင် မွေးမြူသူ ၄၄၈၄၃ ဦး၊ မွေးမြူကောင်ရေ ၁၇၉၃၇၃ ကောင်၊ တောင်တွင်းကြီးမြို့နယ်တွင် မွေးမြူသူ ၁၉၁၆၅ ဦး၊ မွေးမြူ ကောင်ရေ ၉၂၉၀၇၉ ကောင်၊ ရေနံချောင်းမြို့နယ်တွင် မွေးမြူသူ ၁၃၇၇၃ ဦး၊ မွေးမြူကောင်ရေ ၆၆၅၀၉ ကောင်၊ ချောက်မြို့နယ်တွင် မွေးမြူသူ ၁၆၅၇၀၊ မွေးမြူကောင်ရေ ၈၂၉၉၆ ကောင်၊ ရေစကြိုမြို့နယ်တွင် မွေးမြူသူ ၁၂၀၀၉ ဦး၊ မွေးမြူကောင်ရေ ၁၅၁၈၉၀ တို့ကို မှတ်တမ်းတင်ထားလျက်ရှိသည်။

## စည်းရုံးဆောင်ရွက်

"စီမံကိန်းမြို့နယ် ငါးမြို့နယ်မှာ တိုင်းရင်းကြက်မွေးမြူသူ ၁၀၆၃၆၀ ရှိပြီးတော့ မွေးမြူနေတဲ့ အကောင်ရေက ၁၄၀၉၇၄၇ ကောင် ဖြစ်ပါတယ်။ ၂၀၁၈ခုနှစ်ထဲမှာ ကြက်ကောင်ရေ ၂၂၈၅၂ ကောင်ကို ကြက်လည်လိမ်ကာကွယ်ဆေး၊ မျက်စဉ်းခတ်တာတွေ လုပ်ပေးနိုင်ခဲ့ပါတယ်။ ဒေသမျိုးတိုင်းရင်းကြက်တွေကို စနစ်တကျနဲ့ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များနဲ့အညီ မွေးမြူလာစေဖို့လည်း စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦးက ပြောသည်။

မကွေးမြို့နယ်၌ ငွေတောက်စမ်းနှင့် ရွာသစ်ကလေးကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၌ ဆီမီးထွန်း၊ မင်းကွင်း၊ ဝက္ကသေး၊ ရွာသစ်(နောက်)နှင့် ကွင်းသာကျေးရွာ၊ ရေနံချောင်းမြို့နယ်၌ ကုက္ကိုကွနှင့် သပွတ်စုကျေးရွာ၊ ချောက်မြို့နယ်၌ ငွေးချိုနှင့် အုန်းဘွဲ့တောကျေးရွာ၊ ရေစကြိုမြို့၌ ပေကုန်းနှင့် ဖုလုံကျေးရွာ စသည့်ဒေသများတွင် ၂၀၁၈ ခုနှစ်အတွင်း I2 ကြက်လည်လိမ်ကာကွယ်ဆေး၊ မျက်စဉ်းခတ်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု (မကွေး)**

# တက္ကသိုလ်များ ပဋိညာဉ်စာတမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တက္ကသိုလ်များ

ဒေါက်တာမျိုးကြွယ်(AUAA)

### တက္ကသိုလ်များ ပဋိညာဉ်စာတမ်း

တက္ကသိုလ်များ ပဋိညာဉ်စာတမ်းဆိုသည်မှာ တက္ကသိုလ်များပဋိညာဉ်ကို တိုင်းဒေသကြီး၊ နိုင်ငံတော်အဆင့်တွင် တက္ကသိုလ်များတည်ရှိခွင့်ကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးခြင်းကို ခေါ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် (University charter is a charter given by provincial, state, regional and sometimes national governments to legitimize the university's existence.) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး အချို့နိုင်ငံများက တက္ကသိုလ်အက်ဥပဒေ (University Act)ဟုလည်း ခေါ်ဝေါ်သုံးစွဲကြသည်။

### ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်(An Autonomous University)ဆိုသည်မှာ တက္ကသိုလ်၏ နေ့စဉ်ဆောင်ရွက်နေမှု၊ သင်ရိုးညွှန်းတမ်းများတွင် မည်သူ၏ လွှမ်းမိုးအုပ်ချုပ်မှုမှမပါဘဲ တက္ကသိုလ်အာဏာပိုင်အဖွဲ့အစည်းက လွတ်လပ်စွာ စီမံဆောင်ရွက်နိုင်ခြင်းကို ဆိုလိုပါသည်။

### စင်ကာပူအမျိုးသားတက္ကသိုလ်

ပထမဆုံးအနေဖြင့် အရှေ့တောင်အာရှ၌ ပညာရေးတွင် ထိပ်တန်းရောက်နေသော စင်ကာပူနိုင်ငံရှိ စင်ကာပူအမျိုးသားတက္ကသိုလ်(National University of Singapore-NUS)ကို နမူနာအဖြစ်တင်ပြပါမည်။ NUS သည် ကျူအက်စ် ထူးချွန်ကမ္ဘာ့တက္ကသိုလ် တန်းစီဇယား(QS World University Ranking-2019) တွင် အဆင့် ၁၁ ၌ ရပ်တည်လျက်ရှိသည်။

တက္ကသိုလ်တွင် မဟာဌာနအထူးပြုကျောင်း(Faculty school) ၁၇ ကျောင်းရှိသည်။ ၎င်းတို့မှာ ဝိဇ္ဇာ၊ အနုသုခုမ ပညာရပ်နှင့် လူမှုရေးသိပ္ပံ(Arts and Social Sciences)၊ စီးပွားရေးလုပ်ငန်းပညာ(Business)၊ သတင်းအချက်အလက်နှင့် ကွန်ပျူတာသိပ္ပံပညာ(Information Technology and Computing)၊ ဘဝတစ်သက်တာ ပညာရေး(Continuing and Lifelong Education)၊ ဒီဇိုင်းနှင့် သွားဘက်ဆိုင်ရာ ဆေးပညာ(Dentisy)၊ ပတ်ဝန်းကျင်ပညာ(Design and Environment)၊ အင်ဂျင်နီယာပညာ(Engineering)၊ ဘက်စုံရှုထောင့် သိပ္ပံပညာနှင့် အင်ဂျင်နီယာ(Integrative science and Engineering)၊ ဥပဒေ (Law)၊ ကျန်းမာရေးနှင့် ဆေးပညာ(Health Medicine)၊ လူထုဆိုင်ရာမူဝါဒ (Public Policy)၊ သိပ္ပံပညာ(Science)၊ တက္ကသိုလ်ပညာသင်ဆုအစီအစဉ် (University Scholars Program)နှင့် ယေးလ်-စင်ကာပူ ပူးတွဲအစီအစဉ် (Yale-NUS)တို့ ဖြစ်ကြသည်။

စင်ကာပူမှ အဆင့်မြင့်နှင့် အသက်မွေးဝမ်းကျောင်းသင် ဆရာ ဆရာမများသည် တစ်နှစ်လျှင် နာရီ ၁၀၀ သင်ယူမှု မွမ်းမံသင်တန်း(Refresher Training) သင်ယူရသည်။ တစ်နှစ်သင်သော ဘာသာရပ်အချို့ သင်ရိုးညွှန်းတမ်းအချို့သည် နိုင်ငံဖွံ့ဖြိုးရေးအတွက် မသင့်လျော်တော့ပါ။ ထို့ကြောင့် နှစ်စဉ် ဘာသာရပ်အသစ်များ ပြောင်းလဲသင်ယူစေသည်ဟု လေ့လာမှတ်သားရပါသည်။

တက္ကသိုလ်တစ်ခု၏ အောင်မြင်မှုဆိုသည်မှာ ရှုထောင့်အမျိုးမျိုးမှ ဘာသာရပ်ပေါင်းစုံ သင်ကြားလေ့လာ သုတေသနပြုမှု(Multidisciplinary Approach) အစီအစဉ်နှင့် ဘာသာရပ်အချင်းချင်း အပြန်အလှန်လေ့လာနိုင်သော တက္ကသိုလ်စနစ်(Comprehensive University) ထူထောင်မှသာ အောင်မြင်နိုင်ပါမည်။ စင်ကာပူအမျိုးသားတက္ကသိုလ်က နမူနာတစ်ခုဖြစ်ပါသည်။

### မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်

၂၀၁၉ ခုနှစ်တွင် QS World University Ranking အရ ပထမ အဆင့်(၁) ရရှိသော မက်ဆာချူးဆက် နည်းပညာတက္ကသိုလ် (Massachusetts Institute of Technology-MIT)၏ ရည်ရွယ်ချက်မှာ ကမ္ဘာကြီးနှင့် လူသားအားလုံးအတွက် သင်ကြားရေး၊ သုတေသနနှင့် တီထွင်ထုတ်လုပ်နိုင်မှု ဦးစားပေးနိုင်ရေး(To make a better world through Education, Research and Innovation)ဟု ဖြစ်သည်။

ကျောင်းသား ကျောင်းသူပေါင်း ၁၁၀၀၀ ကျော်အား ပါမောက္ခ ၁၀၄၇ ဦး အပါအဝင် ဆရာ ဆရာမနှင့် ဝန်ထမ်း ၁၂၀၀၀ ကျော်က ဂရုတစိုက် ကြီးကြပ်စီမံကွပ်ကဲ၍ ဝန်ဆောင်မှုပြုပါသည်။ MIT နည်းပညာတက္ကသိုလ်ဟူ၍ ခေါ်ဝေါ်သော်လည်း မဟာဌာန / မဟာကျောင်းကြီးပေါင်း ငါးခုနှင့် (Department/ Institute/ Faculty/ School) ၃၁ ခုရှိသည်။ အလုပ်အကိုင်ရရှိမှုအဆင့် (Graduate Employability Ranking)မှာလည်း ကမ္ဘာ့အဆင့်(၁) ဖြစ်သည်။ ဘွဲ့ရအားလုံး၏ ၉၇ ဒသမ ၄ ရာခိုင်နှုန်းသည် အလုပ်အကိုင်ရရှိကြပြီး နိုဘယ်ဆုရသူ(Nobel Laureates) ၉၀ ကျော် ရှိသည်။



### ရန်ကုန်တက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ဒီဇင်ဘာ ၁ ရက်မှစ၍ ဖွင့်လှစ်ခဲ့သည်။ တည်နေရာမှာ ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက်အတွင်း အရှေ့ဘက်နှင့် မြောက်ဘက်တွင် အင်းလျားလမ်း၊ တောင်ဘက်တွင် တက္ကသိုလ်ရိပ်သာလမ်းနှင့် အနောက်ဘက်တွင် ပြည်လမ်းတို့အကြား တည်ရှိသည်။ ဧရိယာအကျယ်အဝန်းမှာ ၁၉၂ ဒသမ ၀၆၆ ဧက ရှိသည်။ ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေတွင် (RC-2)သည် ၂၄ ဒသမ ၆၈ ဧက၊ အင်ကြင်းဆောင်သည် ၂ ဒသမ ၆ ဧက၊ ခုနစ်ထပ် ကျောင်းသားအိပ်ဆောင်၊ ကျောင်းသူအိပ်ဆောင် ၄ ဒသမ ၆၆၄ ဧက ရှိသည်။

၁၉၂၀ ဒီဇင်ဘာ ၁ ရက်က ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ပြီးသည့်မှစ၍ ထူးချွန်ပြောင်မြောက်သော အရာရှိများ၊ အကြီးအကဲများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များ၊ လူရည်ချွန်လူရည်မွန်များ အမြောက်အမြားကို ဤ ရန်ကုန်တက္ကသိုလ်ကြီးမှ မွေးထုတ်ပေးနိုင်ခဲ့သည်။ ထူးချွန်သော ပါရဂူဘွဲ့ရ သုတေသနပညာရှင် များစွာကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ပထမနှစ် ထူးချွန် ကျောင်းသား ကျောင်းသူများကိုလည်း စတင်သင်ကြားပေးလျက်ရှိသည်။ နိုင်ငံခြားတက္ကသိုလ်များနှင့်လည်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၍ သုတေသန ပူးပေါင်းလုပ်ဆောင်ခြင်းများ၊ တက္ကသိုလ် ကျောင်းသားကျောင်းသူများအား တက္ကသိုလ်အချင်းချင်းကြား အပြန်အလှန် စေလွှတ်ခြင်းများကိုလည်း ပြုလုပ်ဆောင်ရွက်နေပြီဖြစ်သည်။

### ရန်ကုန်တက္ကသိုလ်၏ ဌာန ဖွဲ့စည်းပုံ

ရန်ကုန်တက္ကသိုလ်ကြီးတွင် သင်ကြားရေးဌာန နှစ်ခု၊ သုတေသနဌာန နှစ်ခု၊ စာကြည့်တိုက်ဌာန၊ ကွန်ပျူတာဌာန၊ သင်ကြားသင်ယူရေးဌာန၊ အရည်အသွေး အာမခံမှုဌာန၊ အင်္ဂလိပ်ဘာသာစကား ဗဟိုဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန၊ ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးရေးနှင့် ရန်ပုံငွေ မြှင့်တင်ရေးဌာန၊ ကျောင်းသားဆိုင်ရာ တက္ကသိုလ်တွင်းလှုပ်ရှားမှုဌာနများကို အောက်ပါရည်ရွယ်ချက်များဖြင့် ထားရှိဖွဲ့စည်းထားသည်။ ဖွဲ့စည်းပုံကို ထပ်မံတိုးချဲ့သွားမည်လည်းဖြစ်သည်။

ရည်ရွယ်ချက်များမှာ

(က) ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကို ထိရောက်စွာ အသုံးချနိုင်စေရန်၊

(ခ) နိုင်ငံတကာတက္ကသိုလ်များနှင့် သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲမှု သုတေသနလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက် လုပ်ဆောင်နိုင်ရန်နှင့် အသိအမြင်များ ဖလှယ်နိုင်စေပြီး နိုင်ငံအကျိုးပြု သုတေသန ရလဒ်ကောင်းများ ထွက်ပေါ်စေရန်၊

(ဂ) လက်ရှိ တက္ကသိုလ်တွင် သင်ကြားနေသော ဘာသာရပ်များကို ပြည်သူလူထုအတွက် ပိုမိုအကျိုးပြုနိုင်သော ဘာသာရပ်များအဖြစ် ထပ်မံတိုးချဲ့ ဖွဲ့စည်းရန်၊

(ဃ) တိုးတက်ပြောင်းလဲလာသော အခြေအနေအရ တောင်းဆိုလာသည့် ဘာသာရပ်အသစ်များအတွက် လူသားအရင်းအမြစ်များကို ကြိုတင်လေ့ကျင့်ပျိုးထောင်ပေးရန်၊

(င) ကျောင်းသား ကျောင်းသူများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် အထူးပြုဘာသာရပ်များအပြင် ဆက်စပ်သော ဘာသာရပ်များကို လေ့လာပြီး သင်ယူတတ်မြောက်စေရန်၊

(စ) သိပ္ပံဘာသာရပ်တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော နိုင်ငံအကျိုးပြု သုတေသန ဆောင်ရွက်ရန်နှင့် နည်းပညာ အထောက်အပံ့ပေးရန်၊ နိုင်ငံတကာ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရည်အချင်း ပြည့်ဝသော မျိုးဆက်သစ် သုတေသနပညာရှင်များ ပြုစုပျိုးထောင်ရန်၊ နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရ ဓာတ်ခွဲခန်းများအဖြစ် မြှင့်တင်ရန်၊ သုတေသနလုပ်ငန်းများကိုလည်း ထိရောက်စွာ အကူအညီပေးနိုင်ပြီး အမျိုးသား ပညာမြင့်မားရေးကို စဉ်ဆက်မပြတ်တိုးတက်အောင် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်၊

(ဆ) ရန်ကုန်တက္ကသိုလ်သည် အပြည်ပြည်ဆိုင်ရာ ပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားတက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားပြီး ဖြစ်သဖြင့် အဆိုပါတက္ကသိုလ်များနှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်၊

(ဇ) နိုင်ငံခြားတက္ကသိုလ်များနှင့်ပတ်သက်ပြီး ဆက်သွယ်ရမည့် လုပ်ငန်းကိစ္စများ၊ ၎င်းနှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်များကို သီးသန့်ဆောင်ရွက်နိုင်ရန် စသည်တို့ ဖြစ်သည်။

### တိုးချဲ့ဖွဲ့စည်းမည့် ဌာနများ

ရန်ကုန်တက္ကသိုလ်ကို နိုင်ငံတကာ တက္ကသိုလ်များနည်းတူ ဘက်စုံ လွှမ်းခြုံ သင်ကြားပေးနိုင်သောတက္ကသိုလ်(Comprehensive University)ပုံစံ ဖြစ်စေရန်အတွက် နိုင်ငံတကာတက္ကသိုလ်များနည်းတူ မဟာဌာန ငါးခုကိုလည်း တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သည်။

၎င်းတို့မှာ

(၁) ဝိဇ္ဇာနှင့်လူမှုရေးပညာမဟာဌာန (Faculty of Arts and Literacy)
(၂) လူမှုရေးသိပ္ပံမဟာဌာန (Faculty of Social Sciences)
(၃) ဥပဒေပညာမဟာဌာန (Faculty of Law)
(၄) မဟာသိပ္ပံဌာန (Faculty of Sciences)
(၅) နည်းပညာမဟာဌာန(Faculty of Technology)တို့ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တက္ကသိုလ်ကဲ့သို့ ကိုယ်ပိုင်လွတ်လပ်ခွင့်ရရှိသော တက္ကသိုလ်များ(Autonomous Universities) ဖြစ်လာပြီး လိုအပ်သော သုတေသနများ၊ ဘာသာရပ်အသစ်များ ပြုလုပ်သင်ကြားပေးနိုင်သော တက္ကသိုလ်များ ဖြစ်လာရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

“၁၉၂၀ ဒီဇင်ဘာ ၁ ရက်က ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ပြီးသည့်မှစ၍ ထူးချွန်ပြောင်မြောက်သော အရာရှိများ၊ အကြီးအကဲများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များ၊ လူရည်ချွန်လူရည်မွန်များ အမြောက်အမြားကို ဤ ရန်ကုန်တက္ကသိုလ်ကြီးမှ မွေးထုတ်ပေးနိုင်ခဲ့သည်၊ ထူးချွန်သော ပါရဂူဘွဲ့ရ သုတေသနပညာရှင် များစွာကိုလည်း မွေးထုတ်ပေးလျက်ရှိသည်၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ ပထမနှစ် ထူးချွန် ကျောင်းသားကျောင်းသူများကိုလည်း စတင်သင်ကြားပေးလျက်ရှိသည်၊ နိုင်ငံခြားတက္ကသိုလ်များနှင့်လည်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၍ သုတေသန ပူးပေါင်းလုပ်ဆောင်ခြင်းများ၊ တက္ကသိုလ် ကျောင်းသားကျောင်းသူများအား တက္ကသိုလ်အချင်းချင်းကြား အပြန်အလှန်စေလွှတ်ခြင်းများကိုလည်း ပြုလုပ်ဆောင်ရွက်နေပြီဖြစ်သည်”

---

## ညောင်ဦး၌ လေပြင်းတိုက်၍ ကုက္ကိုပင်ကြီးကျိုးကျပြီး ဓာတ်အားပြတ်တောက်

ညောင်ဦး မေ ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဦးမြို့မရဲစခန်း ဝန်ထမ်းအိမ်ရာအနီးရှိ သက်တမ်းရင့်ကုက္ကိုပင်ကြီးမှ သစ်ကိုင်းသည် လျှပ်စစ်ဖီဒါ-၂ ဓာတ်အားလိုင်းပေါ်သို့ ကျိုးကျပြီး ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဓာတ်အားလိုင်းပေါ်သို့ ကျိုးကျနေသောသစ်ကိုင်းကို ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဒုတိယမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းထိန်နှင့် ဝန်ထမ်းများအဖွဲ့က ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်အားအကူအညီဖြင့် လာရောက်ခုတ်ထွင်ရှင်းလင်းပြီး ဒေသခံပြည်သူများ အမြန်ဆုံး လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရေးအတွက် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါ သစ်ကိုင်းကျိုးကျမှုကြောင့် ဓာတ်အားလိုင်းမှအပ အခြား လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မလှိုင်မြို့နယ်မှ တရားမဝင် စက်သုံးဆီဆိုင်များကို ပညာပေးကာလကျော်လျှင် ဖမ်းဆီးအရေးယူမည်

**မလှိုင် မေ ၂၃**
မလှိုင်မြို့နယ်အတွင်း တရားမဝင်ရောင်းချနေသော စက်သုံးဆီအရောင်းဆိုင်များကို ပညာပေးကာလ ကျော်လွန်လျှင် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မေ ၂၁ ရက်က ပြုလုပ်သည့် စက်သုံးဆီဆိုင် လုပ်ငန်းရှင်များအား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအကြောင်း ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

စက်သုံးဆီဆိုင် လုပ်ငန်းရှင်များအား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်း(၁၁/၂၀၁၉) ဆုံးဖြတ်ချက် အပိုဒ်(၂)(ခ) အရ မြို့နယ်များတွင် တရားမဝင်စက်သုံးဆီ ရောင်းချနေသူများအား ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ အသိပညာပေးကာလ သုံးလ သတ်မှတ်ပြီး ပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပညာပေးကာလ ကုန်ဆုံးသွားပါက ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များအား အသိပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ယုမွန်ကျော်က ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေများအကြောင်းနှင့် အရေးယူခံရနိုင်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်က ပညာပေးကာလ ကျော်လွန်လျှင် ဖမ်းဆီးအရေးယူသွားမည့် အခြေအနေများနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်က မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဆက်လက်ဟောပြောခဲ့သည်။

မလှိုင်မြို့နယ်အတွင်း တရားမဝင် စက်သုံးဆီရောင်းချနေမှုနှင့်ပတ်သက်၍ မေ ၂၁ ရက်မှ ဩဂုတ် ၁၈ ရက်အထိ ပညာပေးကာလ သတ်မှတ်ထားပြီး ထိုပညာပေးကာလ ကျော်လွန်သွားလျှင် တရားမဝင် စက်သုံးဆီရောင်းချနေသူများအား ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေဖြင့် ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**



စက်သုံးဆီအရောင်းဆိုင်ရှင်များအား ပညာပေးဟောပြောနေစဉ်။

## ရေရှားပါးနေသည့်ဒေသများသို့ သောက်သုံးရေများလှူဒါန်း

**မင်းပြား**

မင်းပြားမြို့နယ်အတွင်းမှ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရသော ကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းငြိမ်းနိုင် ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော အဖွဲ့က သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ မေ ၂၀ ရက်က ဖလောင်းပြင်ကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းစိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်လင်းနှင့် မီးသတ်ဝန်ထမ်းများ ပူးပေါင်း၍ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း ပုံတောင်ဒေသရှိ သက္ကယ်ကျင်းကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်မှုမရှိကြောင်း သိရှိရသဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်း၍ မေ ၂၁ ရက်က ကျေးရွာအရောက် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဇော်မင်းဦးက “ရေလုံလောက်မှုမရှိကြောင်း ဒေသခံပြည်သူတွေက ဆက်သွယ် အကူအညီတောင်းခံလာမှုအရ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရဲ့ စီစဉ်ပေးမှုနဲ့ ကျွန်တော်တို့ဌာနက ရေသန့်ဘူးကြီး ၁၅၀ နဲ့ မုံရွာမြို့ စက်မှု(၁) ရွာထောင်တောရကျောင်း သုဂတိလူမှုကူညီရေးအဖွဲ့က ဂါလန် ၁၈၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးနဲ့ သောက်သုံးရေများ လှူဒါန်းပေးခဲ့ပါတယ်” ဟု ပြောသည်။ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဖုန်း-၀၇၁-၃၅၀၀၃၊ ၀၉-၉၆၃၇၀၀၀၁၃ နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၃၅၀၉၆၊ ၀၉၇၉၈၇၀၉၈၇၁ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ဒလ**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ ရေရှားပါးပြတ်လပ်လာသည့် သပြေကုန်းကျေးရွာနေ ဒေသခံပြည်သူများအတွက် သောက်ရေသန့်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံးက မေ ၂၁ ရက်က လှူဒါန်းခဲ့သည်။ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးရုံးမှ ဒုတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းသန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက သပြေကုန်းရွာရှိ အိမ်ထောင်စု တစ်စုလျှင် ရေသန့်ဘူးကြီး တစ်ဘူးနှုန်းဖြင့် အိမ်ထောင်စု ၆၀၀ အတွက် ရေဘူး ၆၀၀ ကို ပေးဝေလှူဒါန်းခဲ့ခြင်းဖြစ်သည်။

**နိုင်လင်းကျော် (ဒလ)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှ ရေရှားပါးနေသော လေးမိုင်အုပ်စု ငွေတောင်ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆန်းလှိုင်နှင့် တပ်ဖွဲ့ဝင်များက မေ ၂၀ ရက်က ငါးကြိမ်မြောက်အဖြစ် သွားရောက်လှူဒါန်းခဲ့သည်။ အဆိုပါကျေးရွာတွင် အိမ်ထောင်စု ၈၄ စု၊ လူဦးရေ ၄၀၀ နီးပါးနေထိုင်ပြီး ရေအခက်အခဲကြုံတွေ့နေရသဖြင့် လုံးဝပြတ်လပ်သွားခြင်းမရှိစေရန် မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၂၄၀၀ ကို ဌာနပိုင် ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တည်ဆောက်ခဲ့သော ကျေးရွာအဝင်တံတား ဖွင့်ပွဲကျင်းပ

**ကောလင်း မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာ ၁၈ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများအနက် ကောလင်းမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာရှိ ရွာအဝင်တံတား ဖွင့်ပွဲကို မေ ၂၀ ရက်က အဆိုပါ တံတားထိပ်၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသောင်းမြင့်နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ တံတားကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာအဝင်တံတားမှာ ကျောက်ခုံခံ သံပေါင်တင် သစ်သားတံတား အမျိုးအစားဖြစ်ပြီး အရှည် ပေ ၄၀၊ အကျယ် ၁၂ ပေရှိကြောင်း၊ တံတားကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ရန်ပုံငွေ ကျပ် ၁၀ သန်းနှင့် ကျေးရွာနေပြည်သူများထည့်ဝင်ငွေ ကျပ် ၄ ဒသမ ၂ သန်း အကုန်အကျခံ၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပူတာအိုမြို့၌ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆွေးနွေးပွဲပြုလုပ်

**ပူတာအို မေ ၂၃**
ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း၌ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုများကို ပြည်သူတို့၏ သိပိုင်ခွင့်နှင့်အညီ သိရှိနိုင်ရန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပွင့်လင်းမြင်သာစွာ မေးမြန်းနိုင်ရန်အတွက် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူလူထု တွေ့ဆုံဆွေးနွေးပွဲကို နမ်ရှုနီလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း၏ စီစဉ်မှုဖြင့် ပူတာအိုဟိုတယ်ခန်းမ၌ မေ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီက အမှာစကားပြောကြားပြီး လွှတ်တော်အတွေ့အကြုံ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ လွှတ်တော်ရန်ပုံငွေသုံးစွဲမှုဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများက သာသနာပိုင်မြေများ၊ အခွန်လွတ်နယ်မြေရရှိရေး ကိစ္စရပ်များ၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကို ကမ္ဘာ့အမွေအနှစ်သတ်မှတ်ရေး လူထုသဘောထား အမြင်များ၊ လယ်ယာမြေဥပဒေမဟုတ်သော တောင်ယာဥပဒေ ဖြစ်ပေါ်လာရေးကိစ္စများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် သားငှက်ထိန်းသိမ်းရေး ဥပဒေ လုပ်ထုံးလုပ်နည်းများ၊ စိုက်ပျိုးမြေနှင့် သစ်တောမြေ ကွဲပြားမှုများ၊ ပူတာအိုဒေသတွင် သစ်မာစိုက်ပျိုးမှု သစ်တောစိုက်ခင်း ဖြစ်ပေါ်လာရေးကိစ္စ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ကြိုးပြင်သစ်တော ထိန်းသိမ်းကာကွယ်ရေးနှင့် ရေခဲတောင်၊ မြစ်ချောင်းအင်းအိုင်၊ သစ်တောများ ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တို့မှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ CSC အဖွဲ့များ၊ CF အဖွဲ့အစည်းများ၊ အရပ်ဘက် စောင့်ကြည့်လေ့လာရေးအဖွဲ့များမှ အဖွဲ့ဝင်များနှင့် ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ပါဝင်စားသော ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**နေ့ယော်ဘော် (ပူတာအို)၊ ဓာတ်ပုံ - ဆန်းညွန့်ဦး**




ပူတာအိုမြို့၌ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆွေးနွေးပွဲပြုလုပ်စဉ်။

## မိုးနဲမြို့နယ်၌ တိုင်းရင်းကြက်များကို အိုင်တူးမျက်စဉ်းကာကွယ်ဆေး အခမဲ့ခတ်ပေး

**မိုးနဲ မေ ၂၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ တိုင်းရင်းကြက်များကို ရာသီအကူးအပြောင်းတွင် ဖြစ်ပွားလေ့ရှိသော ကြက်လည်လိမ်ရောဂါကျခြင်းမှ ကင်းဝေးစေပြီး အသားနှင့်ဥ ထုတ်လုပ်မှုကောင်းမွန်စေရန် ရည်ရွယ်လျက် ဒေသခံပြည်သူများ မွေးမြူထားသော ကြက်များကို အိုင်တူး မျက်စဉ်းကာကွယ်ဆေးများ အခမဲ့ခတ်ပေးလျက်ရှိသည်။

မေ ၂၃ ရက်က နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ကတ်နောက်ကျေးရွာမှ ပြည်သူများ၏ ကြက်များကို မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းနှင့် ဝန်ထမ်းများက မျက်စဉ်း ကာကွယ်ဆေးများ ခတ်ပေးခဲ့ရာ ကြက်ကောင်ရေ ၅၁၅ ကောင်ကို ဆေးခတ်ပေးနိုင်ခဲ့ကြောင်းနှင့် မြို့နယ်အတွင်းမှ အခြားကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်း၍ ကြက်မျက်စဉ်းဆေးများ အခမဲ့ ခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



## မန္တလေး မြို့တည်နန်းတည် နှစ် ၁၆၀ ပြည့် အထိမ်းအမှတ် ဖိတ်ခေါ်စာမူပြိုင်ပွဲမှ ဆုရစာရင်းထုတ်ပြန်

**မန္တလေး မေ ၂၃**
မန္တလေး မြို့တည်နန်းတည် နှစ် ၁၆၀ ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာတော်ဝင်အနွယ်တော်များအစည်းအရုံးက ကြီးမှူးပြီး မန္တလေး ခုနစ်မြို့နယ် စာပေပြိုင်ပွဲကျင်းပရေးကော်မတီက စီစဉ်ကျင်းပသည့် ဖိတ်ခေါ်စာမူပြိုင်ပွဲ (ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုတို) မှ ဆုရစာရင်းများကို ဆုရွေးချယ်ရေးကော်မတီက မေ ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ကဗျာပြိုင်ပွဲတွင် ပထမဆုကို မောင်မြတ်ဆွေ (သားလမင်း- မြို့သာ)ငါန်းဇွန်မြို့နယ်ကလည်းကောင်း၊ ဒုတိယဆုကို ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)(ဘုန်းမောင်ဝင်း-ဖျာပုံ) နေပြည်တော် မြဝတီသတင်းစာတိုက် ပုဗ္ဗသီရိမြို့နယ်ကလည်းကောင်း၊ တတိယဆုကို ဦးစိုးသူ(ဒီမိုစိုးသူ-ကောလင်း) ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်ကလည်းကောင်း၊ နှစ်သိမ့်ဆုကို ဦးခိုင်မြင့်ဝေ(အညာသား-ငါန်းဇွန်) အောင်မြေသာစံမြို့နယ် မန္တလေးကလည်းကောင်း ရရှိသည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကိုဒေါက်တာကျော်ဆွေဦး(ကျော်ဆွေဦး)တွဲဖက်ပါမောက္ခ သမိုင်းဌာန ရေနံချောင်းဒီဂရီ ကောလိပ်ကလည်းကောင်း၊ ဒုတိယဆုကို ဦးမောင်မောင်ဟန်(မောင်မောင်ဟန်-အေးရွာ)ကလည်းကောင်း၊ တတိယဆုကို ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း-ဟင်္သာတ)ကလည်းကောင်း၊ နှစ်သိမ့်ဆုကို ဦးထွန်းမြင့်(အိုးဝေ-မြေနီကျင်း)မန္တလေးကလည်းကောင်း ရရှိသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုကို ဦးဇော်လွင်ဦး (ကိုတူး-သာယာမြိုင်)ဟင်္သာတမြို့ကလည်းကောင်း၊ ဒုတိယဆုကို ဦးဉာဏ်ဝေ(မြနန္ဒာ-ဉာဏ်ဝေ) ချမ်းမြသာစည်မြို့နယ်ကလည်းကောင်း၊ တတိယဆုကို ဦးမောင်မောင်လွင်(မောင်မောင်လွင်-ကျိုက်မရော)ကလည်းကောင်း၊ နှစ်သိမ့်ဆုကို ဦးဝင်းသိန်း(ကျောင်းဆရာ ကိုကိုဝင်း) ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ကလည်းကောင်း ရရှိသည်။

ဆုချီးမြှင့်ပွဲကို မေ ၂၆ ရက်တွင် မန္တလေးတောင်ကုသိုလ်တော်ဘုရား၌ ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများသည် မေ ၂၆ ရက် နံနက် ၈ နာရီတွင် ဆုချီးမြှင့်မည့်နေရာသို့ ရောက်ရှိကြောင်း သတင်းပို့ရမည်ဟု ဆုရွေးချယ်ရေးကော်မတီက သတင်းထုတ်ပြန်ကြေညာထားသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်ချိန်တွင် ငါးဖမ်းခြင်းမပြုရန် ဝါးခယ်မမြို့နယ်၌ ကြပ်မတ်စစ်ဆေးလျက်ရှိ


မြို့နယ်အတွင်းမှ ရေလုပ်သားများအား ငါးရစ်ငါးသန်များ ဖမ်းဆီးခြင်းမပြုရန် လိုက်လံစစ်ဆေး ပညာပေးနေစဉ်။

**ဝါးခယ်မ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ဒေသခံ ရေလုပ်သားများအား အသိပေးနှိုးဆော်ထားပြီး ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မိုးဖြိုင်ဖြိုင်ရွာသော မေလ၊ ဇွန်လနှင့် ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်များ၌ ဥများပြည့်နေသော ငါးမကြီးများ၊ မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြကြောင်း၊ ထိုငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်နှင့် ငါးသန်များသည်လည်း သေကျေပျက်စီးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး ငါးကို ဖူလုံစွာ စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်နှင့် ငါးမျိုးပြုန်းတီးမှု မဖြစ်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငါးရစ်ငါးသန် ရာသီချိန်များတွင် ရေလုပ်သားများအနေဖြင့် ငါးများကို ဖမ်းဆီးခြင်းမပြုကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်တားမြစ်ထားကြောင်း၊ ပြည်သူများအနေဖြင့် နုနယ်လှသော ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရန် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် မြို့နယ်အတွင်း အသိပေးနှိုးဆော်ထားကြောင်း ဝါးခယ်မမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစန်းမောင်ဦးက ပြောကြားသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးဖမ်းဆီးခြင်းမပြုရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အသိပေးထားသလို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများကလည်း လိုက်လံကြပ်မတ်စစ်ဆေးလျက်ရှိပြီး တားမြစ်ချက်များကို လိုက်နာခြင်းမရှိသူများအား ရေချိုငါးလုပ်ငန်း ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ(ဝါးခယ်မ)**

# ဧရာဝတီမြစ်ကမ်းပါးပြိုကျ၍ ပွင့်ဖြူမြို့နယ်မှ အိမ်နှစ်လုံး ဘေးလွတ်ရာသို့ပြောင်းရွှေ့ရ

**ပွင့်ဖြူ မေ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု ဘီးဇပ်ခုံကျေးရွာ၌ မေ ၂၁ ရက် နံနက် ၁၀ နာရီခန့်က ဧရာဝတီမြစ်ကမ်းပါး ပြိုကျလာမှုကြောင့် မြစ်ကမ်းပါးအနီးရှိ လူနေအိမ်နှစ်လုံးကို ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးခဲ့ရကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။


မြစ်ကမ်းပါးအနီးမှ အိမ်တစ်လုံးကို ဖျက်၍ ပြောင်းရွှေ့နေစဉ်။

ဘီးဇပ်ခုံကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့် ရွာတစ်ရွာဖြစ်ပြီး ဒေသခံ ကျေးလက်နေပြည်သူများအနေဖြင့် နှစ်စဉ် ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရသည့် ကျေးရွာတစ်ရွာလည်းဖြစ်ကြောင်း၊ ယခုလည်း ဧရာဝတီမြစ်ကမ်းပါး ထပ်မံပြိုကျလာမှုကြောင့် မြစ်ကမ်းပါးနှင့် နီးစပ်နေသည့် လူနေအိမ်နှစ်လုံးကို ကျေးရွာရှိ လူမှုကူညီရေး အသင်းဝင်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့တို့၏ ဝိုင်းဝန်းကူညီမှုဖြင့် ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ပြောင်းရွှေ့ခဲ့ရသည့် အိမ်နှစ်လုံးမှ အိမ်ထောင်စုဝင်များအား နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များတွင် ယာယီတည်းခို နေထိုင်နိုင်ရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာ ရပ်မိရပ်ဖများက စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# နမ့်ခမ်းမြို့၌ အပူချိန်မြင့်တက်၍ ရေကန်များခန်းခြောက်ပြီး ရေရှားပါးမှုများ စတင်ကြုံတွေ့လာ

**နမ့်ခမ်း မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့တွင် နွေရာသီကာလ အပူချိန်များ မြင့်တက်လာသည့်အတွက် ရေပေးဝေရေးဆောင်ရွက်နေသည့် ရေလှောင်ကန်များတွင် ရေလျော့နည်းလာပြီး ရေပေးဝေလျက်ရှိသော လူနေအိမ်များသို့ ရေအပြည့်အဝ မပေးနိုင်တော့ခြင်းနှင့် ရေပေးဝေမှုကို ဖြတ်တောက်လျှော့ချခြင်းများ ပြုလုပ်လာရပြီး ဒေသခံပြည်သူများမှာလည်း သုံးရေအတွက် အခက်အခဲများနှင့် စတင်ကြုံတွေ့လာရကြောင်း သိရသည်။

ရေပေးဝေရေးလုပ်ငန်းများမှရေကို အသုံးပြုနေသူများသာမက ရေတွင်းများကို အသုံးပြုနေသူများအနေဖြင့်လည်း ရေတွင်းများ ရေခန်းခြောက်လာမှုကြောင့် ရေဝယ်သုံးရခြင်း၊ တောင်ကျစမ်းရေကိုခံ၍ သုံးစွဲနေရခြင်းများ ပြုလုပ်လာရပြီး အချိန်ကုန်လူပင်ပန်းကာ အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

မြို့နေပြည်သူများ၏ အိမ်များတွင် ရေပြတ်လပ်လာခြင်းကြောင့် အမှတ်(၃)(နောင်စန့်)ရပ်ကွက်အနီးရှိ သဘာဝ တောင်ကျစိမ့်စမ်းရေကို နေ့စဉ် နံနက်ပိုင်းမှ ညပိုင်းအထိ လာရောက်ခပ်ယူကြသူများ များပြားလျက်ရှိပြီး အလှည့်ကျစနစ်ဖြင့် တန်းစီစောင့်ဆိုင်း၍ အချိန်ယူ ခပ်နေကြရကြောင်း သိရသည်။ ယခုနှစ်တွင် အပူချိန်မြင့်မားမှုကြောင့် အဆိုပါ စိမ့်စမ်းတွင်လည်း ယခင်နှစ်များကဲ့သို့ ရေထွက်မများသော်လည်း ရေအခက်အခဲကြောင့် လာရောက်ရေခပ်ယူသူ များပြားနေခြင်းဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း (နမ့်ခမ်း)**

# ရေကန်တူးဖော်မှုအတွက် အလှူငွေနှင့် သောက်ရေသန့်များ လှူဒါန်း

**မအီ မေ ၂၃**

အပူလွန်ကဲကြောင့် သောက်သုံးရေ ခက်ခဲရှားပါးမှုနှင့် ကြုံတွေ့နေရသည့် မအီမြို့နယ် လယ်ဖားကျေးရွာမှ ပြည်သူများအတွက် သောက်ရေသန့်များကို မအီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကျေးလက်ကျန်းမာရေး ဦးစီးဌာနနှင့် ပြန်/ဆက် ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

ကျေးရွာနေပြည်သူများအတွက် ဇီးဇွန်တောင် ရေသန့်စက်ရုံမှ သောက်သုံးရေသန့် လီတာ ၂၅၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် လယ်ဖားကျေးရွာ၌ လူဦးရေနှင့်မမျှတစွာ အလျား၊ အနံ၊ အနက် ကျဉ်းမြောင်းသေးငယ်ပြီး ရေခန်းခြောက်နေသည့် ရေကန်ကို အလျား၊ အနံ ပတ်လည် ပေ ၂၀၀ ခန့်အထိ စက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်နေသည်ကို တွေ့ရှိ၍ ရေကန်သစ်တူးဖော်ခြင်းတွင် ဦးစီးဆောင်ရွက်ပေးနေသည့် ရွာဦးကျောင်းဆရာတော်ထံသို့ ရေကန်တူးဖော်ခြင်းအတွက် အလှူငွေ ကျပ် ၁၅၇၀၀၀ ကိုလည်း သောက်သုံးရေသန့်များ လှူဒါန်းသည့်အဖွဲ့က ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ယခု ရေလှူဒါန်းသည့် အဖွဲ့များအနေဖြင့် နောက်ရက်သတ္တပတ်များတွင်လည်း မြို့နယ်အတွင်းရှိ ရေရှားပါးမှုနှင့် ကြုံတွေ့နေရသည့် ကျေးရွာများသို့ သောက်သုံးရေများကို အလှူရှင်များရှာဖွေ၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း မအီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။ **မောင်မောင်ဌေး (ပြန်/ဆက်)**


တိမ်ကောနေသော ရေကန်ကို ပြန်လည်တူးဖော်နေစဉ်။

# ကုန်းကြမ်းမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်ပြီး မျိုးစပါးများ ထောက်ပံ့ပေးအပ်

**ကုန်းကြမ်း မေ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကုန်းကြမ်းမြို့နယ် ရှောက်ကိုင် ဘက်စုံအဆင့်မြင့်စံပြကျေးရွာ



အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို မေ ၂၁ ရက်က ပြုလုပ်ခဲ့ပြီး မျိုးစပါးများလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကုန်းကြမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်းမြင့်က အမှာစကားပြောကြားပြီး လာမည့် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဘက်စုံစံပြကျေးရွာများ၌ ပိုးမွှားရောဂါများ ကျရောက်မှု မရှိစေရေးနှင့် ငမြှောင်တောင်ပိုး ကျရောက်မှုမရှိစေရန် ဌာနနှင့် တောင်သူများ ပူးပေါင်း၍ ကြိုတင်ဆောင်ရွက်ထားရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မော်ထိုက်မြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းကျော်က မျိုးစပါးများ ထောက်ပံ့ပေးအပ်သည့် ရည်ရွယ်ချက်နှင့် သီးနှံဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးပြောကြားပြီး ကုန်းကြမ်းမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများထံ မျိုးစပါးများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**သိန်း**

# မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်၌ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးအတွက် အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မေ ၂၀ ရက်က ရေတာရှည်လမ်းသစ်လမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မှုခင်းများလျော့နည်းကျဆင်းရေးအတွက် ပြည်သူများသိရှိသင့်သည့်အချက်များ၊ ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးအတွက် မိဘများအနေဖြင့် ရှောင်ရန် ဆောင်ရန်အချက်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်ဝင်းက ဟောပြောခဲ့သည်။

**အာကာစိုး**

**န္ဒွားထိုးကြီး**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များအနေဖြင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူလူထုအား အသိပညာပေး ဟောပြောခြင်းကို ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်က ပဲချက်ကျေးရွာ၌ ပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ဝက်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ခိုင်အေးနှင့် ရဲတပ်ဖွဲ့ဝင်များက ပဲချက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မှုခင်းများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် သတိပြုရမည့်အချက်များနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (တမူး)**

**ခရမ်း**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်မှ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး မှုခင်းရဲတပ်ဖွဲ့၏ ပညာပေးယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောမှုများကို ခရမ်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက မေ ၂၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသော်တာ**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် မေ ၂၁ ရက် ညနေ ၅ နာရီက အလုံမြို့နယ် ဆင်မင်းရပ်ကွက် စည်ပင်လိုင်းဓမ္မာရုံ၌ ဒုတိယရဲမှူး ကျော်ဇင်ထိုက်နှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**သန်းဝင်း**

# ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မေ ၂၃**

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေထုတ်ပြန်ပြီး နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခန့်ထားခြင်း၊ လေ့ကျင့်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အထောက်အကူပြုခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် လိုအပ်သော အရည်အသွေးမြင့် အရာထမ်းများကို ရွေးချယ်ပေးရာ၌ လူမှန်၊ နေရာမှန် (Right Person, Right Place) ဖြစ်စေရေး ယခင် အသုံးပြုလျက်ရှိသော ဝင်ခွင့်ရေးဖြေစာမေးပွဲစနစ်တွင် ပထမအဆင့်အနေဖြင့် Screening Test ကို အသုံးပြု၍ စစ်ဆေးကာ အောင်မြင်သူများကိုသာ ဒုတိယအဆင့် ရေးဖြေစာမေးပွဲကို ဆက်လက်ဖြေဆိုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ❄




ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ သတင်းစဉ်

# ထိုင်းဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာ ဆုတံဆိပ်များဆွတ်ခူး

**ရန်ကုန် မေ ၂၃**

ထိုင်းနိုင်ငံတွင် မေ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော ထိုင်းဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲ (Thailand Open Track & Field 2019) ၌ မြန်မာ ပြေးခုန်ပစ် အားကစားသမားများ ရွှေတစ်ခု၊ ငွေလေးခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် အေးအေးအောင်က မီတာ(၁၅၀၀) (4:55.34) ဖြင့် ရွှေတံဆိပ် တစ်ခု၊ ဆွေလီမြင့်က မီတာ(၈၀၀) (2:15.19) ဖြင့် ငွေတံဆိပ် တစ်ခု၊ အေးအေးအောင်/ဆွေလီမြင့်/သီသီမွန်/အေးအေးသန်းတို့က မီတာ(၄၀၀x၄) (3:58.0) ဖြင့် ငွေတံဆိပ် တစ်ခု၊ အမျိုးသားမီတာ (၃၀၀၀) တားဆီးကျော်တွင် ရှိုင်းအောင်က (9:57.34) ဖြင့် ငွေတံဆိပ် တစ်ခု၊ အမျိုးသားမီတာ (၁၅၀၀)ဇာနည်ထွန်းက (4:01.66)ဖြင့် ငွေတံဆိပ် တစ်ခု၊ သီသီမွန်က မီတာ (၄၀၀) (57.60) ဖြင့် ကြေးတံဆိပ်၊ အေးအေးသန်းက မီတာ (၁၅၀၀) (4:59.74)ဖြင့် ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးသိန်းသန်းနိုင်(အား/ကာ) လက်ထောက် ညွှန်ကြားရေးမှူးနှင့် မြန်မာပြေးခုန်ပစ် အားကစားသမားများသည် ယမန်နေ့ည ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင် (နည်းစနစ်ချုပ်)၊ အတွင်းရေးမှူး ဦးကျော်ထူးအောင်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ သင်တန်းသား၊ သင်တန်းသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အာကာစိုး**




ထိုင်းဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသည့် မြန်မာအားကစားအဖွဲ့ ပြန်လည်ရောက်ရှိလာစဉ်။

# ၂၀၁၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် စတင်

**မော်လမြိုင် မေ ၂၃**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ Myanmar Zwe Mann Co.,Ltd မှ အဓိကကူညီပံ့ပိုးမှုဖြင့် ပြုလုပ်သည့် ၂၀၁၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် (မော်လမြိုင်)ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ ရွှေနတ်တောင် ဂေါက်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ သတ်မှတ်တီခုံပေါ်၌ နေရာယူပြီး အမှတ်(၆၀၆) အမြောက်စစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ဗိုလ်မှူးချုပ် သက်အောင်၊ အမှတ် (၄) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး

*စာမျက်နှာ ၁၂ ကော်လံ ၅* ▼




၂၀၁၉ ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို တာဝန်ရှိသူတစ်ဦးက ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

**မြန်မာနိုင်ငံသားနှစ်ဦး ဆိုင်ကယ်ဖြင့် နိုင်ငံပေါင်း ၃၀ ကျော်ကို ကမ္ဘာလှည့် ခရီးသွားမည်** စာ ၁၂

**ဟိုင်းကြီးကျွန်းမြို့အနီး ပင်လယ်ကမ်းစပ်တွင် လင်းပိုင်တစ်ကောင် သေဆုံးလျက်တွေ့ရှိ** စာ ၁၃

